www.burmeseclassic.com

ဆားပုလင်းရဲခေါင်

နှင့်

ဂုဏ်သင်းသောသွေးစက်များ



BURMESE CLASSIC .com

design : bo bo htoon . 2005

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

တစ်နေ့သ၌ ရန်ကုန်တိုင်း၊ မှော်ဘီခရိုင်အတွင်းရှိ အတော်ကလေးပင် ဝေးလံသီခေါင်လှသည့် 'ကုက္ကိုလ်ပင်' အမည်ရှိ ရွာကလေး၏ ရွာပြင်ဇရပ်သို့ ခရီးသွားလူငယ်တစ်ယောက် ရောက်ရှိလာလေသည်။ လူငယ်သည် ပါလာသော လွယ်အိတ်ကလေးကို ချကာ ဇရပ်အတွင်းရှိ ရေအိုးမှ ရေတစ်ခွက်ခပ်သောက်နေစဉ် ရေလာဖြည့်ဟန်တူသော ရွာသားတစ်ယောက်က ရေထမ်းဖြင့် ရောက်ရှိလာကာ...

''ခရီးသွားထင်ပါ့...''

''ဆိုပါတော့ဗျာ...။ အားလုံးဟာ ခရီးသွားချည်းပါပဲ။ မှ တစ်ထောက်နားတယ် ဆိုပါတော့''



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာကို လာတာလား"

"ဆိုပါတော့ဗျာ..."

"ဘယ်သူ့ဆီ တည်းမှာတုန်းဗျ၊ ဘယ်သူ့ဧည့်သည်တုန်း"

"ဘယ်သူ့ဧည့်သည်ရယ်မှ မဟုတ်ပါဘူး။ အားလုံးရဲ့ ဧည့်သည်ပါပဲ"

"ဟော..."

ရေလာဖြည့်သော အသက်လေးဆယ်ခန့်ရှိ ရွာသားကြီးသည် ဟောခနဲဖြစ်သွားရကာ လူငယ်ကို လူထူးလူဆန်းတစ်ယောက်ပမာ ကြည့်လေသည်။ လူငယ်ကမူ ရွာသားကြီးထမ်းလာသော ရေထမ်းကို ကြည့်ကာ...

"ဦးလေး...။ အဲဒီရေထမ်း ကျွန်တော့်ကိုပေး။ ဦးလေးက မောလာတာ၊ သယ်လာရတာကလည်း ဝေးတာကိုး...။ ခုထိ ရွာရဲ့သောက်ရေတွင်းက သူကြီးရေတွင်းတစ်တွင်းပဲ ရှိတုန်းလားဗျ"

"ဟော..."

ရွာသားကြီးက ပါးစပ်အဟောင်းသားနှင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် လူငယ်က ရေထမ်းကိုဖြုတ်ကာ ရေပုံးများကို ဇရပ်ပေါ် သယ်သွားပြီး သောက်ရေအိုးများကို ဆေးကြော ရေဖြည့်ပေးလေသည်။ လူငယ်၏ လှုပ်ရှားမှုများကို မျက်တောင်မခတ် ပါးစပ်အဟောင်းသားနှင့် ထိုင်ကြည့်နေသော ရွာသားကြီးမှာမူ လူငယ်အား စိတ်ရင်းကောင်းပြီး ကူညီတတ်ရှာသော လူထူးလူဆန်းတစ်ဦးအဖြစ် ထင်မှတ်နေမိလေ၏။

ရေဖြည့်ပြီးသောအခါမှ လူငယ်က ပြန်လာထိုင်ကာ...





"သူကြီးဦးလူကျော်ကော...ကျန်းမာရဲ့လားဗျ"

"ဟုတ်...ဟုတ်...မာပါတယ်"

"အင်း...အသက်ခုနစ်ဆယ်နား နီးနေတာတောင် မာတုန်းကိုး...။ သူကြီးက ကုသိုလ်ကောင်းမှုကလည်း များတာကိုးဗျ"

"ခင်ဗျာ..."

"ဩော်...ဒါနဲ့"

"ဟုတ်ကဲ့..."

"ဦးဝင်းလှိုင်တို့ ဦးတာတီးတို့လည်း ဒီရွာက ထွက်သွားတာ ကြာလှပေါ့နော်...။ ပြန်ကော လာကြသေးလား"

"ကြာပါပြီ...။ ကျုပ်က ဒီရွာသားဆိုပေမဲ့ ဒီရွာမှာ ငယ်ငယ်က အနေနည်းတာကိုး...။ ဒါပေမဲ့ ဦးဝင်းလှိုင်၊ ဦးကြည်ညွန့်၊ ဦးတာတီးတို့ကိုတော့ မြင်ဖူးပါတယ်၊ မရင်းနှီးတာ တစ်ခုပါပဲ။ တစ်ခါမှလည်း ပြန်လာတယ် မကြားမိပါဘူး"

"အင်းလေ...။ ဩော်...မလှဖြူရဲ့သား ကောက်ရ တစ်ယောက်ကောဗျ။ တော်တော်မှ ဆိုးရဲ့လား"

"ခင်ဗျာ...။ အဲ...ဒီကောင်က ဆိုးပေမဲ့ မွေးစားအမေကိုတော့ သိတတ်သားဗျ..."

"ဒါပေါ့လေ...။ မလှဖြူခမြာ ကောက်ရကို အတိုက်အခံပြုပြီး မွေးစားခဲ့ရရှာတာကိုး..."

"ဒါနဲ့..."

"ပြောပါဦး..."

"မင်းက မလှဖြူကို ဘာလို့...ဒေါ်လှဖြူ မခေါ်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရကတောင် မင်းထက် ကြီးဦးမှာ''

''ဩော်...ဒါလား...။ ကျွန်တော် မှားသွားလို့ပါဗျာ။ ခေါ်နေကျ နှုတ်က ကျိုးတယ်ဗျ''

''ဟော...''

''ရွာမှာလည်း ရေဒုက္ခက ကြီးတယ်နော်...။ တောင်ဘက်က ရေတွင်းကြီးကရော ရေပြန်ထွက်သေးလား။ ဒီရေတွင်းက ရေထွက်လိုက်၊ မထွက်လိုက်နဲ့''

''ဟော...ထွက်...အဲ...မထွက်တော့ဘူးကွ...''

''ဒီဘက်က ကျောက်မြေများတော့ ရေမထွက်ဘူးပေါ့ဗျာ''

''ဟုတ်ပ...''

လူငယ်သည် သူ့ကို စူးစမ်းသလို ကြည့်နေသော ရွာသားကြီးကို မသိကျိုးကျွံပြုကာ စဉ်းစားနေလေသည်။

''အင်း...ရွာဦးစေတီပွဲတောင် နီးလာပြီ...။ ကိုသာဒင် မရှိတဲ့နောက် ဒီပွဲကို ဘယ်သူက ဦးဆောင်သလဲ။ လုပ်ကော လုပ်ဖြစ်သေးလား...''

''ဟော...လုပ်...လုပ်ဖြစ်ပါတယ်။ သူကြီးမြေး...သာကျော်က ဦးဆောင်တာပေါ့...။ ဒါနဲ့နေပါဦး မောင်ရင်ရဲ့''

''ဟုတ်ကဲ့...ပြောပါ''

''မင်းကြည့်ရတာ...ဒီရွာသားပုံစံပဲ။ အကုန်သိနေတယ်။ ဒါပေမဲ့ ငါ မင်းကို မသိဘူး။ ငါက ငယ်ငယ်က ရွာမှာမနေခဲ့ပေမဲ့ ငါ မသိတဲ့လူက ရှားပါတယ်။ ခုတော့ ငါ မင်းကို မသိရပါလား''





''ဟားဟား...ထားလိုက်ပါတော့...ကိုမြတ်ကျော်ရယ်။ အကြောင်းကြောင်းကြောင့် သိတယ်လို့ပဲ ထားလိုက်ပါတော့''

''ဟော...''

စတွေ့ကတည်းက ခုထိ စကားပြောရာတွင် တစ်ဦးနှင့်တစ်ဦး မိတ်မဆက်မိသေးဘဲ သူ့ကို နာမည်ခေါ် စကားပြောလာသောကြောင့် ဦးမြတ်ကျော် အတော်ပင် အံ့သြသွားကာ... တခြားရွာမှ သူ့မိတ်ဆွေ၏သား/တူများက လာနောက်နေသလားပင် ထင်မိသွားလေသည်။

''ဩော်...ဒါနဲ့''

''ဘာလဲ...''

''ဦးပဥ္စင်းဦးပညာသာမိကော ရှိသေးလားဗျ...''

''ရှိ...ရှိပါသေးတယ်''

''ဒါဆို လာဗျာ...။ ခင်ဗျားလည်း ရွာဖက်ပြန်မှာ မဟုတ်လား။ ကျွန်တော် ရွာဦးကျောင်းကို လိုက်ခဲ့ဦးမယ်။ ဦးပဥ္စင်းဦးပညာကိုလည်း မတွေ့တာကြာပြီ။ ဝင်ဖူးဦးမှ''

ဦးမြတ်ကျော်ဟူသော ရွာသားကြီးသည် ရေထမ်းကို ကောက်ကိုင်ရင်း လူငယ်ကို ဇဝေဇဝါနှင့် ကြည့်လေသည်။ ထိုလူငယ်၏ပုံစံက အစပိုင်းတွင် သူ့ကို 'ဦး'ဟု ခေါ်သော်လည်း ပြောရင်းပြောရင်း 'ရွယ်တူတန်းတူ'ပမာ ဆက်ဆံပြန်လေရာ...သူမှာ အတွေးရခက်နေလေသည်။ ခုလည်း...ဦးပဥ္စင်းဦးပညာဆီ လိုက်ဦးမလို့တဲ့။

တစ်ဖက်ရွာဦးတွင်ရှိသော ရွာဦးကျောင်းသို့ရောက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ရွာကို ဖြတ်ရလေသည်။

"ရွာကတော့ ဘာမှသိပ်မပြောင်းလဲပါဘူး။ ဟောဟိုက အိမ်သစ်နှစ်အိမ်က အရင်ကမရှိပါဘူး။ ခုမှတိုးလာတာ...။ ဘယ်သူ့အိမ်တုန်းဗျ"

"ဟင်း..."

ဦးမြတ်ကျော်သည် သက်ပြင်းကို လူငယ်မသိအောင်ချကာ ဦးနှောက်ကိုလည်း အပြင်းအထန် အလုပ်ပေးနေမိလေသည်။ စဉ်းစားမရသည့်အဆုံးကျမှ...

"အဲဒါ...ကျွန်တော် လွန်ခဲ့တဲ့သုံးလေးမိုးကမှ ဆောက်ခဲ့တဲ့အိမ်ပဲ။ နောက်တစ်အိမ်က သူကြီးသားမက် ဦးသူရရဲ့အိမ်"

"ဗျာ...ဦးသူရ...ဟုတ်လား။ ဘယ်သူနဲ့အိမ်ထောင်ကျတာလဲ။ မမြစိမ်းနဲ့လား။ မညိုစိမ့်နဲ့လား..."

"ညိုစိမ့်...။ အဲ...မင်းက သိလို့လား..."

"သိတာပေါ့ဗျာ..."

"ဘယ်လိုသိတာလဲ..."

"အကြောင်းကြောင်းကြောင့်ပေါ့ဗျာ..."

"ကဲ...ဒါကျုပ်အိမ်ပဲ...။ ဝင်ဦးမလား။ ကျုပ် ရွာဦးကျောင်း ပို့ပေးမယ်လေ"

လူငယ်ကပြုံးလိုက်ရင်း...

"မဝင်တော့ပါဘူး...။ ဦးပဥ္စင်း ဆွမ်းမစားခင် ဝင်ဖူးရအောင် သွားလိုက်ဦးမယ်။ လိုက်လည်း ပို့မနေနဲ့တော့ဗျာ...။ သွားနေကျပဲ။ ခင်ဗျားတို့ အပိုင်ကွင်းနက်ထဲကနေ ဖြတ်ချလိုက်ရင်





အနီးကလေးကို..."

"ဟေ..."

တအံ့တသြ၊ တထူးတဆန်း၊ ဇဝေဇဝါနှင့် ကျန်ရစ်ခဲ့သော ဦးမြတ်ကျော်ကို လူငယ်က ထိုနေရာမှာပင် ချန်ထားရစ်ခဲ့ကာ ဦးမြတ်ကျော်တို့အပိုင်ကွင်းနက်ထဲမှ လူသိနည်းလှသော ဖြတ်လမ်းကို သုံးကာ ရွာဦးကျောင်းသို့ တရွေ့ရွေ့ ထွက်ခွာလာခဲ့လေသည်။

ရွာဦးကျောင်းသို့ရောက်သောအခါ ကျောင်းဝန်းအတွင်းတွင် တံမြက်စည်းလှဲနေသော ဖိုးသူတော်တစ်ဦးကို တွေ့ရလေရာ လူငယ်က...

"ဟား...ဦးသူတော်ကြီး။ ဦးပဥ္စင်း ရှိလား..."

ဖိုးသူတော်ကြီးသည် သူ့အား တရင်းတနှီး နှုတ်ဆက်လာသော လူငယ်အား ဇဝေဇဝါကြည့်ကာ...

"ရှိ...ရှိပါတယ်။ ကျောင်းပေါ်တက်လေ..."

"ဒေါ်ကျေးယုံကော နေကောင်းလား ဦးသူတော်..."

"ကောင်း...အဲ...ကောင်းတယ်သူငယ်ရဲ့။ မင်းက ဘယ်သူ့သားတုန်း..."

"ကျွန်တော်လား...။ ဦးလှမောင်ရဲ့သားပါ"

လူငယ်ပြောသော ဦးလှမောင်ကို ဖိုးသူတော်ကြီး မသိပါ။ သို့သော်...ဘာမှပြန်မေးချိန်မရလိုက်တော့။ လူငယ်က ကျောင်းပေါ် တက်သွားလေပြီ။

"ဒကာက...ခရီးသွားဧည့်သည်လားကွဲ့"

"တင်ပါ့ဘုရား...။ ခရီးသွားနေတဲ့ဧည့်သည်ပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်...အေး...အေး"

"အရှင်ဘုရား...ဦးပဥ္စင်းလေးဦးပဏ္ဍိတကော ရှိသလား ဘုရား"

"ရှိတယ်ကွဲ့။ ဒကာက ဦးပဏ္ဍိတရဲ့ညီ့သည်လား..."

"မဟုတ်ပါဘူး ဘုရား...။ အားလုံးရဲ့ညီ့သည်ပါ"

"ဟေ..."

ထိုစဥ်မှာပင် ဦးပဏ္ဍိတဝင်လာရာ...ဇဝေဇဝါနှင့် စဉ်းစား မရနိုင် ဖြစ်နေဆဲမှာပင် လူငယ်က စကားလမ်းကြောင်းကို ပြောင်း ကာ ပြောပြန်၏။

"ရေဆန်သစ်အော်ကြီးကော ရှိသေးလားဘုရား"

"ဟေ..."

ဦးပညာသာမိက 'ဟေ'ဟု အသံပြုနိုင်ပြီး ဦးပဏ္ဍိတ ကမူ...

"ဒကာက အဲဒီ ရေဆန်သစ်အော် ဒီကျောင်းမှာရှိတာ ဘယ်လိုသိတာတုန်း..."

"အကြောင်းကြောင်းကြောင့်ပါ ဘုရား"

"ရှိပါတယ်...။ ဘုရားခန်းမှာ ခုထိ ရှိတုန်းပါပဲ"

"ရွာကတော့ မပြောင်းလဲဘူး။ ဒါပေမဲ့ ရွာဦးကျောင်းက တော့ ပြင်ဆောက်ထားတာ တော်တော့်ကို ခိုင်ခန့်နေပြီနော်"

"ဟေ..."

ဒီတစ်ကြိမ်တွင်လည်း ဦးပညာသာမိက 'ဟေ'ဟုသာ ပြောနိုင်၏။ ဦးပဏ္ဍိတကသာ...





"ဟုတ်တယ်...။ ပြန်ပြင်ဆောက်ထားတာ ငါးနှစ်ငါးမိုး တောင် စွန်းနေပြီ ဒကာရဲ့"

"တင်ပါ့ဘုရား..."

ထိုအခါ ဦးပဏ္ဍိတက ကြားဖြတ်၍...

"ဒကာ့ကြည့်ရတာ...ဒီရွာသားလိုပဲ။ ဝင်လာကတည်းက ဦးသူတော်ကို နှုတ်ဆက်တယ်။ ဦးသူတော်အစ်မ ဒေါ်ကျေးယုံကို မာလား မေးတယ်။ နှောင်းလူတွေသိခဲ့တဲ့ ရေဆန်သစ်အော် ဒီကျောင်းမှာရှိတာကို သိတယ်။ ပြီး...အရင်က ဒီကျောင်းကြီး တော်တော်အိုမင်းခဲ့ပြီး ခု ပြင်ထားတာကို သိနေတယ်။ ဒါပေမဲ့ ဒကာ့ကို ဦးပဥ္စင်းတို့ မသိဘူး"

လူငယ် မသိမသာပြုံးနေမိဆဲမှာပင် ကပ္ပိယ လူငယ်လေး တစ်ဦး ဝင်လာ၏။ ကပ္ပိယလေးနှင့် လူငယ်မှာမူ ရွယ်တူခန့်ပင်ရှိ သော်လည်း မသိကြချေ။ ထိုအခါ ဦးပဏ္ဍိတက...

"ဒကာ့ကြည့်ရတာ ပဟေဠိဆန်လိုက်တာ"

"တင်ပါ့ဘုရား..."

"ဒကာကများ တစ်နေရာရာမှာ...ဦးပဥ္စင်းတို့နဲ့ ဆုံခဲ့ဖူးလို့ လား"

"သံသရာကြီးက အရှည်ကြီးဘုရား"

"ဒါပေါ့...ဒကာရယ်"

"အဲဒီသံသရာထဲမှာ...တပည့်တော်တို့ ဆုံခဲ့ဖူးကြလို့ နေမှာပေါ့"

"ဟေ..."



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီသံသရာထဲမှာပဲ တပည့်တော်ဟာလည်း ဦးပဥ္ဇင်းတို့ ထင်သလို ဒီရွာသားဖြစ်ချင်လည်း ဖြစ်ခဲ့ဖူးမှာပဲ။ အဲ...နောက် သံသရာတကွေ့ကွေ့မှာလဲ တခြားတနေနေရာရာမှာ ပြန်တွေ့ချင် တွေ့နေကြမှာပဲ''

''ဒါ...ဒါပေါ့ဒကာ...''

''ဒါပါပဲ ဘုရား''

''ဟော...''

''တပည့်တော်ကို ပြန်ခွင့်ပြုပါဦး ဘုရား''

ဦးပဥ္ဇင်းနှစ်ပါး၊ ကပ္ပိယလေးနှင့် ဖိုးသူတော်ကြီးတို့သည် ထူးဆန်းစွာရောက်ရှိလာပြီး ထူးထူးဆန်းဆန်းစကားများကို ဆိုကာ ဝင်လာစဥ်ကနှင့်မတူဘဲ မျက်နှာ မသိမသာညိုးစွာ ပြန်ထွက်သွားသော လူထူးလူဆန်းခရီးသည်ကလေးကိုကြည့်ကာ တစ်ယောက်နှင့် တစ်ယောက် ဘာစကားမှပင် မဆိုနိုင်ကြတော့ဘဲ မင်သက်ငေးမော အံ့သြ ကျန်ခဲ့ကြလေတော့သည်။

❋ ❋ ❋





## အခန်း[၁]

တစ်နေ့သ၌ ကျွန်ုပ်တို့သည် အင်းစိန် 'CID' မှ ဝါရင့်ဘုံထောက်တစ်ဦးဖြစ်သူ ဦးစန်းလွင်၏မွေးနေ့ကို လိုက်လံ၍ ကောင်းချီးမင်္ဂလာပြုပြီး ညှော်ခံသမျှကို စားသောက်ရန်အတွက် အလုပ်ဆင်းချိန်တွင် တစုတဝေးနှင့် ပျော်ပွဲစားရုံတစ်ခုသို့ ပျော်ပျော်ပါးပါး ဟေးလားဝါးလားနှင့် ရောက်ရှိလာကြလေသည်။

အများသူငါတို့တွေ့လျှင် ကျွန်ုပ်တို့ကို ငွေကြေးလာဘ်လာဘ ရွှင်လန်းလှသော အရာရှိများအဖြစ် ရိပ်မိနိုင်မည်ဖြစ်သော်လည်း အင်းစိန် စီအိုင်ဒီမှ စုံထောက်များဟူ၍တော့ မည်သူကမှ ထင်မိကြမည် မဟုတ်သောကြောင့် ကျွန်ုပ်တို့သည် လူငယ်များပမာ နောက်ကာပြောင်ကာနှင့် တော်ရုံတန်ရုံပင် ပြောမိမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော စကားများကို လုပ်ငန်းခွင်ထဲတွင် မဟုတ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် အမနာပ ပြောဆိုကာ ပျော်ပွဲစားရုံတွင် ဆူညံလျက် ရှိကြလေသည်။

ကျွန်ုပ်တို့အားလုံးဟု ပြောလိုက်ရသော်လည်း ကျွန်ုပ်တို့ ထဲတွင် တစ်ယောက်တည်း ငေါင်စင်းစင်းရှိနေသူမှာ မိတ်ဆွေကြီး ဆားပုလင်းရဲခေါင်ဖြစ်ပြီး သူသည် ဦးစန်းလွင်၏ အင်တင်တင် ဖိတ်ကြားခြင်း ခံခဲ့ရသော ဧည့်သည်တစ်ဦးလည်း ဖြစ်နေလေသည်။ အဘယ့်ကြောင့်ဆိုသော် ဦးစန်းလွင်ကဲ့သို့ အင်းစိန်စီအိုင်ဒီ၏ ဝါရင့် စုံထောက်အရာရှိကြီးတစ်ယောက်အနေနှင့် သာမန် ဆားပုလင်း အဆင့်သာရှိသော ကိုရဲခေါင်ကဲ့သို့ ဝန်ထမ်းလေးတစ်ဦးကို သူ၏ မွေးနေ့အတွက် အရာရှိများနှင့်တန်းတူ ထည့်သွင်းဖိတ်ကြားရန် မလိုမလားဖြစ်မည်မှာ တစ်ပိုင်းအရ မှန်းဆ၍ရပြီး၊ နောက်တစ်ပိုင်း အရမှာလည်း ဆားပုလင်းရဲခေါင်၏ အစွမ်းအစကို မနာလိုမရှုစိမ့် ဖြစ်နေသည့် ဦးစန်းလွင်အဖို့ သူ၏မွေးနေ့တွင် ထိုသို့သောပုဂ္ဂိုလ် မျိုးကို ထည့်သွင်းဖိတ်ကြားရန် လိုလားခြင်း မရှိနိုင်သည်မှာ သာမန် လူပြိန်းတစ်ယောက်၏ အတွေးနှင့်ပင် သဘောပေါက်နိုင်လေသည်။

အစောပိုင်းကာလတွင် ဦးစန်းလွင်သည် သူ၏မွေးနေ့ အတွက် ရုံးအတွင်း၌ လိုက်လံဖိတ်ကြားရာ မင်းကြီးကို စတင်၍ ဖိတ်ကြားခြင်းဖြစ်ပြီး မင်းကြီးက အလိမ္မာနှင့် ငြင်းလွှတ်ကာ ဦးစန်းလွင်အတွက် မွေးနေ့လက်ဆောင်တစ်ခုကို သူတို့၏ အနောက် တိုင်းထုံးစံအရ လှပသေသပ်စွာထုပ်ပိုးပြီး အစေခံတစ်ဦးနှင့်အတူ ပို့ပေးလိုက်ပြီးဖြစ်ရာ ဦးစန်းလွင်သည် ပျော်ပွဲစားရုံထိပင် စောင့်မနေ





ဘဲ ထိုပါကင်ကို ကားပေါ်မှာပင် ဖွင့်ဖြည်ကြည့်ခဲ့၍ လှပသည့် 'သောကြာနတ်သမီး' ရုပ်တုကို တွေ့ရသည့်အတွက်ကြောင့် အရမ်း သဘောကျကာ ကျွန်ုပ်တို့ကိုကြွား ကြွားဝင့်ဝင့်နှင့် ဟန်ရေးပြလျက် ရှိခဲ့၏။

ရုံးခန်းအတွင်း ဖိတ်ကြားရာတွင်မူ မိတ်ဆွေကြီးကိုရဲခေါင်ကို ချန်လှပ်ထား၍ မသိချင်ယောင်ဆောင်နေလေသည်။ သူ ဖိတ်ကြား သည့် နေရာတွင်လည်း အရာရှိများကိုသာ ဖိတ်ကြားခြင်းဖြစ်၍ စင်စစ်အားဖြင့်ပြောရမည်ဆိုလျှင် ဆားပုလင်းရဲခေါင်အဆင့်သာ ရှိသော ကိုရဲခေါင်သည် မဆိုင်သည့်အသွင်ရှိနေသည်မှာ အမှန်ပင် ဖြစ်သော်လည်း အင်းစိန်စီအိုင်ဒီ၏ ဂုဏ်ကိုဆောင်ပြီး ကျွန်ုပ်တို့ အင်းစိန်စီအိုင်ဒီ၏ အရာရှိများကို ကျော်လွှားကာ ခက်ခဲနက်နဲသည့် အမှုများစွာကို စွမ်းစွမ်းတမံ ဖော်ထုတ်ပေးနေသည့် နိုင်ငံကျော် စုံထောက်တစ်ဦးဖြစ်သည့် ကိုရဲခေါင်ကို ဖိတ်ကြားခြင်းမရှိသည်မှာ လည်း တစ်မျိုးတစ်ဖုံ ထူးဆန်းသလိုတော့ ရှိနေလေသည်။

ကျွန်ုပ်ပြောခဲ့ပြီးသည့်အတိုင်း ဦးစန်းလွင်သည် အစပိုင်းတွင် ကိုရဲခေါင်ကို ဖိတ်ကြားခြင်းမပြုဘဲ မသိကျိုးကျွန်ပြုကာ နေခဲ့သည့် အလျောက် ကျွန်ုပ်တို့ကိုသာ ''ဦးအောင်မင်းရေ…ဦးထင်ကြီးရေ'' နှင့်သာ အသံပြုပြီး မြိုင်မြိုင်ဆိုင်ဆိုင်ဖွယ်ဖွယ်ရာရာ စကားတို့ကို ရွှန်းရွှန်းဝေအောင် ပြောကြားပြီး သူ၏ လေဒီကြီးကို ပစ်ထားကာ ကျွန်ုပ်တို့နှင့်အတူ ပျော်ပွဲစားရုံတွင် ပျော်ပါးမည့်အကြောင်းကို ပြောဆိုဖိတ်ကြားပြီးကာမှ ကျွန်ုပ်နှင့်ဦးထင်ကြီး၏ မျက်နှာအနေအရာ ကိုကြည့်ပြီး နောက်တစ်ဖန် စုံထောက်လက်သင်ကလေး ကိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



အောင်၏ မျက်နှာအမူအရာကိုကြည့်ပြီး ကိုရဲခေါင်ကိုမှ မဖိတ်ကြား လျှင် ကျွန်ုပ်တို့လည်း လိုက်မည့်ပုံစံ မရှိသည်ကို ရိပ်စားမိ၍ နောက်ဆုံးတွင် ကိုရဲခေါင်အား...

"ဟော့...ကိုရဲခေါင်"

သူ ထိုကဲ့သို့ခေါ်လိုက်သောအချိန် ၌ ကိုရဲခေါင်က စားပွဲတွင် ထိုင်၍ နတ်သျှင်နောင်ရတုများကို အပြန်ပြန်အလှန်လှန် ဖတ်ရှုလေ့လာနေသည့်အချိန်ဖြစ်ပြီး ဦးစန်းလွင်အား တစ်ချက်မျှသာ မျက်လုံးလှန်ကြည့်ကာ...

"ပြောပါ...ဦးစန်းလွင်"

"အဲ...ဒီညနေ ကျုပ် မွေးနေ့ဗျ"

"သြော်...ဦးစန်းလွင်က ညနေဖက် မွေးတာလား..."

"အာ...မဟုတ်ဘူးလေဗျာ...။ မွေးတာကတော့ မနက် တည်းက မွေးတာပေါ့။ ကျုပ် ပြောနေတာက ညနေကို ကျုပ် မွေးနေ့အတွက် ပျော်ပွဲစားရုံတစ်ခုမှာ အကျွေးအမွေးလုပ်မလို..."

"သြော်...ကောင်းတာပေါ့ဗျာ...ကောင်းတာပေါ့။ ဒါထက် ခင်ဗျား မနက်က ဘာလုပ်ပြီးပြီတုန်း"

ကိုရဲခေါင်စကားကြောင့် ဦးစန်းလွင်သည် မျက်မှောင်ကြုတ် သွားကာ...

"ဘာကို လုပ်ရမှာတုန်း"

"မဟုတ်ဘူးလေ...။ ကုသိုလ်လေး ဘာလေးပေါ့၊ ဘုရား ရှိခိုး၊ အမျှဝေတာတွေ ကိုယ့်မွေးနေ့အတွက်ကိုယ် လုပ်ခဲ့ပြီးပြီ လား..."





"အာ...ဒါကတော့ ကျုပ် မွေးနေ့မဟုတ်လည်း မနက် တိုင်း လုပ်လေ့ရှိတယ်။ အဲဒီအတွက်လည်း ခင်ဗျား ဘာမှ ထူးထူးခြားခြား စိတ်ပူနေစရာ မရှိဘူး..."

ကိုရဲခေါင်သည် ဖတ်လက်စစာအုပ်မှ မျက်လုံးကို မခွာဘဲ ဦးစန်းလွင်အား စံခွန်းချင်းပြောလျက်ရှိနေရာ နောက်ပိုင်းပြောသည့် သူ့စကားသည် အရေးမပါသလိုလိုနှင့် အရေးပါ ထိမိသည့်စကား ဖြစ်ကြောင်း ကျွန်ုပ်အနေနှင့်သော်လည်းကောင်း၊ နံဘေးမှ ကြားနေ ရသည့် ဦးထင်ကြီးအနေနှင့်သော်လည်းကောင်း ခံစားမိလေသည်။

ကိုရဲခေါင်က...

"မဟုတ်ဘူးလေ...။ အဲဒီကုသိုလ်ကောင်းမှုတွေ၊ ဘုရား ရှိခိုးတာတွေ နေ့တိုင်းလုပ်တယ်ဆိုတာက ထားပါတော့။ ကျွန်တော် ပြောချင်တာက ခင်ဗျားကိုမွေးခဲ့တဲ့ မိခင်၊ နောက်... ဖခင် အဲဒါတွေကို ရည်စူးပြီး သေသေချာချာ ကန်တော့ခဲ့ပြီးပြီလား။ နောက်...သူတို့အတွက် အလှူဒါနတစ်ခုခု ပြုခဲ့ပြီးပြီလား။ အဲဒါ မျိုးကို မေးတာပါ"

ထိုအခါ ဦးစန်းလွင်သည် အတန်ငယ် ရှိုးတို့ရှန့်တန့် ဖြစ်သွားလျက် မျက်နှာအမူအယာလည်း အမျိုးမျိုးပြောင်းသွားပြီး ကာမှ သူ၏အမူအယာကို ကမန်းကတန်းပြင်ဆင်ကာ...

"သြော်...ကိုရဲခေါင်ရယ်။ ဒါကတော့ အေးအေးဆေးဆေး လုပ်တာပေါ့"

ဟု ပြောကြားလေသည်။ ထိုကဲ့သို့ လူပေါင်းများစွာနှင့် ဆက်ဆံနေရပြီး လူ့အရိပ်အကဲကို ခတ်နေရသော စုံထောက်များ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ သူ၏မျက်နှာအမူအရာသည် ပျက်ယွင်းနေကြောင်း သိသာကာ၊ သူသည် ကိုရဲခေါင်ပြောကြားသကဲ့သို့ မွေးနေ့မှာ မိခင်နှင့်ဖခင်ကို ကြိုတင်၍ ကျေးဇူးသိမှတ်ပြုခဲ့ခြင်း၊ ရှိခိုးကန်တော့ခြင်းများ မရှိခဲ့ကြောင်း…။ တဖန် ကိုရဲခေါင် ထိုသို့ပြောလိုက်သောအခါမှ ထိုကိစ္စကို သတိရပြီး ထို့အတွက် မလုံမလဲဖြစ်သွားကြောင်း သိသာလေသည်။

မည်သို့ပင်ဖြစ်စေကာမူ လူကြီးလူကောင်းများအဖြစ် ကိုယ့်ကိုယ်ကို သတ်မှတ်ထားသော ကျွန်ုပ်တို့အတွက် ဦးစန်းလွင်၏ ချွတ်ယွင်းချက်ကို မသိချင်ယောင်ဆောင်ကာ ကိုယ့်အလုပ်ကိုသာ ကိုယ်မဲလုပ်နေကြပြီး သူတို့၏ ရှေ့ဆက်ပြောမည့် စကားများကိုသာ မသိမသာနားစွင့်လျက် ကျွန်ုပ်သည်လည်းကောင်း၊ ဦးထင်ကြီးသည် လည်းကောင်း တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြမိကြလေသည်။

ဦးစန်းလွင်က ကိုရဲခေါင်အား စေတနာမပါဘဲ ဖိတ်ကြားရသည့်လေသံမျိုးဖြင့်…

"ခင်ဗျားကြည့်ရတာတော့ အားပုံမပေါ်ပါဘူး။ ကျွန်တော်ဖိတ်လည်း ခင်ဗျားလိုက်နိုင်မယ် မထင်ဘူး။ ဒါပေမဲ့ ဝတ္တရားအရတော့ ခင်ဗျားကို ဖိတ်ရမှာပဲလေ။ ပျော်ပွဲစားရုံမှာ အင်းစိန်စီအိုင်ဒီကမင်းကြီးကလွဲရင် ကျွန်တော့်ဂုဏ်သရေရှိလူကြီးတွေနဲ့အတူ ကျွန်တော်တို့ စားကြ သောက်ကြမယ်။ ဒါနပြုမယ်။ ခင်ဗျား ဆန္ဒရှိရင် လိုက်လာလို့ ရပါတယ်။ ဒီအကြောင်းကို ကျွန်တော်က ခင်ဗျားကို လာပြောတာပါ"





ဟု အထက်စီးဆန်စွာ ပြောဆိုဖိတ်ကြားလေသည်။

ကိုရဲခေါင်သည် သူ၏ထုံးစံအတိုင်း မတုန်မလှုပ်ပုံစံနှင့် ဦးစန်းလွင်၏ စကားကိုလည်း မည်သို့မျှ ခံစားရပုံမပြဘဲ…

"ကျွန်တော်လိုက်ခြင်း၊ မလိုက်ခြင်းဟာ ဦးစန်းလွင်ရဲ့ မွေးနေ့ပွဲမှာ အရေးကြီးနေလို့လားဗျာ"

ထိုစကားကြောင့် ဦးစန်းလွင်သည် ထပ်မံ၍ ရှုံ့တိုးရှုံ့တန့်ဖြစ်သွားကာ…

"ကိုရဲခေါင်…"

"ပြောပါ ဦးစန်းလွင်…"

"ခင်ဗျားစကားက ဘာစကားလဲဗျာ…"

"ဦးစန်းလွင်ရယ်…။ ကျွန်တော်က ခနိုးခနဲ့လုပ် ပြောတတ်တဲ့သူ မဟုတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်။ ဘာဖြစ်လို့ ဒီလိုစကားမျိုးကို ပြန်မေးနေရတာလဲ…။ ကျွန်တော်က ခင်ဗျား လိုအပ်တယ်ဆိုရင် လိုက်ခဲ့ပေးမယ်။ မလိုအပ်ဘူး မလိုက်သင့်ဘူးလို့ ထင်တယ်ဆိုရင်လည်း နေခဲ့ပေးမယ်။ ဒါပေမဲ့ ခင်ဗျား အခုလိုလာဖိတ်တဲ့အတွက်ကြောင့်တော့ ကျွန်တော်က ကျေးဇူးတင်ပေးမယ်။ ဒါပဲမဟုတ်လား"

ဟု…သူ၏နုတ်သျှင်နှောင်ရတုပေါင်းချုပ်ကို ကရှုပ်ရှုပ်ထပ်လှန်ရင်း အေးအေးဆေးဆေး ပြန်လည်ပြောကြားလေသည်။

ဦးစန်းလွင်သည် မတတ်သာ၍ လျှော့ပေးလိုက်ရသောလေသံဖြင့်…

"ဖိတ်ပါတယ်ဗျာ…ဖိတ်ပါတယ်။ ခင်ဗျားလိုက်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့မွေးနေ့ပွဲဟာ ပိုပြီး အဆင်ပြေသွားတာပေါ့ဗျာ။ စည်စည် ကားကားလည်း ရှိတာပေါ့။ နိုင်ငံကျော်စုံထောက်ကြီး ဆားပုလင်း ရဲခေါင်ကတောင် ပါဝင်ပြီးတော့ ဖြည့်ဆည်းပေးသွားတဲ့ မွေးနေ့ဆိုပြီး ကျွန်တော်က ကျွန်တော့်အသိုင်းအဝိုင်းမှာ ပြန်ကြွားဝါလို့ ရတာပေါ့ ဗျာ။ ဟား...ဟား...ဟား''

ဟု...အောက်ကလီအာ ပြောကြားလေသည်။ ကိုရဲခေါင် က စီးကရက်တစ်လိပ်ကို မီးညှိကာ မချိုမချဉ်ပြုံးလျက်...

''ဒါဆိုရင်လည်း ကျွန်တော် လိုက်ခဲ့ပေးပါ့မယ် ဦးစန်းလွင် ရယ်...။ ဒါပေမဲ့ စဉ်းစားပါဦး။ နောက်ဆုံးအချိန်အထိ ကားလူမဆန့် လို့တဲ့ဖြစ်ဖြစ်၊ နောက်ထပ်ကားငှားလို့ မရလို့တဲ့ဖြစ်ဖြစ် ကျွန်တော့်ကို ချန်ထားရစ်ခဲ့တယ်ဆိုရင်လည်း ကျွန်တော် ဘယ်လိုမှ ဗွေမယူပါဘူး။ နောက်ပြီး ဦးစန်းလွင်ရဲ့ မွေးနေ့အတွက်လည်း ထူးခြားတဲ့မွေးနေ့ လက်ဆောင်တစ်ခုကို ဖိတ်သည်ဖြစ်စေ၊ မဖိတ်သည်ဖြစ်စေ ကျွန်တော်ပေးမှာပါ''

ထိုစကားကို ဦးစန်းလွင်သာမက နံဘေးမှ နားထောင်နေ သော ကျွန်ုပ်၊ ဦးထင်ကြီး၊ ကိုလက်ျာ၊ ဦးစိန်ဝင်း၊ စုံထောက် လက်သင်ကလေး ကိုမျိုးအောင်စသည်တို့နှင့်အတူ ဘိလပ်ပြန် ဆရာပိန်သည်လည်း အံ့သြတကြီး စိတ်ဝင်စားကာ တစ်ယောက်ကို တစ်ယောက် မျက်ခုံးပင့်၍ ကြည့်မိကြလေသည်။ ဦးစန်းလွင်ကို ကိုရဲခေါင်က မည်ကဲ့သို့သော လက်ဆောင်မျိုးပေးမည်ဆိုသည်ကို အလွန်အမင်း စိတ်ဝင်တစားဖြစ်ကြကာ၊ လုပ်လက်စ အလုပ်များကို ပင်ရပ်၍ မသိမသာနားထောင်နေသည့်ပုံကိုလည်း အမှုမဲ့ အမှတ်မဲ့





ပင် ပြုမိကြကာ ကိုရဲခေါင်ကို ဝိုင်းကြည့်မိကြလေသည်။

ဦးစန်းလွင်သည်ကား ကိုရဲခေါင်၏စကားကို ကြားသော အခါ ကျွန်ုပ်တို့ထက်ပင် အံ့သြဝမ်းသာဖြစ်သွားကာ မျက်လုံးများ အရောင်တလက်လက်ဖြစ်လျက်...

''ဟာ...ကိုရဲခေါင်ပေးမယ့် လက်ဆောင်ဆိုတာကို ကျုပ် မြင့် စိတ်ဝင်စားပါ့ဗျာ''

ဟု အငမ်းမရ ပြောကြားလေသည်။ ကိုရဲခေါင်က စီးကရက်ကို မီးခိုးများမှုတ်ထုတ်ရင်း ခပ်အေးအေးပြုံးကာ...

''ကဲကဲ...ဦးစန်းလွင်ရေ အပြင်မှာ ကားရပ်သံကြားတယ်။ ကျုပ်ရဲ့အတွေ့အကြုံအရဆိုရင်တော့ ဒါ...မင်းကြီးအပြင်ထွက်ပြီး ပြန်လာတဲ့ကားသံပဲ။ ကိုယ့်စားပွဲကိုယ် ပြန်ထိုင်လိုက်ဦး။ တော်ကြာ မွေးနေ့ရှင်ကို မွေးနေ့မလာဖြစ်တဲ့ညွှန်ကြားရေးမှူးချုပ်ကြီးက ဆူပူကြိမ်းမောင်း နေဦးမယ်''

ဟု သတိပေး ပြောကြားလိုက်လေသည်။

ထိုအခါကျမှ ဦးစန်းလွင်သည် သူ၏စားပွဲတွင် ကပျာ ကယာဝင်ထိုက်လိုက်ပြီး၊ မင်းကြီးရောက်လာသောအချိန်မှာပင် အင်မတန်အလုပ်ရှုပ်နေသောသူတစ်ဦးပမာ ခေါင်းငုံ့၍ ဖိုင်တွဲများကို ဖတ်ရှုကာ အမှုစာရင်းများကို အမျိုးမျိုးမှတ်သားပြလျက် သူ၏ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပြနေလေသည်။

မည်သို့ပင်ဖြစ်စေကာမူ နောက်ဆုံးတွင်တော့ ဦးစန်းလွင် အပါအဝင် ကျွန်ုပ်တို့အားလုံးသည် ပျော်ပွဲစားရုံဟု ဦးစန်းလွင် တဖွဖွပြောနေသည့် ပုစွန်တောင်ဘက်မှ နာမည်ကြီးဟိုတယ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ အုပ်စုလိုက် ရောက်ရှိသွားကြလေသည်။

ထိုညေ့ခံပွဲတွင် ကိုလက်ျာသည် သူ၏နှုတ်ခမ်းမွေးနှင့် ပတ်သက်၍ ဝှံကြွားဂုဏ်ယူသည့် စကားများကို ကျေးမွေးသည်နှင့် မတန်အောင် ပြောကြားသဖြင့် ကျွန်တော်တို့အားလုံး ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက် သည်းခံနေကြရမည်ဆိုသည်ကို အထူးပြောပြဖွယ်ရာ လိုမည်မဟုတ်ချေ။ ကိုရဲခေါင်သည်မူကား... အရာရှိကြီးများကြားတွင် ကာယကံရှင်၏ စိတ်အလိုကို လိုက်လျောသည့်အနေနှင့် ဝင်ရောက်ရောထွေးနေထိုင်ခြင်းမရှိဘဲ၊ ခုံကိုပင်လျှင် စားပွဲမှ ခပ်ခွာခွာထိုင်ကာ စီးကရက်များကိုသာ တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်ပြီး ဦးစန်းလွင်ကျွေးမွေးသည်များကို ဝတ္တရားကျေရုံမျှသာ တို့ကနန်းဆိတ်ကနန်း စားသောက်ပြီး ရုံးမှ ဖတ်လက်စ နတ်သျှင်နောင်ရတုပေါင်းချုပ်ကို ထိုစားပွဲ၌ ထပ်ဖတ်ကာ ကျွန်ုပ်တို့ပြောသမျှ ဦးစန်းလွင်ပြောသမျှ စကားအဝဝတို့ကိုလည်း မကြားသကဲ့သို့ တစ်ကိုယ်တည်း အေးအေးလူလူ ရှိနေလေသည်။

ကျွန်ုပ်တို့ ပျော်ပွဲစားရုံမှ ပြန်ထွက်လာချိန်တွင် ညနေသည် မှောင်ရီပျိုးစဖြစ်နေပြီး မှန်သည့်အတိုင်းပြောရမည်ဆိုလျှင် ပြန်ရမည့်အချိန်ထက် စောသလိုရှိနေသည်မှာ မင်းကြီး၏ကျေးဇူးကြောင့်ပင် ဖြစ်လေသည်။ မင်းကြီးသည် ဦးစန်းလွင်ကို ဘဝင်မကျဘဲ မကြာခဏ ဆဲဆိုကြိမ်းမောင်းသည့်တိုင် အနောက်တိုင်းသားတို့၏ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာအရ ရှေ့တွင်ပြောခဲ့ပြီးသကဲ့သို့ ဦးစန်းလွင်ကို မွေးနေ့လက်ဆောင် အရုပ်တစ်ရုပ်ပေးသည့်အပြင် ရုံးမှ ညေ့ခံပွဲသွားမည့် အုပ်စုအားလုံးကို စောစီးစွာရုံးဆင်းခွင့်





ပြုလိုက်သဖြင့် ထိုကဲ့သို့ပင်လျှင် ကျွန်ုပ်တို့သည် ညနေမှောင်ရီပျိုးစအချိန်တွင် ပျော်ပွဲစားရုံမှပြန်ထွက်ပြီး လမ်းမပေါ်သို့ ပြန်ရောက်နေပြီဖြစ်လေသည်။

ကျွန်ုပ်တို့သည် ကိုယ်ရေးကိုယ်တာအတွက် အင်းစိန်စီအိုင်ဒီမှကားစုတ်ကလေးများကို သုံး၍မရသည့်အလျောက်၊ အငှားကားနှင့် လာကြရသည်ဖြစ်၍ ပြန်အထွက်မှာ အငှားကား ချက်ချင်းမရနိုင်ဘဲ အုပ်စုလိုက်ကြီးပင် လမ်းမပေါ် ဟိုဟိုသည်သည်လျှောက်လျက် လမ်းဘေးဈေးသည်များကို အကဲခတ်ကြည့်ရှုလျက် ရှိလေသည်။

တချို့သည်လည်း မွေးနေ့လက်ဆောင်အဖြစ် ဦးစန်းလွင်ကို တစ်စုံတစ်ရာဝယ်ပေးရန်အတွက် ဈေးတန်းတစ်လျှောက် ဟိုဟိုသည်သည်ငေးမောကြည့်ပြီး...

''နေကြပါဦးဗျာ...။ အေးအေးဆေးဆေး ပြန်ကြတာပေါ့။ အခု ပြန်ဖို့ စောပါသေးတယ်''

''ဟုတ်တယ် စောသေးတယ်...။ ဒီအတိုင်းပဲ လမ်းလျှောက်ကြတာပေါ့''

''ဒါပေါ့...ဒါပေါ့''

ထိုသို့သော သဘောတူညီမှုများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် ဟိုဆိုင်ဒီဆိုင်ဝင်ကာ ပစ္စည်းများဝယ်ယူပြီး ဦးစန်းလွင်ကို မွေးနေ့လက်ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းကြလေသည်။ ထိုအခါတွင် ကျွန်ုပ်တို့မိတ်ဆွေကြီး ကိုရဲခေါင်က မတုန်မလှုပ်ပင် ရှိသောကြောင့် ကျွန်ုပ်အနေနှင့် နေမထိထိုင်မသာဖြစ်ပြီး အရှေ့ငေးနိုးဆုံးလူ



www.burmeseclassic.com

www.burmeseclassic.com



ပီသစွာပင် ကိုရဲခေါင်နားသို့ကပ်၍…

"ကိုရဲခေါင်"

"ပြောပါ…ဦးအောင်မင်း"

"ခင်ဗျားပြောတော့ ဦးစန်းလွင်ကို မွေးနေ့လက်ဆောင် ပေးမယ်ဆို…"

"အင်း…ပြောထားပြီးပြီလေ။ ကျုပ်က ပြောပြီးရင် ဘယ် တုန်းက ပျက်ဖူးလို့တုန်း"

"အခု…ဘာမှလဲ ဝယ်ဖို့ ကြည့်တာရှုတာ မရှိပါလား"

"အင်း…ကျုပ်က သူ့ကိုပေးမယ့်ပစ္စည်းဆိုတာ ခင်ဗျားတို့ ထင်သလို လမ်းဘေးက ဝယ်ပေးမယ့်ပစ္စည်းမှ မဟုတ်ဘဲ"

"အမ်…။ အဲဒါဆိုရင် ခင်ဗျားပေးမယ့်ပစ္စည်းက ကိုယ်ပိုင် ပစ္စည်းထင်တယ်။ ဟုတ်လား…"

"ဒါ…နောက်တော့ တွေ့ရမှာပေါ့ဗျာ"

ကိုရဲခေါင်က ထိုသို့ပင် မတုန်မလှုပ် ပြန်လည်ပြောဆိုပြီး စိတ်ဝင်စားဟန်လည်း သိပ်မပြသည့်အတွက်ကြောင့် ကျွန်ုပ်အနေနှင့် မည်သည့်စကားကိုမှ ဆက်ပြောနိုင်စွမ်းမရှိတော့ဘဲ အများနည်း တူပင် ဟိုဆိုင်ဒီဆိုင်မှာ ငေးမောကြည့်ရှုလျက် ဦးစန်းလွင်ကို မိမိအနေနှင့် မည်သည့်ပစ္စည်းဝယ်ပေးလျှင် ကောင်းမည်လဲဟု ဦးနှောက်ခြောက်အောင် စဉ်းစားနေရလေတော့သည်။

ဦးစန်းလွင်သည်ကား…သူ့အတွက်ရမည့် မွေးနေ့လက် ဆောင်များကို ပစ္စည်းအနေနှင့် ဘာမှမဟုတ်သည့်တိုင်အောင် မည်သူက မည်သို့ဝယ်ပေးမယ်ကို စိတ်ဝင်စားဟန်ဖြင့် ပြုံးပြုံးကြီး





လုပ်ကာ၊ ကျွန်ုပ်တို့အားလုံး၏ လမ်းဘေးဈေးဆိုင်များအပေါ် အကဲ ခတ် လေ့လာကြည့်ရှုလျက် ရှိလေသည်။

ထိုမှတစ်ပါး ကိုရဲခေါင်၏ ခပ်မဆိတ်ဖြစ်နေသော အသွင် အပြင်ကို နားမလည်သလို တစ်ချက်တစ်ချက်မှာ ကြည့်ရှုစဉ်းစား လျက်ရှိကြောင်းကို အတွန့်ချိုးချိုးသွားသည့် သူ့မျက်ခုံးကို ကြည့်ပြီး ကျွန်ုပ် နားလည်နိုင်စွမ်းရှိလျက် ဦးထင်ကြီးနှင့် မျက်လုံးချင်း စကားပြောမိကာ ပြုံးမိပြုံးယောင်ပင် ဖြစ်နေသေးတော့၏။

ထိုအချိန်မှာပင်လျှင် လူစင်စစ်ဖြစ်လျက်က ကြောင်နှုတ် ခမ်းမွေး တပ်ထားသော စုံထောက်ကိုလက်ျာသည်…

"ဗျို့…ဦးစန်းလွင်"

"ဗျာ…ပြောပါ"

"ခင်ဗျားကို ကျုပ် မွေးနေ့လက်ဆောင်အဖြစ် ဆေးဝါး တစ်ခု ဝယ်ပေးမယ်ဗျာ"

"ဘာများတုန်းဗျ။ ယောက်ျားကြိုက်ဆေးဝါးမျိုးလား…"

"အဲ…ဘယ်လိုပြောရမလဲဗျ"

"ဘယ်လိုပြောမလဲဗျာ…။ မြန်မာလိုပဲပြောပေါ့"

"ကဲ…ထားပါတော့…ထားပါတော့။ ကျွန်တော် အခု ခင်ဗျားကိုပေးမှာက စပါးကြီးသည်းခြေဗျ"

"ဘာ…စပါးကြီးသည်းခြေ။ ဟုတ်လား…"

"ဟုတ်တယ်…။ စပါးကြီးသည်းခြေရဲ့ ဆေးဖက်ဝင်တာ တွေကတော့ အများကြီးဗျာ။ ခင်ဗျားလည်း စာထဲမှာ ဖတ်ဖူးမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဦးစန်းလွင်သည် သံသေးသံကြောင့်ဖြင့်...

''အိုး...ကျုပ်လောက်စာဖတ်တဲ့သူ ကျုပ်ပဲရှိတယ်။သိတာပေါ့ဗျ။ စပါးကြီးသည်းခြေက အရမ်းဆေးဖက်ဝင်တဲ့ ပစ္စည်းပဲ။ အသက်ကယ်ဆေးလို့တောင် ခေါ်လို့ရတယ်။ ခင်ဗျားက ကျုပ်ကို အဲဒါ ဝယ်ပေးမယ်။ ဟုတ်လား...''

''ဒါပေါ့ဗျ...ဒါပေါ့။ ကျုပ်မိတ်ဆွေကြီးဆိုတော့လည်း ဝယ်ပေးရမှာပေါ့''

ထိုသို့ပြောကာ သူတို့နှစ်ဦး တဟားဟားရယ်မောလိုက်ကြလေသည်။ ကျန်လူများသည်ကား...ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြသည့်အတွက်ကြောင့် သူတို့၏ရယ်မောသံများကို စိတ်ဝင်တစား မရှိလိုက်ကြချေ။ သို့သော် ကိုလက်ျာက ဘယဆေးဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ပြီး...

''ဟေ့...စပါးကြီးသည်းခြေ ရှိသလား''

ထိုအခါ ဘယဆေးဆိုင်ပိုင်ရှင်က ထိုလူစု၏ ငွေကြေးတတ်နိုင်ပုံကို အထိုက်အလျောက် ခန့်မှန်းမိသည့်အတွက် ပျာပျာသလဲပင် ဦးနှိမ့်ရိုကျိုးသောအမူအယာကို ပြကာ...

''ရှိပါတယ်ဆရာ...။ ရှိပါတယ်''

''မင်းတို့ဟာက စစ်ရဲ့လားကွ''

''စစ်ပါတယ်ဆရာ။ စစ်ပါတယ်''

''ငါက စမ်းကြည့်မှာနော်''

''ဟာ...စမ်းပါဆရာ။ စမ်းပါ''





ထိုသို့ပြောကာ ကိုလက်ျာသည် ဆိုင်ပိုင်ရှင်ထံမှ စပါးကြီးသည်းခြေကို တောင်းယူကြည့်လေသည်။ မှန်သည့်အတိုင်းပြောရလျှင် ကျွန်ုပ်အနေနှင့် စပါးကြီးသည်းခြေကို ကြားရုံသာကြားဖူးပြီး တစ်ခါမှ ဟုတ်တိပတ်တိ မြင်ဖူးသည်မဟုတ်သောကြောင့် ကိုလက်ျာဝယ်ပေးမည်ဆိုသည့် ဦးစန်းလွင်အတွက် မွေးနေ့လက်ဆောင် ထိုစပါးကြီးသည်းခြေကိုလည်း စိတ်ဝင်တစား ဖြစ်မိသည်မှာ အထူးအထွေပင် ပြောနေစရာ မလိုတော့ချေ။

ထို့အပြင် စပါးကြီးသည်းခြေအတုတွေ ပေါများကြောင်း ကြားဖူးနားဝရှိထားပြီး ကိုလက်ျာက အစစ်နှင့်အတုကို မည်သို့မည်ပုံ ခွဲခြားစမ်းသပ်မည်ဆိုသည်ကိုလည်း အမှန်အတိုင်းဝန်ခံရမည် ဖြစ်လေသည်။

''ရော့...ဆရာ။ ဒါ...ဆရာလိုချင်တဲ့ စပါးကြီးသည်းခြေပါပဲ''

ကိုလက်ျာသည် ထိုစပါးကြီးသည်းခြေကို ကြည့်ကာ...

''ကဲ...ဦးစန်းလွင်ရေ။ ခင်ဗျားကို ကျွန်တော် ဝယ်ပေးချင်တာကတော့ ဒါပဲ...။ စပါးကြီးသည်းခြေဆိုတာ ဒါပဲ။ သူ့မှာ အဆိပ်မရှိဘူး။ ညှို့ဓာတ်ရှိတယ်။ တခြားတိရစ္ဆာန်တွေကို သူက ဒါးမျိုစားသောက်တတ်တဲ့အတွက်ကြောင့် ဒီစပါးကြီးသည်းခြေဟာ ဆေးပေါင်းခတဲ့ သည်းခြေလည်း ဖြစ်နေတယ်''

ဦးစန်းလွင်သည် သံသေးသံပြာဖြင့် ပြုံးရွှင်သောမျက်နှာအမူအယာကိုပြကာ...

''ဩော်...တယ်ပြီးနေရာကျသကိုးဗျ။ ကျုပ်လည်း စပါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်းခြေအကြောင်းတော့ ကြားဖူးပါရဲ့။ ဒါပေမဲ့ ဒီလောက် စွမ်းတယ်လို့တော့ မထင်မိဘူး။ နောက်…ဝယ်ရပြုရတဲ့နေရာမှာ ဒီလိုမျိုး အတုအစစ်ကို ခွဲတဲ့နည်းလည်း မသိဘူး"

"ကဲ… ကျုပ် လုပ်ပြမယ်လေ။ ကြည့်ထားကြပေါ့"

"ကောင်းပါပြီဗျာ…ကောင်းပါပြီ"

ထို့နောက် ကိုလက်ျာက နှီးပြားလေးတစ်ပြားကို လှမ်းချိုး ယူလိုက်ပြီး ထိုစပါးကြီးသည်းခြေကို အနည်းငယ်သုတ်လိုက်၏။ ခက်သည်က ထို့နောက် ရေထဲသို့ ပစ်ချရန် ပြင်ဆင်လေသည်။ ခက်သည်က မည်သည့်ရေထဲသို့ ပစ်ချမည်ကို မသိသောကြောင့် ဆိုင်ရှင် ကိုပင်လျှင်…

"ဟော့…ရေတစ်ခွက် ရေအပြည့်နဲ့ ယူလာခဲ့စမ်းပါကွယ်"

"ကောင်းပါပြီ ဆရာ ကောင်းပါပြီ။ ဘာလဲဆရာ… ဒီ နှီးပြားလေးကို စပါးကြီးသည်းခြေမှာသုတ်ပြီး စမ်းမလို့လား…။ ဟုတ်လား…"

"အစစ်ပေါ့"

"ကောင်းပါပြီ…ကောင်းပါပြီ"

ကိုလက်ျာသည် ဆိုင်ရှင်ယူလာသော ရေခွက်နှင့်ရေကို ရေးဦးစွာ လှည့်ပတ်၍ အနီးကပ်ကြည့်ရှုလိုက်သေး၏။ ဆိုင်ရှင်က စပါးကြီးသည်းခြေကို ပြန်သိမ်းမည့်ဟန် ပြုသောကြောင့်…

"ဟော့…ဘာဖြစ်လို့ ပြန်သိမ်းမှာတုန်း။ ထားထားဦးလေ"

"ဩော်…ဟုတ်ကဲ့…ဟုတ်ကဲ့ဆရာ။ မသိဘူးလေ… ကျွန်တော်တို့မှာလည်း ဒီလိုပဲဆရာရဲ့။ ဟဲဟဲ…ဆရာနားလည်မှာ





ပါ။ ဟို…ဆရာတို့ကို မယုံလို့တော့ မဟုတ်ပါဘူး"

ထိုစကားကြောင့် ကိုရဲခေါင်မှအပ ကျွန်ုပ်တို့အားလုံးသည် ဒါးခနဲပင် ဝိုင်းရယ်မိကြလေသည်။ ကျွန်ုပ်တို့ကဲ့သို့ အင်းစိန်စီအိုင်ဒီမှ စုံထောက်များကို လူလိမ်များအသွင် ဆိုင်ရှင်တစ်ယောက်က သံသယဝင်သည်မှာ စေ့စေ့တွေးလေလေ… ရယ်ဖွယ်လိလိ ဖြစ်လေလေပင်။

ကျွန်ုပ်တို့၏ရယ်မောမှုကို ဆိုင်ရှင်က ပြန်ကြည့်ပြီးမှ သူပါ သွားဖြဲလေးနှင့် လိုက်ရယ်ပြီး စပါးကြီးသည်းခြေကို ပြန်ချပေးလေသည်။

ထိုအခါကျမှ ကိုလက်ျာက စပါးကြီးသည်းခြေနံဘေးမှာ ထားထားသော နှီးပြားလေးကိုယူပြီး ရေခွက်ထဲသို့ ပစ်ချလိုက်လေသည်။

"ဟာ…"

"ဟင်…"

"ဩော်…"

"အဲဒီလိုလား"

ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီမှ စုံထောက်အရာရှိကြီးများသည် အထူးအဆန်း အံ့ဩဖွယ်ရာ မြင်ရသော ကလေးသူငယ်များပမာ အာမေဋိတ်သံ အမျိုးမျိုးပြုလုပ်လျက် ရေခွက်ထဲ ခေါင်းဝင်လုနီးပါး အလုအယက်ကြည့်ရှုကြလေသည်။ အဘယ်ကြောင့်ဆိုသော် နှီးပြားလေးသည် ရေထဲတွင် အလိုအလျောက် ကူးခတ်နေသောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အင်း...''

ကိုလက်ျာက ထိုကဲ့သို့ အာမေဋိတ်သံကိုပြုလျက် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး မိန့်မိန့်ကြီးပြုံးကာ...

''ဦးစန်းလွင်...''

''ဗျာ...''

''ဒါ...စပါးကြီးသည်းခြေအစစ်ပဲဗျ...။ အဲဒါ ခင်ဗျားကို ကျုပ် အခု လက်ဆောင်ဝယ်ပေးမယ်ဗျား''

''ဟာ...ကောင်းတာပေါ့ဗျာ။ ဝမ်းသာပါပေရဲ့ ကိုလက်ျာရယ်''

ထို့နောက် ကိုလက်ျာသည် ဆိုင်ရှင်နှင့် အချီအချ စကားပြောကာ ဈေးကို ထိုက်သင့်သလိုဆစ်ယူပြီး နောက်ဆုံးမှာ ထိုစပါးကြီးသည်းခြေကို ဦးစန်းလွင်၏ လက်ထဲသို့ ထည့်ပေးလေသည်။ ဦးစန်းလွင်သည် ကြည်နူးပီတိဖြစ်သောမျက်နှာနှင့်...

''ကျေးဇူးပါဗျာ။ ကျေးဇူးပါပဲ...''

...ဟု သံသေးသံပြာဖြင့် ပြောဆိုလေသည်။ လူစင်စစ်ဖြစ်လျက်နှင့် ကြောင်နှုတ်ခမ်းမွေးတပ်ထားသော ကိုလက်ျာသည် သူ၏ နှုတ်ခမ်းမွေးကို လက်နှင့်သပ်ကာ ထိုကဲ့သို့သော လက်ဆောင်မျိုးကို ဦးစန်းလွင်အား ပေးစွမ်းနိုင်ခြင်းအတွက် သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားစွာ ရှိနေလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့်ဆိုလျှင် မည်သည့်ပစ္စည်းကို ဝယ်ခြမ်းပေးရမည်နည်းဟု စိတ်ထဲမှာ အပြန်ပြန်အလှန်လှန် တွေးတောနေမိလေသည်။ ကျွန်ုပ်တို့မိတ်ဆွေကြီး ကိုရဲခေါင်သည်ကား...





မလှမ်းမကမ်းမှာပင် သူ၏ ယွန်းလွယ်အိတ်ကို လွယ်၍ စီးကရက်မီးခိုးများကို ရှိုက်ဖွာထုတ်ရင်း ကျွန်ုပ်တို့အုပ်စုအား ခပ်ပြုံးပြုံး ကြည့်နေလေသည်။ သူ၏အကြည့်က ကလေးငယ်များ၏ ပျော်ရွှင်ကြည်နူးမှုကို ချီးကျူးကျေနပ်နေသော လူကြီးတစ်ယောက်၏ ပြုံးယောင်ယောင်အကြည့်မျိုးပင် ဖြစ်နေလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် ထိုဆိုင်ကလေးမှ ထွက်၍ တခြားဆိုင်ကလေးများကို လှည့်ပတ်ကြည့်ရှုရာတွင် ဘယဆေးဆိုင်နောက်တစ်ဆိုင်နှင့်ပင် ထပ်မံတိုးပြီး မျှော်လင့်မထားဘဲ ဘိလပ်ပြန်ဆရာပိန်က...

''ကဲ...ဦးစန်းလွင်ရေ''

''ဗျာ...ဆရာပိန်''

''ခင်ဗျားကိုလည်း ကျုပ်က လက်ဆောင်တစ်ခု ဝယ်ပေးရလိမ့်မယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့ဆရာပိန်။ ပြောပါဦး...''

''ကိုလက်ျာက ခင်ဗျားကို စပါးကြီးသည်းခြေ ဝယ်ပေးတယ်ဆိုတော့ ကျုပ်က ခင်ဗျားကို...''

ထို့နောက် မည်သည့်စကားကိုမှ မပြောဘဲ ရပ်ထားကာ ခပ်ပြုံးပြုံးကြည့်နေသောကြောင့် ဦးစန်းလွင်သည် အသည်းတယားယားဖြစ်လာသည့်ဟန်နှင့်...

''ဆက်ပြောလေ ဆရာပိန်ရဲ့''

ထိုအခါ ဆရာပိန်က မချိုမချဉ်အပြုံးနှင့်အတူ...

''ကျုပ်က ခင်ဗျားကို မိုးကြိုးသွား ဝယ်ပေးမယ်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ...။ မိုးကြိုးသွား..."

"အင်း...ဟုတ်တယ်။ မိုးကြိုးသွား"

"အဲဒီ မိုးကြိုးသွားကရော...ဘာကောင်းသတုန်းဗျ"

"အာ...မိုးကြိုးသွား ကောင်းပုံတွေကလည်း စပါးကြီးသည်းခြေလိုပါပဲဗျာ...။ အများကြီး အစွမ်းကာက်ပါတယ်။ ဒါကို နောက်တော့ ပြောပြပါ့မယ်။ ဘာမှအစွမ်းမယ..ရင် ဒီ မိုးကြိုးသွား ဆိုတဲ့အရာဟာ ဒီလောက်ထိ နာမည်ကြီးလာစရာအကြောင်း မရှိဘူးလေ...။ ဟုတ်တယ် မဟုတ်လား..."

ထို "ဟုတ်တယ်မဟုတ်လား" ဆိုသောစကားသည် ဦးစန်းလွင်ကို ရည်ရွယ်ခြင်းမဟုတ်ဘဲ ကိုလက်ျာကိုလှည့်ပြီး ပြောခြင်းဖြစ်လေသည်။ မိုးကြိုးသွားသည် စပါးကြီးသည်းခြေထက် ပို၍ရှားပါးသလော မပြောတတ်ဘဲ၊ ကိုလက်ျာသည် ဆရာပိန်က သူ့ထက်သာသည့် လက်ဆောင်ကို ပေးစွမ်းနိုင်သည့်အတွက်ကြောင့်ပင် တစ်ဖက်မှ မလွန့်ဆန်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသည်ကို ငဲ့ညှာထောက်ထားသောအားဖြင့် "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်" ဟု အောင့်သက်သက်ပြန်လည်ပြောကြားသည်ကို ကျွန်ုပ်တို့ နားနှင့် ဆတ်ဆတ်ကြားရလေသည်။

ဘိလပ်ပြန်ဆရာပိန်သည်လည်း ကိုလက်ျာကဲ့သို့ပင် ဘယဆေးဆိုင်ရှင်နှင့် အချီအချစကားပြောပြီး မိုးကြိုးသွားကို ထုတ်ပြနိုင်လေသည်။ သူက ဆိုင်ရှင်ပေးလာသည့် မိုးကြိုးသွားကို ဦးစန်းလွင် အပါအဝင် ကျွန်ုပ်တို့အားလုံးအား လှည့်ပတ်၍ ပြလေသည်။ ပုဆိန်ပုံစံလေးတစ်ခုနှင့်တူသော အရာဝတ္ထုလေးတစ်ခုအဖြစ်သာ





ကျွန်ုပ်မျက်စိထဲ၌ မြင်မိလေသည်။ သို့သော်လည်း သူ၏အစွမ်းအစက မသေးသည်ကို ကြားဖူးနားဝရှိထားသောကြောင့် တအံ့ဘသြနှင့်ပင် ခေါင်းတညိတ်ညိတ်ပြုလျက် ဦးထင်ကြီးအား မေးဆတ်ပြကာ... 'ဒီပုံစံအတိုင်းဆို ကျုပ်တို့ ဘယ့်နှယ့်လုပ်ကြရပါ့မလဲ၊ ဘာဝယ်ပေးကြရပါ့မလဲ' ဟူသော မျက်လုံးမျိုးနှင့် လှမ်း၍ ကြည့်လေသည်။ ဦးထင်ကြီးက သူ့ထုံးစံအတိုင်းပင် ကျွန်ုပ်အား ပုခုံးတွန့်လျက် လက်ဝါးနှစ်ဖက်ကို မသိမသာ ဖြန့်ပြလေသည်။

အနောက်တိုင်းကားများထဲမှ အချို့သောရုပ်ရှင်မင်းသားများ၏ ပုံစံနှင့် တူနေသောကြောင့် သူ့အသွင်သဏ္ဌာန်ကို ဆိုင်ရှင်က တစ်ဖက်လှည့်၍ ပြုံးယောင်ပြုလေသည်။

ဘိလပ်ပြန်ဆရာပိန်က ဆိုင်ရှင်အား...

"ဟော့...မင်းတို့မှာ ဆန်ရှိသလား"

"ဗျာ...။ ဆန်..."

"အေးလေ...။ မင်းတို့မှာ ဆန်ရှိသလားလို့ မေးနေတာ"

"အင်း...ရှိ...ရှိတော့ ရှိပါတယ်။ ဘာလုပ်မလို့လဲခင်ဗျ"

"အာ...ဒီမိုးကြိုးသွား အစစ်လား၊ အတုလားဆိုတာ ငါ စမ်းကြည့်ရဦးမယ်လေ..."

"ဗျာ...အဲဒါကို ဆန်နဲ့စမ်းလို့ ရလို့လား"

"အား...ရတာပေါ့ကွာ...။ ဘာဖြစ်လို့လဲဆိုတော့ ဒီရှေ့မှာ ကြက်ရှိတယ်လေ"

ဆိုင်ရှေ့တွင် သူ့ဘာသာ မြေကြီးကို ခြေထောက်နှင့်ယက် နှုတ်သီးနှင့်ကောက်၍ အစာရှာဖွေစားသောက်နေသည့် ကြက်သားမ



www.burmeseclassic.com

www.burmeseclassic.com



အုပ်အား လှမ်းညွှန်ပြကာ ဘိလပ်ပြန်ဆရာပိန်က ဆိုင်ရှင်ကို ထိုကဲ့သို့ ခပ်ကြွားကြွား ပြန်ပြောလိုက်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်အနေနှင့်မူကား မည်သည့်အကြောင်းကြောင့်ဆိုသည်ကို နားမလည်နိုင်အောင် ဖြစ်နေရလေသည်။

ဆိုင်ရှင်သည်လည်း ကျွန်ုပ်ကဲ့သို့ပင် နားလည်ရခက်သော အမူအယာမျိုးနှင့်...

"ကောင်းပါပြီ၊ ကောင်းပါပြီ"

...ဟု ဆိုကာ ဆန်ကို သွား၍ယူလေသည်။

"ဟော့...ဒီအတိုင်း ဆန်ကို လက်ဆုပ်ထဲ ထည့်လာခိုင်းတာ မဟုတ်ဘူးလေကွာ...။ ဆန်ကောမရှိဘူးလား။ ဆန်ကောထဲ ထည့်လာခဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ခင်ဗျ..."

ဆိုင်ရှင်သည် အတွင်းဘက်သို့ ထပ်မံဝင်ရောက်သွားကာ... ကျွန်ုပ်တို့၏လက်ထဲ (အထူးသဖြင့် ဘိလပ်ပြန်ဆရာပိန်၏လက်ထဲ) ရောက်နေသော သူ့မိုးကြိုးသွားကိုလည်း စိတ်မချသလို တစ်ချက်တစ်ချက်လှည့်ကြည့်ပြီးမှ ဆန်ကောထဲ ဆန်ထည့်လာပြီး ဆိုင်ရှေ့သို့ ပြန်ထွက်လာလေသည်။

ထိုအချိန်တွင် ဘိလပ်ပြန်ဆရာပိန်သည် ကျွန်ုပ်တို့ နားမလည်နိုင်သော ကိစ္စတစ်ခုကို ပြုမူလေသည်။ ထိုမိုးကြိုးသွားလေးကို ဆန်များအောက်သို့ မသိမသာဝှက်ထည့်လိုက်ပြီး ကြက်သားမအုပ်အနီးသို့ ထိုဆန်ကောအား သွားထားလေသည်။ ဆန်ကို မြင်သောကြောင့် ကြက်သားမအုပ်သည်ဝမ်းသာအားရနှင့် ဆန်ကော





ထဲမှဆန်များကို ကောက်ယူ စားသောက်မည်ပြုပြီးမှ တွန့်ခနဲဖြစ်သွားကာ ဆန်ကောနားသို့ပင် မကပ်တော့ဘဲ ခပ်လှမ်းလှမ်းသို့ ပြန်လည်ထွက်ခွာသွားသည်ကို အံ့ဩဖွယ်ရာ၊ မယုံနိုင်စရာ တွေ့ရပြန်လေသည်။

ထိုအခါကျမှ ဘိလပ်ပြန်ဆရာပိန်က ကျေနပ်အားရသောလေသံနှင့်...

"အင်း...ဒါဆိုရင်တော့ ခင်ဗျားရဲ့ မိုးကြိုးသွားက အစစ်ပဲဗျို့"

"ဟုတ်...ဟုတ်...ဟုတ်ကဲ့...ဆရာကြီးအနေနဲ့ ဘယ်လိုစမ်းသပ်တာပါလဲခင်ဗျာ"

"အင်း...မိုးကြိုးသွားစစ်တယ်ဆိုလို့ရှိရင် အဲဒီလို ဆန်ကောအောက်မှာမြှုပ်ပြီး ကြက်ကို ကျွေးကြည့်လေ။ အဲဒီဆန်ကို ကြက်က မစားဘူးဗျ"

"ဩော်...ဒီလိုလား။ ကျွန်တော်တောင် မသိဘူး ဆရာကြီးရယ်။ ဆရာကြီးတို့က ဗဟုသုတစုံလိုက်တာ..."

"ဩော်...ဒီလောက်တော့ ရှိရမှာပေါ့ဗျာ...။ ဟဲ...ဟဲ ဟဲ...ဟဲ"

ထိုသို့ ဘိလပ်ပြန်ဆရာပိန်က 'ဟဲဟဲဟဲဟဲ' ဟု ရယ်သောအခါတွင် ဦးစန်းလွင်ကလည်း သူ၏ သံသေးသံပြာနှင့် 'ဟဲဟဲ'ဟု လိုက်လံရယ်မောရ၍ ကိုလက်ျာကလည်း မကောင်းတတ်သဖြင့် ရယ်မောရသောအသံနှင့် 'ဟဲဟဲ'ဟု လိုက်လံရယ်မောရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၊ ဦးထင်ကြီး၊ ဦးစိန်ဝင်း၊ စုံထောက်ကလေးကိုမျိုးအောင်နှင့် ကိုရဲခေါင်တို့ကမူကား ခပ်ပြုံးပြုံးနှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ သူတို့၏လှုပ်ရှားမှုကို စောင့်ကြည့်နေရလေတော့သည်။

ထို့နောက် ဘိလပ်ပြန်ဆရာပိန်သည်လည်း ကိုလက်ကျာကဲ့သို့ပင် ဆိုင်ရှင်နှင့် အပြန်အလှန်အားဖြင့် ပြောဆိုပြီး ဈေးစကားကို နှစ်ဦးနှစ်ဖက်သဘောတူညီမှုရသည်အထိ ပြောဆိုဆစ်ပြုကာ ထိုမိုးကြိုးသွားလေးကို ဦးစန်းလွင်အတွက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးလိုက်လေသည်။

ဦးစန်းလွင်သည် အလွန်အင်မတန် ကျေနပ်အားရနေသော မျက်နှာနှင့် ဘိလပ်ပြန်ဆရာပိန်အား 'ဤမွေးနေ့လက်ဆောင်အတွက် ကျေးဇူးတင်ခြင်းသည် နှစ်တစ်ရာတိုင်တည်ပါလိမ့်မည်' ဟူသော မပီကလာပီကလာ အင်္ဂလိပ်စကားကို အသုံးပြုကာ ရွှန်းရွှန်းဝေ ပြောကြားလျက်ရှိလေသည်။

ထို့နောက် ကျွန်ုပ်တို့အုပ်စုသည် ဆက်လက်၍ လမ်းအတိုင်းဆီတက်လာလေရာ တစ်နေရာအရောက်တွင် စုံထောက်လက်သင်ကလေး ကိုမျိုးအောင်က...

''ခဏ...ခဏရပ်ပါဦးခင်ဗျ''

''ဘာဖြစ်လို့တုန်း''

''ဩော်...ဦးစန်းလွင်ကိုချည်း လက်ဆောင်ပေးနေလို့ ဘယ်ဖြစ်မလဲဗျ။ ဦးစန်းလွင်မွေးနေ့ဆိုပြီး ဦးစန်းလွင်ရဲ့ လေဒီကြီးအတွက်ပါ ပေးရမှာပေါ့''

''ဩော်...ဟော်ဟော်...။ ဟုတ်ပဗျာ...။ ဟုတ်ပ...''





ဘိလပ်ပြန်ဆရာပိန်က စတင်၍ ထိုကဲ့သို့ရယ်မောရာ ကိုရဲခေါင်မှအပ ကျွန်ုပ်တို့အားလုံးသည်လည်း လိုက်လံ၍ ရယ်မောမိကြပြီး ကိုမျိုးအောင်၏ မျက်လုံးအာရုံကျရာသို့ လှမ်းကြည့်လိုက်ရာ သနပ်ခါးတုံးများအစီအရီရောင်းချနေသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရလေသည်။

''အား...ကောင်းလိုက်တဲ့ သနပ်ခါးတုံးကြီးတွေဗျာ''

''ဟုတ်တယ်...။ ဒါကြောင့် ဦးစန်းလွင်ရဲ့ လေဒီကြီးအတွက် ကျွန်တော် အဲဒါလေး လက်ဆောင်ဝယ်ပေးမလားလို့''

''အင်း...ကောင်းတာပဲဗျာ။ အိမ်ပြန်ရောက်ရင် မိန်းမကို မျက်နှာလုပ်လို့ ရတာပေါ့။ ဒါလည်း ကောင်းတာပဲဗျ''

ထိုညနေတွင် ဦးစန်းလွင်အဖို့ ပါးစပ်ပိတ်ရသည်မရှိဘဲ တဟဲဟဲနှင့် သွားကလေးဖြဲကာ သဘောကျနေသည်ကိုသာ ကျွန်ုပ်တို့အနေနှင့် မျက်စိထဲတွင် နောက်နှစ်ပိုင်းများစွာတိုင်အောင် မှတ်မိနေမှာ သေချာနေသေးတော့၏။

ကိုမျိုးအောင်သည် သနပ်ခါးတုံးများကို ဆိုင်ပိုင်ရှင်နှင့် အချီအချဈေးဆစ်ပြီး မဝယ်မီညှိနှိုင်းလျက် ရှိလေသည်။ သနပ်ခါးတုံးများသည် ထင်သည်ထက်ပို၍ ဈေးကြီးနေပြီး ကိုမျိုးအောင်လည်း မတော်တဆဖြစ်တတ်သော လူတို့၏သဘာဝအရ ငွေကြေးမလုံလောက်ဖြစ်နေသည်ကို ကိုစိန်ဝင်းက နံဘေးမှရိပ်မိကာ...

''ဟေ့ဟေ့...ကိုမျိုးအောင်''

''ဗျ''

''ခင်ဗျားနဲ့ကျွန်တော်...ဒီသနပ်ခါးတုံးကို စပ်တူဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရအောင်ဗျာ''

''ဟုတ်...ဟုတ်...ဟုတ်ကဲ့''

''မကောင်းဘူးလား''

''အဲဒါလည်း ကောင်းပါတယ်ဆရာ''

''ကျုပ်တို့က သူတို့လိုမှ သူဌေးမဟုတ်တာဗျာ...။ နှစ်ယောက်စပ်ပြီး ဒီသနပ်ခါးတုံးကို ဝယ်ပေးရမှာပဲ။ ဒါပေမဲ့ ဦးစန်းလွင်အနေနဲ့ ဒီ့အတွက် ဝေမယူပါဘူးလို့ ယူဆပါတယ်။ ဟုတ်တယ် မဟုတ်လားဗျ''

ဦးစိန်ဝင်းက စုံထောက်ကလေးကိုမျိုးအောင်ကို ပြောနေရာမှ မြားဦးလှည့်ပြီး ဦးစန်းလွင်ကို ထိုသို့ပြောကြားလေရာ ဦးစန်းလွင်က မည်သို့ပင်ဖြစ်စေ ကျေနပ်ပါသည်ဟူသောအမူအရာဖြင့်...

''ရပါတယ်ဗျာ...ရပါတယ်...။ စေတနာက အဓိကပါပဲ''

ဟု ဓမ္မကထိကလေသံနှင့် ပြန်လည်ပြောကြားလေသည်။

ထိုသို့ဖြင့်ပင် ကိုမျိုးအောင်နှင့် ဦးစိန်ဝင်းတို့သည် နှစ်ယောက်စပ်ပြီး ဦးစန်းလွင်အား သနပ်ခါးတုံးအချို့ ဝယ်ယူပေးလိုက်လေသည်။ ထိုတောက်လျှောက်တွင် ဦးစန်းလွင်သည် ပစ္စည်းပစ္စယများကို မနိုင်မနင်းပင် ကိုင်၍ ပြန်ရလေသည်။

ကျွန်ုပ်နှင့်ဦးထင်ကြီးတို့မှာမူကား မည်သည့်ပစ္စည်း ဝယ်ပေးရပါ့ဟု ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စာအုပ်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အိမ်တစ်အိမ်တွင် ရှိသင့်ရှိထိုက်သည့် ရှေးဟောင်းကျမ်းစာအုပ်တချို့ကို ဝယ်ယူ၍ ဦးစန်းလွင်အား လက်ဆောင်ပေးလိုက်လေသည်။





ကျွန်ုပ်တို့၏မိတ်ဆွေကြီး ကိုရဲခေါင်သည်မူကား ထူးခြားသည့်လက်ဆောင်ကို ပေးမည်ဟု ဦးစန်းလွင်အား ကတိပေးထားသည့်ပိုင် တုတ်တုတ်မျှမလှုပ်ဘဲ ထိုတစ်လမ်းလုံးတွင် စကားလည်းသိပ်မပြောဘဲ ငြိမ်သက်စွာ လိုက်ပါလာလေသည်။

မည်သို့ပင်ဖြစ်စေကာမူ ကိုရဲခေါင်၏ ကတိတစ်လုံးအပေါ် တည်ကြည်မှု၊ နိုင်ခန့်မှုတို့ကို နားလည်ထားပြီးဖြစ်သည့် ဦးစန်းလွင်အပါအဝင် ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီမှ စုံထောက်အရာရှိတစ်စုလုံးသည် ထိုအပေါ်တွင်သံသယမရှိဘဲ မနက်ဖြန် သို့မဟုတ် တစ်ရက်ရက်တွင် ပေးလာမည့် ကိုရဲခေါင်၏လက်ဆောင်ကို မသိနိုးနားစိတ်ထဲမှာ ဝင်စားလျက် ရှိကြလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

နောက်တစ်နေ့မနက် အင်းစိန်စီအိုင်ဒီရုံးတွင် ယမန်နေ့မှ မွေးနေ့ရှင် ဦးစန်းလွင်နှင့် ကျွန်ုပ်တို့တစ်စုလုံး ပြန်လည်ဆုံတွေ့ကြရာတွင် ဦးစန်းလွင်သည် သံသေးသံပြာကို တစ်ချက်မှ မထုတ်လွှတ်နိုင်ဘဲ မသာယာသောမျက်နှာနှင့် ညှိုးငယ်စွာရှိပြီး၊ ကျွန်ုပ်တို့ဘက်ကို မကြည့်ဘဲ ခပ်မဆိတ် နှုတ်ဆိတ်နေလေသည်။

မည်သို့သောအကြောင်းကြောင့် သူ ထိုသို့ဖြစ်နေမှန်းကို မရိပ်စားမိသော်လည်း ကျွန်ုပ်တို့သည် သူ၏သံသေးသံပြာကို မကြားရလျှင် ပြီးရောဟူသောသဘောနှင့် ဘာသိဘာသာ ဆက်လက်နေထိုင်ကြကာ ကိုယ့်လုပ်စရာရှိသည်များကိုသာ ကုန်းလုပ်ပြီး တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကျွန်ုပ်တို့ဆိုသည့်အထဲတွင် ကိုရဲခေါင်၊ ဦးထင်ကြီးနှင့် ကျွန်ုပ်တို့က ထိပ်ဆုံးမှဖြစ်ဖြစ်ပြီး ကိုလက်ျာက ဘိတ်ဆုံးမှ ဖြစ်နေသဖြင့် အချိန်အတန်ငယ် ကြာမြင့်လာသောအခါ သူ့ခမျာ အောင့်အည်းနိုင်စွမ်း မရှိတော့ဘဲ ဦးစန်းလွင်ကို…

"ဗျို့…ဦးစန်းလွင်"

"ဟင်"

ဦးစန်းလွင်သည် ရွှင်လန်းတက်ကြွမှုမရှိဘဲ စိတ်ဝင်စားဟန် တစိုးတစိမှမရှိသောမျက်နှာနှင့် ကိုလက်ျာကို မကြည့်ချင်ကြည့်ချင် မျက်လုံးထောင့်ကပ်ကြည့်ကာ ထိုသို့ ပြန်လည်အသံပြုလေသည်။ ကိုလက်ျာက စိုးရိမ်ပူပန်သော မျက်နှာအမူအရာကိုပြလျက် သူ၏ ကြောင်နှုတ်ခမ်းမွေးကို လက်နှင့်ပွတ်သပ်ပြီး…

"ခင်ဗျား ဘာတွေမှိုင်နေတာတုံးဗျ"

"မမှိုင်ပါဘူးဗျာ…မမှိုင်ပါဘူး"

"ကျွန်တော်တို့ကိုများ စိတ်ခုနေသလား"

"မခုပါဘူးဗျာ…မခုပါဘူး"

"ပြောစရာရှိရင် ပြောလေဗျာ"

"မရှိပါဘူးဗျာ…မရှိပါဘူး"

ထိုကဲ့သို့ ဦးစန်းလွင်က ကိုလက်ျာပြောသမျှကို ပိတ်၍ငြင်း နေသောကြောင့် ကိုလက်ျာသည်လည်း…

"မဟုတ်ပါဘူး။ ခင်ဗျား တစ်ခုခုဖြစ်နေပါတယ်"

"မဖြစ်ပါဘူးဗျာ…မဖြစ်ပါဘူး"

"ဖြစ်ပါတယ်…။ ဟုတ်ပါတယ်…"





"မဟုတ်ပါဘူးဗျာ…မဟုတ်ပါဘူး"

ကိုလက်ျာသည် မည်သို့မျှမတတ်နိုင်တော့သော ပုံသဏ္ဌာန် ဖြင့် နံဘေးမှာရှိနေသော ကျွန်ုပ်တို့ကို အကူအညီတောင်းသလို လှမ်းကြည့်သော်လည်း မည်သူကမှ ဝေဖန်ပြောဆိုနိုင်စွမ်းမရှိဘဲ တစ်ယောက်မျက်နှာတစ်ယောက် အသီးသီးပြန်ကြည့်ပြီး မသိမသာ ခေါင်းခါပြမိကြလေသည်။

ထိုကဲ့သို့ ကျွန်ုပ်တို့အားလုံးပြောခဲ့သည့်အထဲတွင် စုံထောက် အရာရှိများကိုသာဆိုလိုပြီး အရာရှိမဟုတ်သည့် ကိုရဲခေါင်က ကျန်ခဲ့ သည့်အတွက်ကြောင့် ကိုရဲခေါင်က သူ့ပုံစံအတိုင်း မည်သို့မျှခံစား ရပုံမပေါ်သည့် မျက်နှာအမူအရာဖြင့် အေးအေးလူလူ ရှိနေကြောင်း ကို အထူးအထွေပြောနေစရာပင် လိုအပ်တော့မည်မထင်ပါ။

ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့၏ စကားဝိုင်းကလေးသည် အလိုအလျောက် တိတ်ဆိတ်သွားပြီး အခန်းတွင်းရှိ လူတို့၏ ထိုင်သံထသံ စာရွက်လှန်သံစသည်တို့ကိုသာ ကြားနေရတော့သည်။ အတန်ကြာမှပင်လျှင် ကိုရဲခေါင်က…

"ဗျို့…ဦးစန်းလွင်"

"ဗျာ…"

ဦးစန်းလွင်က ကိုရဲခေါင်၏ခေါ်သံကို ညှောင်နာနာနှင့် ပြန်ထူးလေသည်။ နဂိုကတည်းကမှ သံသေးသံပြာနိုင်လှသော ဦးစန်းလွင်က ညှောင်နာနာဖြစ်နေခြင်းသည် အတော်ပင်နားကလော ဖွယ်ရာ ဖြစ်နေသည်။ ကျွန်ုပ်တို့အနေနှင့်မူကား ဘာသိဘာသာ နေတတ်သည့် ကိုရဲခေါင်က ဦးစန်းလွင်ကို အဘယ်ကြောင့် ထိုကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ စကားခံ ပြုရသနည်းဆိုသည်ကို စိတ်ဝင်တစားဖြစ်နေသည်။

ကိုရဲခေါင်က ဦးစန်းလွင်ကို မျက်နှာကြည့်၍ ခေါ်နေခြင်း မဟုတ်ဘဲ၊ သူ့ဘာသာ စာရွက်စာတမ်းများကို လှန်လှောနေရင်း လှမ်းခေါ်ခြင်းဖြစ်သဖြင့် မျက်နှာအမူအရာကလည်း ထုံးစံအတိုင်း ခန့်မှန်းရခက်သည့်အနေအထားမှာရှိကာ ကာယကံရှင် ဦးစန်းလွင် ပင်လျှင် ကိုရဲခေါင် မည်သည့်စကားပြောမည်မှန်း မသိဘဲ နားဝေ တိမ်တောင်နှင့် နားထောင်စောင့်စားနေသည်။

ကိုရဲခေါင်က...

"ဦးစန်းလွင် အတော်စိတ်ညစ်နေသလား"

"ဗျာ..."

"စပါးကြီးသည်းခြေအတုနဲ့တွေ့လို့ စိတ်ညစ်နေတယ်"

"ဗျာ...။ ကိုရဲခေါင် ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတာပေါ့ဗျာ"

"ဘယ်တုန်းက သိတာတုန်း"

"မနေ့ကတည်းက သိတာပေါ့ဗျာ"

"ဗျာ..."

သူတို့၏ ထိုအပြန်အလှန်စကားများကြောင့် ကျွန်ုပ်တို့ အားလုံး မျက်လုံး၊ မျက်ဆံပြူးသွားကြရပြီး အထူးသဖြင့် လှုစင်စစ် ဖြစ်လျက် ကြောင်နှုတ်ခမ်းမွေးတပ်ထားသော ကိုလက်ျာက ပါးစပ် အဟောင်းသားဖြင့် ကိုရဲခေါင်ကိုတစ်လှည့် ဦးစန်းလွင်ကိုတစ်လှည့် အံ့သြကြီးစွာ ဖြစ်နေလေတော့သည်။ သို့သော်လည်း သူ မေးလို သည့်စကားများကို ဦးစန်းလွင်ကပင်လျှင် ကိုရဲခေါင်အား အငမ်းမရ





မေးမြန်းနေသည်ကို ကျွန်ုပ်တို့အားလုံး နားနှင့်ဆတ်ဆတ် ကြားကြရ ပေသည်။

"ကိုရဲခေါင်"

"ဗျာ..."

"ဆိုင်ရှင်က လိမ်လိုက်တာကို မနေ့ကတည်းက ခင်ဗျား သိတယ်...။ ဟုတ်သလား"

"အင်း"

"ဒါဖြင့် ဘာဖြစ်လို့ မပြောသလဲဗျာ"

"အကြောင်းကလေးတွေ ရှိလို့ပါ"

ထိုစဉ်တွင် ကိုလက်ျာက မည်သို့မှ လက်မခံနိုင်သော မျက်နှာအမူအရာမျိုးဖြင့် ခေါင်းကို တွင်တွင်ခါယမ်းလျက်...

"ဟာ...မဖြစ်နိုင်တာဗျာ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ကိုလက်ျာရဲ့"

ထိုစကားကို ကိုရဲခေါင်က အေးအေးချမ်းချမ်း ပြန်မေး လိုက်ခြင်းဖြစ်ပြီး ကိုလက်ျာကမူ ရှူးရှူးရှဲရှဲဖြစ်ကာ ဒေါသကို မြိုသိပ်ထားရဟန်နှင့်...

"ကျုပ်ကိုယ်တိုင် သေချာစစ်ပြီး ဝယ်ခဲ့တာပဲ။ ဘာဖြစ်လို့ မှားရမှာလဲ"

"ခင်ဗျားစစ်တာက မှန်ပါတယ်"

"ဒါဖြင့်...ဘယ်နေရာက မှားသလဲ"

"ခင်ဗျားစမ်းသပ်ထားတဲ့ နီးပြားကလေးကို ဆိုင်ရှင်က လက်ပြောင်းလက်လွှဲ လုပ်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား ဘာတွေလျှောက်ပြောနေမှန်းကို ကျုပ်မသိဘူး''

''ဒါဆိုရင်လည်း ခင်ဗျားသိအောင် ကျုပ်က ပြောပြရဦးမှာ ပါ''

''ပြောဗျာ...။ ဟုတ်ပါစေလို့ ဆုတောင်းပါတယ်''

ကိုရဲခေါင်က စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက် ဖွာလိုက်ပြီး...

''ဒီလို...ကိုလက်ျာရဲ့''

''အင်း...ပြော''

''စပါးကြီးသည်းခြေမှန်ရင် နီးပြားကလေးနဲ့ ခြစ်ကြည့်ပြီး ရေထဲချလိုက်ရင် နီးပြားကလေးက ရေထဲမှာ ကူးသဗျ''

''ဟုတ်တယ်လေ...။ အဲဒါကို ကျုပ်သိလို့ ကျုပ် စမ်းသပ် ပြပြီးပြီပဲ။ ခင်ဗျားတို့အားလုံးရှေ့မှာပဲ''

''ဟုတ်ပါတယ်...။ ဒါပေမဲ့ ခင်ဗျားတို့ကို ပြခဲ့တဲ့ စပါးကြီး သည်းခြေက အတုဗျ။ ခင်ဗျားက အဲဒီအတုကိုမှ နီးပြားနဲ့ ခြစ်ပြ လိုက်တာ''

''ဘာကြောင့် ခင်ဗျားက အဲသလို ပြောနိုင်ရတာတုန်း''

''ဆိုင်ရှင်က အဲဒီစပါးကြီးသည်းခြေကို ကျုပ်တို့က နိုးယူသွားမှာစိုးသလိုလိုနဲ့ ပြန်လာပေးမယ့် မဟုတ်လား။ အဲ စပါးကြီးသည်းခြေအနားမှာ ခင်ဗျားရဲ့ နီးပြားကလေးက ရှိ တယ်လေ။ စပါးကြီးသည်းခြေ သိမ်းသလိုလိုနဲ့ ကျုပ်တို့ရဲ့စကာ ကြောင့် ပြန်အချမှာ သူ လဲလိုက်တယ်လေ''

''ဒါဆို အဲဒီနီးပြားက ရေထဲမှ ကူးသဟုန်း''





ကိုရဲခေါင်က မခိုးမခန့်ပြုံးလျက်...

''အဲဒီနီးပြားက စပါးကြီးသည်းခြေအစစ်နဲ့ သုတ်ထား တဲ့နီးပြား ဖြစ်နေလို့ပေါ့ဗျာ...''

ထိုစကားကြောင့် ကိုလက်ျာသည် ကြက်နာကြီး လည် လိမ်ထားသကဲ့သို့ ဖြစ်သွားပြီး...

''ခင်ဗျားကိုယ်တိုင် မြင်တာ ဟုတ်လို့လား''

''ကျုပ်မျက်စိနဲ့ကို မြင်တာဗျာ။ ဒါထက် ခင်ဗျားမသိတာ တစ်ခုကို ကျုပ် ထပ်ပြောပြရဦးမယ်'

''ဘာလဲ''

''စပါးကြီးသည်းခြေ စစ်မစစ်ဆိုတာကို အဲဒီနည်းနဲ့ စမ်း သပ်တာ မသေချာဘူးဗျ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့ နီးပြားကလေး အဲဒီလို ရေထဲမှာ ကူးဖို့ဆိုတာ စပါးကြီးသည်းခြေနဲ့ သုတ်မှမဟုတ်ဘူး။ ဆေးတံချေး၊ နဖားချေးတို့နဲ့ သုတ်ရင်လည်း ဖြစ်တယ်''

''ဗျာ...''

ထိုစကားကြောင့် ကိုလက်ျာသည် မျက်လုံးကြီးအပြူးသား ဖြစ်လျက် ကိုရဲခေါင်အား မယုံကြည်နိုင်သလို ငေးကြည့်ရင်း...

''ဒါ...ဒါဆိုရင် ကျုပ်က အတုကို ဝယ်လိုက်မိတာပေါ့။ ဟုတ်လား''

''အစစ်ပေါ့ဗျာ...''

''တကယ်...။ တကယ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာသာ ဦးစန်းလွင်ကို မေးကြည့်ပေါ့ဗျာ"

ကိုရဲခေါင် ထိုသို့ ခပ်ပြုံးပြုံးပြောလိုက်သောအခါ ကိုလက်ျာသည် မျက်နှာငယ်လေးနှင့် ဦးစန်းလွင်ကို လှည့်ကြည့်လိုက်လေသည်။ ဦးစန်းလွင်သည် သက်ပြင်းရှည်ကြီးတစ်ခုကို အသံမမြည်အောင် မှုတ်ထုတ်လိုက်ပြီး ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်ရာ ကိုလက်ျာသည် ရှုံးရှုံးရှဲ့ရှဲ့ဖြစ်သွားလျက် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး...

"ကိုလက်ျာကို ဒီလိုလုပ်လို့ မရဘူး"

ဟု ကြုံးဝါးကာ အပြင်သို့ထွက်ရန်ပြင်သဖြင့် လွန်စွာမှပင် မနေတတ် မထိုင်တတ်ရှိသော ကျွန်ုပ်က...

"ကိုလက်ျာ။ ခင်ဗျား ဘယ်သွားမလို့လဲ"

ဟု မေးမိလေသည်။

ကိုလက်ျာက ဒေါသကို အင်မတန်ချုပ်တည်းထားရသော လေသံဖြင့်...

"အဲဒီဆိုင်ကို ပြန်သွားမှာပေါ့။ လက်ျာကို ဒီလိုလုပ်လို့ မရဘူး"

"လုပ်လို့ရလို့ လုပ်ခဲ့ပြီးပြီပဲဗျာ..."

ထိုစကားကို ပြောသူမှာ ကျွန်ုပ်မဟုတ်ဘဲ လွန်စွာမှပင် အားမနာ ပါးမနာနိုင်တတ်သော စုံထောက်ဦးထင်ကြီးဖြစ်ပြီး သူ့ပုံမှာ ဦးစန်းလွင်နှင့် ကိုလက်ျာတို့ကို သနားရမည့်အစား ရယ်ချင်နေသောမျက်နှာထား ရှိနေလေသည်။ ကိုလက်ျာက ဦးထင်ကြီး၏ စကားကြောင့် ပိုမို၍ မခံမရပ်နိုင်ဖြစ်ကာ သူ၏အိတ်ကို ဆွဲယူပြီး





အပြင်သို့ ကမူးရှူးထိုးထွက်မည်အပြု တားသင့်သော ဦးစန်းလွင်က မတားဘဲ ဘာသိဘာသာ စီးကရက်သောက်နေသော ကိုရဲခေါင်ကပင် လှမ်းတားလေသည်။

"ကိုလက်ျာ။ နေပါဦးဗျာ..."

ကိုရဲခေါင်သည် အကြောင်းအကျိုးမရှိဘဲ စကားပြောတတ်သူမဟုတ်သောကြောင့် ကိုလက်ျာ၏ခြေလှမ်းများ တုန့်ခနဲဖြစ်သွားကာ...

"ဘာဖြစ်လို့လဲဗျ"

ဟု အောက်သိုးသိုးအမူအယာဖြင့် ပြန်လည်မေးမြန်းလေသည်။

"ခဏ ထိုင်ပါဦးဗျာ"

"ဘာဖြစ်လို့လဲ"

"ဆရာပိန်မှာလည်း ခင်ဗျားလိုခံစားချက် ရှိရင် ရှိနိုင်မှာမို့ပါ"

"ဗျာ..."

"ဘာ"

ကိုရဲခေါင်၏ ထိုစကားကြောင့် ကိုလက်ျာနှင့် ဘိလပ်ပြန်ဆရာပိန်တို့ထံမှ အာမေဋိတ်သံများ ရှေ့ဆင့်နောက်ဆင့် ထွက်လာသလို နံဘေးမှာရှိနေသော ကျွန်ုပ်တို့အားလုံးသည်လည်း မျက်လုံးများ ပြူးခနဲပြဲခနဲဖြစ်သွားကာ ကိုရဲခေါင်ကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်မိလေသည်။ ဘိလပ်ပြန်ဆရာပိန်က ပါးစပ်မှာ သူ ခဲထားသော ဆေးတံကြီးကို ချွတ်ပြီး ကိုရဲခေါင်ကို မျက်မှောင်ကြုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက်...

"ကိုရဲခေါင်"

"ပြောပါ..."

"ခင်ဗျားစကားက ဘာအဓိပ္ပာယ်တုန်း"

"ဆရာပိန်ဝယ်ပေးလိုက်တဲ့ မိုးကြိုးသွားကလည်း အတု ဖြစ်နေတယ်ဗျ"

"ဘာ"

ဆရာပိန်သည် ဆေးတံကြီးကို ပါးစပ်မှာ တပ်လိုက်ဖြုတ်လိုက်လုပ်ပြီး ကိုရဲခေါင်အား စူးစူးဝါးဝါးကြည့်လျက် သူ့ဘာသာလည်း မျက်လုံးပေကလပ်ပေကလပ် စဉ်းစားကာ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီးနောက်...

"ကိုရဲခေါင်"

"ဗျာ"

"ဒီတစ်ခါတော့ ခင်ဗျား မှားသွားပြီထင်တယ်"

"ဘာဖြစ်လို့တုန်း"

"ကျုပ် သေသေချာချာစစ်ဆေးပြီးမှ ဝယ်လာတာလေ ခင်ဗျားလည်း မြင်တာပဲ မဟုတ်လား"

"မြင်ပါတယ်"

"အဲဒါဆို ဘာလို့ ဒီစကားကို ပြောရတာတုန်း"

ကိုရဲခေါင်က စီးကရက်ကို မီးခိုးများမှုတ်ထုတ်ရင်း ခပ်ပြုံးပြုံးအမူအယာဖြင့်ပင်...

"ဆရာပိန် အလိမ်ခံလိုက်ရတာကိုး..."





"ဘာပြောတယ်"

"မိုးကြိုးသွားကို ဆန်အောက်မှာဝှက်ပြီး ကြက်တွေကို ကျွေးရင်မစားဘူးဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ဆရာပိန် သတိမထားမိတာ တစ်ခုရှိတယ်"

"ဘာလဲ"

"ကြက်တွေက ဆန်အောက်မှာ မိုးကြိုးသွားရှိနေမှ ဆန်ကို မစားတာ မဟုတ်ဘူးဗျ။ ဆန်ကောကို လဒချေးနဲ့ သုတ်ထားရင်လည်း မစားဘူး"

"ဟင်...ဒါ...ဒါဆို"

"ဟုတ်တယ်...။ ဆန်ကောထဲမှာ သူက အဲဒီလိုစီစဉ်ထားပြီးသား။ မိုးကြိုးသွားအတုကို ဆန်ဖုံးပြီး ကြက်ကျွေးလိုက်တယ်။ ကြက်က မစားဘူး။ အဲဒါကိုပဲ မိုးကြိုးသွားအစစ်လို့ ဆရာပိန်က ထင်တယ်။ နောက်ဆုံးကျတော့ ဦးစန်းလွင်ကို ပေးတဲ့ မိုးကြိုးသွားကလည်း အတုဖြစ်နေတော့တာပေါ့ဗျာ"

"ခင်ဗျား တကယ်ပြောနေတာလား"

"မယုံရင် ဦးစန်းလွင်ကိုသာ မေးကြည့်တော့ဗျာ"

ဘီလပ်ပြန်ဆရာပိန်က ဦးစန်းလွင်ကို လှည့်ကြည့်လိုက်သောအခါ ဦးစန်းလွင်က သက်ပြင်းရှည်ကြီးတစ်ခုကို မသိမသာမှုတ်ထုတ်ပြီး ခေါင်းကို ခပ်လေးလေးညိတ်ပြသဖြင့် ဆရာပိန်သည် ထမှာ မျက်နှာလေးငယ်သွားပြီး နောက်ပိုင်းမှာ ရှူးရှူးရှဲရှဲဖြစ်လျက်...

"ငပိန့်ကို ဒီလိုလုပ်လို့ မရဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြုံးဝါးကာ ထိုင်နေရာမှ ဂုန်းခနဲထပြီး စားပွဲပေါ်မှ အိတ်ကိုဆွဲလျက်...

"ကိုလက်ျာ"

"ဗျာ...ဆရာပိန်"

"ကျုပ်တို့ အတူသွားကြရအောင်"

"ဟုတ်ကဲ့"

သူတို့နှစ်ဦး ထိုကဲ့သို့ တိုင်ပင်ညှိနှိုင်းမှုပြုကာ အခန်းထဲမှ ထွက်သွားကြရန် ပြင်ချိန်မှာပဲ ဘာသိဘာသာပုံစံနှင့် ကိုရဲခေါင်က...

"နေကြပါဦးဗျ"

စကားကို အကြောင်းအကျိုးမရှိဘဲ မပြောတတ်သည့် ကိုရဲခေါင်၏အလေ့အထကို သိထားပြီးဖြစ်နေသော ကိုလက်ျာနှင့် ဘီလပ်ပြန်ဆရာပိန်တို့သည် လှမ်းလက်စ ခြေလှမ်းများ တုန့် ရပ်သွားပြီး...

"ဘာဖြစ်လို့လဲဗျ"

"ဩော်...ဦးစိန်ဝင်းနဲ့ကိုမျိုးအောင်မှာလည်း ခင်ဗျားတို့ ခံစားချက် ရှိနိုင်လို့ပါ"

"ဟင်"

"ဘာ"

"ဗျာ"

ကိုရဲခေါင်၏ ထိုစကားကြောင့် ကျွန်ုပ်တို့အားလုံး အံ့ တကြီးဖြစ်သွားကြပြီး ထိုအထဲတွင် ကိုမျိုးအောင်နှင့်ဦးစိန်ဝင်း ထိပ်ဆုံးမှ ပါလိမ့်မည်ဆိုသည့်အကြောင်းကို အထူးအထွေပြော





စရာ လိုတော့မည်မထင်ပါ။ သနပ်ခါးတုံးကို စပ်တူဝယ်ပြီး လက်ဆောင်ပေးမိသော ကိုမျိုးအောင်နှင့် ဦးစိန်ဝင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြပြီးနောက် ဦးစိန် ဝင်းက...

"ကိုရဲခေါင်"

"ပြောပါ ဦးစိန်ဝင်း"

"ဒါဆို...ကျွန်တော်တို့ ဝယ်ပေးလိုက်တဲ့ သနပ်ခါးတုံးက လည်း အတုဖြစ်နေတာပေါ့။ ဟုတ်လား..."

"ဟုတ်ပဗျာ"

"ဘယ်လို ဘယ်လိုများ ဖြစ်ရတာတုန်းဗျာ..."

"ခင်ဗျားတို့ဝယ်သွားတာက သနပ်ခါးတုံး မဟုတ်ဘူးဗျ။ သစ်ပုလွေလို့ခေါ်တဲ့ အကိုင်းတစ်မျိုးပဲ"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်...။ သစ်ပုလွေလို့ခေါ်တဲ့အပင်ဟာ သနပ်ခါး ပင်နဲ့ အတော်ကြီးကို နီးစပ်ဆင်တူတယ်။ သစ်ပုလွေကိုင်းကိုပဲ သနပ်ခါးရည်ဖြန်း၊ သနပ်ခါးရည် လိမ်းပေးလိုက်ရင် သနပ်ခါးတုံးနဲ့ ခွဲမရအောင် တူသွားတယ်"

"ဟင်...ဟုတ်လား။ ကျွန်တော်တို့က သစ်ပုလွေသားကို သနပ်ခါးဆိုပြီး မှားဝယ်ခဲ့တာပေါ့။ ဟုတ်လား..."

"သေချာတာပေါ့ဗျာ...။ အမှန်ဆိုရင် ခင်ဗျားတို့ဝယ်ခဲ့ သနပ်ခါးတုံးရဲ့ထောင့်ကလေးကို နည်းနည်းလေး ကိုက်ခါးကြည့် လိုက်ရတယ်။ ညက်အောင်ဝါးတဲ့အထိ မွှေးနေတယ်ဆိုလို့ သနပ်ခါး



www.burmeseclassic.com

www.burmeseclassic.com



စစ်တယ်ဗျ''

ထိုစဉ်တွင် ဦးထင်ကြီးက ကျွန်ုပ်နားသို့ ကပ်လာပြီး လေသံကလေးနှင့်...

''ဦးအောင်မင်း''

''ဗျာ...''

''ကျုပ်တို့ဝယ်ပေးလိုက်တဲ့ စာအုပ်တွေကတော့ အစစ်တွေပါနော်''

ကျွန်ုပ်လည်း ဇဝေဇဝါဖြစ်သွားပြီးမှ ခပ်တင်းတင်းလေသံနှင့်...

''အို...စာအုပ်ကတော့ အတုရှိပါ့မလားဗျ။ ခင်ဗျားကလဲ...''

''သေချာပါတယ်နော်''

''သေချာပါတယ်ဗျ''

ဦးထင်ကြီး ကျွန်ုပ်နားမှ ပြန်ခွာသွားသောအချိန်တွင် ကိုလကျ်ာ၊ ကိုမျိုးအောင်နှင့် ဦးစိန်ဝင်းတို့က ကိုရဲခေါင်အား မချိတင်ကဲ ဝမ်းနည်းပမ်းနည်း အောက်ပါအတိုင်း မေးမြန်းနေသည်ကို ကြားရလေသည်။

''သိရက်သားနဲ့ အဲဒီတုန်းက ဘာလို့မပြောတာလဲ ကိုရဲခေါင်ရယ်...''

''ကျုပ် ခင်ဗျားတို့ကို သဘောကျလို့ဗျ''

''ဗျာ...။ သဘောကျလို့...။ ဟုတ်လား''

''ဟုတ်တယ်''





ထိုသို့ပြောပြီး ကိုရဲခေါင်က...

''ဦးစန်းလွင်''

''ဗျာ...''

''ခင်ဗျားရဲ့ဇနီးက သနပ်ခါးတုံးကို အတုမှန်း သိလား''

''သိတာပေါ့ဗျ...။ ကျုပ်ကိုတောင် အဲဒီသနပ်ခါးတုံးအတုနဲ့ ထုမယ်လုပ်လို့ မနည်းဖြေရှင်းရတယ်''

ဦးစန်းလွင်စကားကြောင့် ကိုလကျ်ာ၊ ဘီလပ်ပြန်ဆရာပိန်၊ ကိုမျိုးအောင်နှင့် ဦးစိန်ဝင်းတို့သည် မျက်နှာမထားတတ်အောင်ဖြစ်သွားကြပြီး ဦးစန်းလွင်ကို တောင်းပန်ရကောင်းနိုးနိုး၊ ဈေးသည် လူလိမ်တွေကို ပြဿနာရှာရကောင်းနိုးနိုးနှင့် ဇဝေဇဝါဖြစ်နေကြသည်။

ဦးထင်ကြီးက သူ၏ဆူဖြိုးသောဝမ်းဗိုက်ကြီးကို လက်နှင့်ပွတ်ကာ ကျွန်ုပ်အနားသို့ ထပ်မံကပ်လာပြီး လေသံကလေးနှင့် အောက်ပါအတိုင်း ပြောပြန်လေသည်။

''ဦးအောင်မင်း''

''ဗျ''

''ဦးစန်းလွင်ရဲ့မွေးနေ့ကရော အစစ်ဟုတ်ရဲ့လား''

ကျွန်ုပ်လည်း အငေါ်တူးချင်စိတ် ပေါက်လာသဖြင့်...

''ကျုပ်က ခင်ဗျားထက်တောင် ပိုစဉ်းစားနေသေးတယ်''

''ဘာများတုန်းဗျာ...''

''ဦးစန်းလွင်ကရော အစစ်ဟုတ်ရဲ့လားလို့''

ဦးထင်ကြီးသည် ရယ်ချင်သည်ကို မြိုသိပ်ထားရသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးနှင့် သူ၏ စားပွဲဆီသို့ တလိမ့်လိမ့်ပြန်လျှောက်သွားလေသည်။ ထိုအချိန်မှာ ကိုရဲခေါင်က...

"မနေ့က ကျုပ် အားလုံးကိုတွေ့ပါတယ်။ သတိထားမိပါတယ်။ ဒါပေမဲ့ ဘာမှထုတ်မပြောတာက ခင်ဗျားတို့ကို သဘောကျလို့ပါ"

"ဘာကို သဘောကျတာတုန်းဗျာ..."

ထိုစကားကို ကျွန်ုပ်တို့အားလုံးလိုလိုက သံပြိုင်မေးမြန်းမိခြင်းဖြစ်ပြီး ကိုရဲခေါင်က သူ့ထုံးစံအတိုင်း ခပ်ပြုံးပြုံးအမူအယာဖြင့် စီးကရက်မီးခိုးများကို မှုတ်ထုတ်ကာ...

"ဒီလိုရှိတယ်ဗျ"

"ပြောပါဦးဗျာ..."

"တချို့ကျောင်းဆရာတွေဆိုရင် တွေ့တဲ့သူတိုင်းကို သူ့တပည့်လို့ ထင်တတ်တယ်"

"ဩော်...အင်း...ဟုတ်ကဲ့"

"တချို့ဆရာဝန်တွေဆိုလို့ရှိရင် တွေ့သမျှလူနာတိုင်းကို လူနာလို့ ထင်တတ်တယ်"

"ဩော်...အင်း...ဟုတ်ကဲ့"

"တချို့အလုပ်ရှင်ကြီးတွေဆိုရင် တွေ့သမျှလူတိုင်းကို သူ့အလုပ်သမားလို့ ထင်တတ်ကြတယ်"

"ဩော်...အင်း...ဟုတ်ကဲ့"

"အဲ...ဒီလိုပဲဗျ။ တချို့စုံထောက်တွေဆိုရင် တွေ့သမျှလူတိုင်းကို တရားခံလို့ ထင်တတ်ကြတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ





ခင်ဗျားတို့ မပါကြဘူး။ ခင်ဗျားတို့က လူကို လူလို့ပဲ မြင်တယ်။ အဲဒါကြောင့် လူတွေထဲက လူတစ်ယောက်အဖြစ် ခင်ဗျားတို့လည်း အလိမ်ခံလိုက်ရတယ်။ အဲဒါလေးကို ကျုပ်က သဘောကျတာပါ"

ကိုရဲခေါင်၏ ထိုစကားကြောင့် ကျွန်ုပ်တို့အားလုံးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကိုယ့်ကိုယ်ကို ပြန်လည်ဂုဏ်ယူရမလို ဖြစ်သွားရကာ ဝမ်းနည်းရမလို၊ ဝမ်းသာရမလို မျက်နှာများနှင့် အူတိအူကြောင် ဖြစ်နေရလေသည်။

"ဒါပေမဲ့ ခင်ဗျားတို့ ဘာမှမပူကြပါနဲ့"

အားလုံး ခေါင်းထောင်သွားကြကာ ကိုရဲခေါင်၏မျက်နှာကို ကလေးသူငယ်များပမာ လှမ်းကြည့်မိကြလေသည်။ ကိုရဲခေါင်က...

"အဲဒီ ပစ္စည်းအတုတွေအစား အစစ်တွေဟာ မကြာမီမှာ ရောက်လာပါတော့မယ်"

"ဟင်...။ ခင်ဗျား...ခင်ဗျားက အစားပြန်ဝယ်...ဝယ်ပေးတာလား"

"မဟုတ်ပါဘူး"

"ဒါ...ဒါဖြင့်..."

ထိုသို့ ကျွန်ုပ်တို့ မေးမြန်းနေချိန်မှပင်လျှင် ပြာတာမောင်သီးက အခန်းတွင်းသို့ ပျာယီးပျာယာရောက်ရှိလာပြီး...

"ဆရာကိုရဲခေါင်၊ ဆရာကိုရဲခေါင်"

"ပြော..."

"အပြင်မှာချာတိတ်လေးတစ်ယောက်ရောက်လာပြီး ဆရာကိုရဲခေါင်အတွက်ဆိုပြီး ဒီအထုတ်လေး ပေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အေး…။ အဲဒီအထုတ် ဦးစန်းလွင်ကို ပေးလိုက်''

ပြာတာမောင်သီးသည် အူတိအူကြောင်နှင့် ဦးစန်းလွင်ကို အထုတ်သွားပေးလေရာ ဦးစန်းလွင်လည်း အူတိအူကြောင်နှင့် အထုတ်အား စားပွဲပေါ်သို့ မှောက်ချလိုက်လေသည်။

''ဟာ…''

''ဟင်…''

''အို…''

အထုတ်ထဲမှ ထွက်ကျလာသည်များက စပါးကြီးသည်းခြေ အစစ်၊ မိုးကြိုးသွားအစစ်နှင့် သနပ်ခါးတုံးအစစ်များဖြစ်ပြီး ကိုရဲခေါင်၏ အောင်မြင်ခဲ့ညားသောစကားသံကိုလည်း ကြားလိုက်ရလေသည်။

''အဲဒီဆိုင်ရှင်တွေကပဲ ပစ္စည်းအစစ်တွေကို ပြန်ပို့ပေးလိုက်ကြတာပါ။ မနေ့ကတည်းက ကျွန်တော်ရဲ့ အစက်အပြောက်ကလေးတွေကို အဲဒီလိုမှာခဲ့ပါတယ်။ ဆိုင်ရှင်တွေကလည်း ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ အဲဒီအခါမှသိပြီး ပစ္စည်းအစစ်တွေကို ကလေးတွေကတစ်ဆင့် ဒီကို ပို့နိုင်းလိုက်တာပဲ''

ဦးစန်းလွင်မျက်နှာ ကြည်လင်ရွှင်ပျလာပြီး…

''တော်…တော်သေးတာပေါ့ဗျာ''

ကိုရဲခေါင်က မိန့်မိန့်ကြီးပြုံးလျက်…

''ဦးစန်းလွင်''

''ဗျာ…ကိုရဲခေါင်''

''ရော့…ဒါ…ခင်ဗျားအတွက် ကျွန်တော့်လက်ဆောင်''

ကိုရဲခေါင်လက်ဆောင်မှာ ထုတ်ပိုးထားမှုမရှိဘဲ ကျွန်ုပ်နှင့်





ဦးထင်ကြီးတို့ပေးသော လက်ဆောင်ကဲ့သို့ စာအုပ်တစ်အုပ်ပင် ဖြစ်ကာ ထိုစာအုပ်မှာလည်း အတော်ပင် ဟောင်းနွမ်းနေသည်ကို ကျွန်ုပ်တို့ မြင်တွေ့ကြရလေသည်။ မည်သို့ပင်ဖြစ်စေ ကိုရဲခေါင်၏ လက်ဆောင်ကို ဦးစန်းလွင်အပါအဝင် ကျွန်ုပ်တို့အားလုံးက လျှော့ မတွက်နိုင်သောကြောင့် စိတ်ဝင်တစားပင် ဆွဲယူဖတ်ရှုကြည့်ကြ သောကြောင့် ထိုစာအုပ်သည် ယောဂီကျင့်စဉ်စာအုပ်တစ်အုပ် ဖြစ်နေကြောင်းကို တွေ့ရလေသည်။ ဦးစန်းလွင်က နားမလည် နိုင်သော မျက်လုံးမျိုးဖြင့် ကိုရဲခေါင်ကို လှမ်းကြည့်သောအခါ ကိုရဲခေါင်က…

''ဦးစန်းလွင်''

''ဗျာ…''

''ခင်ဗျားရဲ့ ကျန်းမာရေးအတွက် ဒီ ယောဂကျင့်စဉ်တွေကို ကျင့်ပါ။ 'ဟတ္တယောဂကျင့်စဉ်'လို့ ခေါ်ပါတယ်။ ကျန်းမာရေး အတွက် အထူးအကျိုးရှိပါတယ်''

''ဟုတ်…ဟုတ်ကဲ့''

''ဒါပေမဲ့ ဒီနည်းတွေက ဆရာမရှိဘဲ ကျင့်လို့မကောင်းဘူး။ ရန်ကုန်ဘူတာကြီးနားက ဟိန္ဒူဘုရားကျောင်းမှာ ခင်ဗျားကို သင်ပေးနိုင်မယ့် ကုလားအဖိုးကြီးတစ်ယောက်ရှိပါတယ်။ သူ့ဆီ သွားပြီး ဆည်းပူးကျင့်ကြံပါ။ ခင်ဗျားအတွက် အကျိုးထူးမှာပါ''

''ဟုတ်…ဟုတ်ကဲ့''

''ကဲ…ဒါဖြင့် ကျုပ် လုပ်စရာရှိတာ ဆက်လုပ်လိုက်ဦး မယ်''




www.burmeseclassic.com

www.burmeseclassic.com




"ဟုတ်...ဟုတ်ကဲ့"

(ကိုရဲခေါင်ပေးသော ယောဂီကျင့်စဉ်စာအုပ်ကလေးတွင် အောက်ပါပုံများ ပါရှိနေသည်ကို ကျွန်ုပ်အနေနှင့် နားမလည် ပါးမလည် မှတ်သားတွေ့ရှိခဲ့ရသေးတော့သည်)












www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com













www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com


www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com









## အခန်း[၃]

အမှုကျဲပါးလှသော နွေရာသီအစောပိုင်းနေ့ရက်များတွင် ကျွန်ုပ်တို့သည် တွေရာလေးပါးစကားများကို ပြောလိုက်၊ အရာရှိအရာခံများပီပီ အောက်လက်ငယ်သားများကို လိုအပ်သလို စီစဉ်ညွှန်ကြားပြီး ခန့်ခန့်ကြီး လုပ်နေကြလိုက်နှင့် အချိန်ကုန်လျက်ရှိရာမှ တစ်နေ့မှာ ပြာတာမောင်သီးက သူ၏ထုံးစံအတိုင်း ပျာယီးပျာယာနှင့် ပြဿနာနှင့် ပြဿနာတစ်ခုကို တင်သွင်းလာလေသည်။ သို့သော်လည်း ထိုပြဿနာသည် ကျွန်ုပ်တို့အားလုံးကို ရည်ရွယ်ခြင်းမရှိဘဲ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ကိုရဲခေါင်ကိုသာ အဓိကရည်ရွယ်ခြင်း ဖြစ်လေသည်။

ထိုနေ့က ပြာတာမောင်သီးသည် ကျွန်ုပ်တို့အားလုံး အားပွဲမှာထိုင်၍ အလုပ်လုပ်ရင်း စာရွက်စာတမ်းများကို လှန်လှောရင်း၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ဟိုစကား ဒီစကား လှမ်းပြောကြရင်း အချိန်ကုန်နေကြသည့်ကာလတွင် မောကြီးပန်းကြီးနှင့် အရေးတကြီး ပုံစံဖြင့် အခန်းထဲသို့ ကပြာကရာပြေးဝင်လာခြင်းဖြစ်လေသည်။

လွန်စွာမှပင် ထိုကဲ့သို့သောကိစ္စမျိုးကို ကြည့်ရှုမရဖြစ်တတ်သော စုံထောက်ဦးထင်ကြီးက သူ၏ ဆူဖြိုးသောဝမ်းဗိုက်ကြီးကို ပွတ်သတ်ကာ...

"မောင်သီး...ဘာဖြစ်လာတာလဲ"

"ဒီလိုပါဆရာ...ဒီလို"

"အေး...ပြော"

"ဟိုဒင်း...ဆရာကိုရဲခေါင်နဲ့ တွေ့ချင်လို့ပါ"

"ကိုရဲခေါင်ကတော့ ဒီရုံးကို လာကတည်းက မင်း ဒီထိပ်ဂိတ်ဝမှာ တွေ့ရောပေါ့။ ကိုရဲခေါင်ကို မင်းက မတွေ့ဖူးဘူးလား"

ထိုစကားကြောင့် ကျွန်ုပ်တို့အားလုံး တဟားဟား ဝိုင်း၍ ရယ်မောလိုက်ကြလေရာ ပြာတာမောင်သီးမှာမူ လိုက်၍ရယ်မောခြင်း မရှိဘဲ စားပွဲမှာထိုင်လျက် အေးအေးလူလူ စီးကရက်သောက်နေသော ကိုရဲခေါင်ကိုသာ အားကိုးတကြီး မျှော်မှန်းကြည့်ပြီး...

"ဆရာတို့ မနောက်ကြပါနဲ့၊ ကျွန်တော့်မှာ ပြဿနာတစ်ခု ပါလာလို့"

"ဟေ...ပြဿနာ။ ဟုတ်လား..."

"ဟုတ်တယ်...။ အတော့်ကို အရေးကြီးတဲ့ ပြဿနာပါ ဆရာတို့ရယ်...။ မနောက်ပါနဲ့"

"အရေးကြီးတဲ့ပြဿနာဆိုတော့ ဘာတုန်းကွ။ မင်းက





အမှုအခင်းတွေများ ဖြစ်လို့လား..."

"မဟုတ်ပါဘူး...မဟုတ်ပါဘူး"

"ဒါဖြင့် ကိုရဲခေါင်ကို တွေ့ချင်တာက ဘာကိစ္စတုန်း။ ကိုရဲခေါင်က လူပျိုကြီးဆိုတော့ မင်းရဲ့ ကြီးတော်တို့...ဘာတို့"

"ဟာ...မဟုတ်တာဆရာရယ်...။ အဲဒီလိုမျိုး စိတ်မကူး ရက်ပါဘူး။ ဆရာကိုရဲခေါင်လို လူမျိုးကို ကျွန်တော်တို့အတန်းအစား နဲ့ တူတယ်တန်တယ်ထင်မိတာ မဟုတ်ပါဘူး"

ကျွန်ုပ်တို့သည် ဦးထင်ကြီးက ပြာတာမောင်သီးအား ထိုကဲ့သို့ တို့ကနန်း ဆိတ်ကနန်း စနောက်နေသည်ကို ထိုအချိန်က ခယ်ရယ်မောမောနှင့်ပင် ဝိုင်း၍ ကြည့်နေမိကြလေသည်။

ကိုရဲခေါင်သည် သူတို့ပြောနေသောစကားများကို မကြား သကဲ့သို့ သူ့ဘာသာ စာရွက်စာတမ်းများကို ဘေးမှာချထားပြီး စီးကရက်တစ်လိပ်ကို မီးခိုးများ မှုတ်ထုတ်ရှိုက်ဖွာ မှုတ်ထုတ်လျက် နံရံကိုကြည့်ကာ တစ်ခုခုကို ငြိမ်သက်စဉ်းစားနေဟန် ရှိလေသည်။ ထိုသည်ပင်လျှင် ကိုရဲခေါင်၏ ပုံစံတစ်ခုဖြစ်ပြီး သူ စဉ်းစားနေသည် ဟု ထင်ရသောအချိန်တွင် မည်သူကမှ ဝင်ရောက် မနှောင့်ယှက် နိုင်သည်မှာလည်း ကျွန်ုပ်တို့ အင်းစိန်ဒီအိုင်ဒီ၏ ထုံးစံတစ်ခုလို ဖြစ်နေရလေသည်။ ထို့ကြောင့်ပင်လျှင် ကိုရဲခေါင်ကို ပြာတာ မောင်သီးက ယခုကဲ့သို့ အရေးတကြီးကိစ္စနှင့် တွေ့ချင်ပါသည်ဟု ပြောလာသော်လည်း ကျွန်ုပ်တို့အနေနှင့် ခေါ်ပေးရန် ဝံ့ရဲခြင်း မရှိကြချေ။ သို့သော်...သူ့၏ရင်းနှီးမှုအရ ပြာတာမောင်သီးကိုယ်တိုင် သွားခေါ်မည်ဆိုလျှင်လည်း ကျွန်ုပ်တို့က တားမည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေကာမူ ပြာတာမောင်သီးက အဘယ့်ကြောင့် ကိုရဲခေါင်ကို မြင်တွေ့ချင်ရသနည်းဆိုသောကိစ္စကိုတော့ ကျွန်ုပ်တို့ အရာရှိများအနေနှင့် သိထားသင့်သည်ဟု တစ်ဖက်မှ မြင်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ကိုရဲခေါင်သည် ကျွန်ုပ်တို့ အင်းစိန်စီအိုင်ဒီ၏အကျိုးကို များစွာ သယ်ပိုးကာ တိုင်းကျော်ပြည်ကျော် စုံထောက်ကြီးတစ်ယောက် ဖြစ်သော်လည်း ဝန်ထမ်းစည်းမျဉ်းအရဆိုလျှင် ကျွန်ုပ်တို့ လက်အောက်မှာပင် ရှိနေရသည့် ဝန်ထမ်းအငယ်တစ်ယောက်မျှသာ ဖြစ်လေသည်။

ပြာတာမောင်သီးသည်လည်း အစိုးရဝန်ထမ်းများထဲမှာမှ အငယ်ဆုံးဝန်ထမ်းတစ်ယောက် ဖြစ်နေသောကြောင့် ကျွန်ုပ်တို့ အနေနှင့် တာဝန်ချိန်အတွင်းမှာ ထိုကဲ့သို့ ဆက်ဆံမှုကို လေ့လာ အကဲခတ်ရမည့် ဝတ္တရားလည်း မလွဲမရှောင်သာ ရှိနေလေသည်။ ထိုကဲ့သို့ ကျွန်ုပ်တို့ပြောသောကြောင့် ကျွန်ုပ်တို့ဝန်ထမ်းအငယ်တစ်ယောက်အဖြစ် နှိမ်ချထင်မြင်ခြင်းမျိုး အလျဉ်းမရှိဘဲ ကိုရဲခေါင် အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သောကြောင့်သော်လည်းကောင်း၊ ပြာတာမောင်သီး၏ ပြာယိပြာယာနိုင်မှုနှင့် အူကြောင်ကြောင်ဆန်မှုကို တစ်ဘက်မှ စိုးရိမ်မိ၍လည်းကောင်း ထိုသို့တွေ့ဆုံရန် တောင်းဆိုလာခြင်းအချက်ပေါ်တွင် ဤမျှအတွေးပွားပြီး ကာလိမိနေကြခြင်း ဖြစ်လေသည်။

ပြာတာမောင်သီးက...

"ဆရာတို့ရယ်...တောင်းပန်ပါတယ်။ ကျွန်တော် ကိုရဲခေါင်နဲ့ ခဏလောက် စကားပြောပါရစေ"

"ကိုရဲခေါင် ဟိုမှာ စဉ်းစားနေတယ်။ သူ့ဦးနှောက်ကို သူ အလုပ်ပေးနေတယ် မတွေ့ဘူးလား"

"တွေ့ပါတယ်...တွေ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ခဏလောက်တော့ ကိုရဲခေါင်နဲ့ စကားပြောခွင့်ပြုပါ။ ဆရာကိုရဲခေါင်က ကျွန်တော့်ကို မတွေ့ချင်ဘူးဆိုရင်တော့ တစ်မျိုးပေါ့...ဆရာတို့ရယ်။ ဒီလူနဲ့ ဒီလူကြားထဲမှာဗျာ...ဘာကိစ္စ အဲဒီလို မယုံသင်္ကာ ဖြစ်နေရတာတုန်း"

"မယုံသင်္ကာဖြစ်နေရတာတုန်း...ဟုတ်လား"

"ဟုတ်ပါတယ်...ဆရာရယ်"

"ဘယ်တုန်းကမှ မင်းကို မယုံခဲ့ဘူးကွ"

ထိုစကားကြောင့် ကျွန်ုပ်တို့သည် တဝါးဝါးတဟားဟားဖြင့် ဝိုင်း၍ ဆူဆူညံညံအသံများ ပြုလိုက်ကြသည်ဖြစ်ရာ ကိုရဲခေါင်သည်လည်း အတွေးပျက်သလိုရှိပြီး ကျွန်ုပ်တို့ဘက်သို့ လှမ်းကြည့်ရာတွင် ဦးထင်ကြီးက သူ၏ ဆူဖြိုးသော ဝမ်းဗိုက်ကြီးကို လက်နှင့်ပွတ်ပြီး ပြုံးစိစိအမူအရာကို ပြလေသည်။

ထိုအခါကျမှ ကိုရဲခေါင်သည် သူ၏ သြဇာပါ၍ အောင်မြင်လှသောအသံနှင့်...

"မောင်သီး"

"ဗျာ...ဆရာကိုရဲခေါင်"

"အင်း...ငါကြားနေပါတယ်။ မင်း ငါ့ကို တွေ့ချင်သတဲ့ဆို"

"ဟုတ်ပါတယ်ဆရာ"







www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စတုန်း"

"အင်း...ကိစ္စက ပြောရမှာ နည်းနည်းရှုပ်တယ်ဆရာ"

"မင်းရဲ့ ကိစ္စလား"

"မဟုတ်ဘူး...။ ကျွန်တော့်ရဲ့ကိစ္စတော့ မဟုတ်ပါဘူး။ သူများရဲ့ကိစ္စပါ"

"ရာဇဝတ်မှုခင်းနဲ့ ပတ်သက်လား"

"အဲဒီလို ပတ်သက်တယ်လို့တော့ ပြောလို့မရဘူး။ မရသေးဘူးပေါ့ ဆရာ"

"မင်းစကားက ဘယ်လိုတုန်း။ ရှင်းအောင်ပြောစမ်း"

"အဲဒီလိုပြောလို့ မရသေးဘူးလို့ ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီအတိုင်းပါပဲ။ ပြောမယ့်ကိစ္စကြီးကတော့ တစ်မျိုးဖြစ်နေတယ်"

"ဘယ်လိုတစ်မျိုးကြီးဖြစ်နေတာတုန်း"

"နောင်တစ်ချိန်မှာ ရာဇဝတ်မှုဖြစ်ရင် ဖြစ်လာမယ့်ကိစ္စလို့ ထင်ရပါတယ်။ နည်းနည်းထူးခြားနေလို့ပါ"

ကိုရဲခေါင်သည် သောက်လက်စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်ပြီး...

"ကဲ...လာလာ။ မင်း ဘာတွေဖြစ်လာသလဲ။ ငါ့ကို ပြောစမ်း"

ထိုအခါ ပြာတာမောင်သီးသည် သူ၏ထုံးစံအတိုင်းပင် ကပြာကယာ ကိုရဲခေါင်အနားသို့ တိုးကပ်သွား၍...

"ဒီလိုပါဆရာ"

"အင်း...ပြော"





"ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက်ရှိပါတယ်။ နာရရန်းလို့ ခေါ်ပါတယ်။ ကုလားလူမျိုးပါ"

"အင်း...အဲဒါ ဘာဖြစ်တုန်း"

"သူက အိမ်တစ်အိမ်မှာ ဒရဝမ်လုပ်ပါတယ်"

"အင်း...ဟုတ်ပြီ။ အဲဒါ ဘာဖြစ်လို့တုန်း"

"သူ့အိမ်ရှင် အဘွားကြီးရဲ့ပုံသဏ္ဌာန်က မှုမမှန်ဘူးလို့ ထင်ရလို့ပါ"

"ဘာမှုမမှန်တာလဲ...။ စိတ်ဝေဒနာရှင်လား"

"စိတ်ဝေဒနာရှင်"

ကိုရဲခေါင် ထိုသို့ပြောလိုက်သောအခါတွင် 'စိတ်ဝေဒနာရှင်' ဟူသော စကားလုံးအပေါ်မှာ ပြာတာမောင်သီးသည် ဇဝေဇဝါဖြစ်သွားလျက် ဖင်ကုတ်ခေါင်းကုတ်လုပ်ကာ ကိုရဲခေါင်ကို မသိမသာ ခိုးကြည့်ရင်း...

"ဟိုဟို...ကျွန်တော် မပြောတတ်ဘူး ဆရာရဲ့။ ဒါပေမဲ့ ကျွန်တော့်ကိစ္စလေးကို ပြောပြပါ့မယ်။ ဆရာ စိတ်ဝင်စားနိုင်တယ်လို့ ထင်ရပါတယ်။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ နာရရန်းက ကျွန်တော့်ကို ပြောပြလို့ ကျွန်တော်က ဆရာ့ကို လာအကူအညီတောင်းမိတာပါ။ ကျန်တာက ဆရာ့အပိုင်းပါ..."

"ငါ့အပိုင်းဆိုတာက ဘာကိုပြောတာတုန်း"

"သြော်...ကူညီဖြေရှင်းပေးနိုင်တယ်၊ မပေးနိုင်ဘူးပေါ့နော်။ အဲဒါမျိုးက ဆရာ့အပိုင်းပါ။ ကျွန်တော်က ဒီကိစ္စမျိုးကို သူများ တိုင်ပင်လို့လည်း ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကိုရဲခေါင်ကို ပြောပြပြီး နည်းနည်းလေး အကြံပေးစကား ကြားချင်လို့ ဝင်လာတာပါ''

ပြာတာမောင်သီးသည် ထိုကဲ့သို့ အဆီအငေါ်မတည့်သော စကားများကို ကိုရဲခေါင်ရှေ့တွင် ရှုံ့ရှုံ့ထိတ်ထိတ်နှင့် ပြောကြားပြီး ရှုံးတိုးရှန့်တန့်ဖြစ်နေလေရာ ကျွန်ုပ်တို့ စုံထောက်အရာရှိများသည် မောင်သီး၏စကားများကို ကြားနေရသည်ဖြစ်၍ ရှုံးတိုးရှန့်တန့် ဖြစ်မိကြရပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အင်းစိန် စီအိုင်ဒီစုံထောက်အရာရှိကြီးများကို ကျော်ပြီး ဆားပုလင်းအဆင့် ဝန်ထမ်းငယ်တစ်ဦးကို ထိုကဲ့သို့ အားကိုးတကြီး လာရောက်၍ မေးမြန်းစုံစမ်းသည်ဖြစ်ရာ ရှက်တတ်မည်ဆိုလျှင် ကျွန်ုပ်တို့အားလုံး၏ မျက်နှာကို သံမံတလင်းမှာပွတ်၍ ဖျက်ပစ်လိုက်ဖို့ပင် ကောင်းနေလေသည်။

မည်သို့ပင်ဖြစ်စေကာမူ ပါရမီရှင်ကို မည်သူကမှ ကျော်လွှားနိုင်မည်ဟု မထင်ရသောကြောင့် ကိုရဲခေါင်ကိုလည်း မနာလိုမရှုဆိတ် စိတ်တစ်စက်မှ မရှိဘဲ ကျွန်ုပ်တို့သည် ကိုရဲခေါင်က မည်သို့ပြဿနာကို ဖြေရှင်းပေးရမည်နည်းဆိုသော အချက်ကိုသာ စိတ်ဝင်တစားဟန်ဖြင့် အာရုံပြုကာ မိမိတို့၏ ညံ့ဖျင်းမှုကို ဖုံးကွယ်လိုက်ကြလေသည်။

ကိုရဲခေါင်က...

''ကဲ...ပြောပြော။ မင်း ဘာဖြစ်လာတာတုန်း''

''ဒီလိုပါဆရာ''

''အင်း...ပြော''





''အဲဒီ...နာရရန်းတို့ရဲ့ အိမ်ရှင်အဘွားကြီးတစ်ယောက်ပါ''

''အေးလေ...ခုန မင်းပြောတဲ့စကားထဲမှာ ပါသွားပြီးပြီပဲ။ ကဲ...ပြော။ အဲဒီအဘွားကြီးက ဘာဖြစ်သလဲ''

''အဘွားကြီးက ဘာသာရေး အရမ်းကိုင်းရှိုင်းပါတယ်။ ဘုရားတရားကို လုပ်တယ်''

''ဗုဒ္ဓဘာသာလား''

''ဟုတ်ပါတယ်...။ ဗုဒ္ဓဘာသာပါပဲ''

''ကဲ...ဟုတ်ပြီ။ ဆက်ပြော''

''အဲ...အဲဒီမှာ ပြဿနာလေးတွေ နည်းနည်းရှိလို့ ဆရာရဲ့''

''အေး...ဟုတ်ပြီ။ ဘာပြဿနာရှိလဲ။ ပြော...''

''ဒီလိုပါ ဆရာ''

''အေး...ပြော။ လိုရင်းကို တိုတိုရှင်းရှင်းပြောကွာ။ မင်း နည်းနည်းပြောရင် ငါသဘောပေါက်လွယ်ပါတယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့ဆရာ။ ဒါကြောင့်လည်း ဆရာ့ကို ကျွန်တော် အားကိုးပြီး လာခဲ့တာပါ''

''ဟာ...မင်းကလည်း ပြောရင်းဆိုရင်း ရှည်နေပါပြီ။ ပြော...။ လိုရင်း ဘာတုန်း''

''အင်း...ဒီလိုပါ။ အဲဒီအဘွားကြီးက နေ့တိုင်း ဘုရားရှိခိုး၊ ဘုရားပန်းကပ် စတာတွေကို လုပ်လေ့ရှိပါတယ်''

ထိုစကားကြောင့် ကိုရဲခေါင်က မသိမသာပြုံးလျက်...

''စတာတွေကို လုပ်လေ့ရှိပါတယ်...ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်…ဟုတ်ပါတယ် ဆရာ"

"မင်းက ငါ့ကို စကားပြောနေတာ စာသံနဲ့ ပြောနေတယ်ကွာ"

"အင်း…ကျွန်တော်က အဲဒီလိုပြောတတ်လို့ပါ ဆရာ။ ပြီးတော့…ကျွန်တော် ဘယ်လောက်စာဖတ်တယ်ဆိုတာလည်း ဆရာ သိပါတယ်"

ကိုရဲခေါင်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်လျက် ခနကမှ မီးညှိထားသော စီးကရက်ကို ဘာရယ်မဟုတ် လှည့်ပတ်ကြည့်ရှုနေရင်းကမှ စောစောကပုံစံအတိုင်း မသိမသာပြုံးကာ…

"ဟုတ်ပါပြီကွာ…။ မင်း စာဖတ်တယ်၊ စာသံနဲ့ပြောတယ်ဆိုတာ ထားပါ။ စတာတွေဆိုတဲ့ စကားလုံးပါလို့ရှိရင် နောက်မှာ အများကြီး ကျန်သေးတဲ့ သဘောရှိတယ်။ မင်းပြောတဲ့ ဘုရားရှိခိုးတယ်၊ ပန်းကပ်တယ်ဆိုတာအပြင် နောက်…ဘာရှိသေးသတုန်း"

"အဲ…ဟို…ဟို အဲဒါဆိုလည်း ကျွန်တော် စကားကို ပြန်ပြင်ပြောပါ့မယ်"

"ဘယ်လို ပြင်မှာတုန်း"

"ဘုရားရှိခိုးတယ်…ဘုရားပန်းကပ်တယ်…ဆရာရယ်။ အဲဒီလိုပဲ လောလောဆယ် ကျွန်တော် ပြောပါ့မယ်"

"ကဲ…ဟုတ်ပြီ။ အဲဒီတော့ ဘာဖြစ်သတုန်း"

"အဲဒီမှာ ထူးထူးခြားခြားကြီးတွေ ကြုံရတယ်ဆရာ"

"ဘယ်လို ထူးခြားတာလဲ"

"တစ်လျှောက်လုံးတော့ အကောင်းပဲ ဆရာရဲ့။ ခုရက်ပိုင်းအတွင်းမှာ ဟို…ဟိုဒင်းလေ…ဟို"

"အင်း…ပြော။ မင်း တွန့်ဆုတ်တွန့်ဆုတ်လုပ်မနေနဲ့။ လိုရင်းကို မြန်မြန်ပြော။ စိတ်မရှည်တော့ဘူး"

"ဟင်…။ ဆရာ စိတ်မရှည်တာမျိုးလည်း ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါဘူး"

ထိုစကားကြောင့် ကိုရဲခေါင်သည် ဟက်ဟက်ပက်ပက်ရယ်ကာ…

"အင်း…မောင်သီး။ မင်းနဲ့တော့ ခက်နေပြီ။ ဟုတ်တယ်။ ငါက ဘယ်တော့မှ စိတ်ရှုပ်ဟန်၊ စိတ်မရှည်ဟန် မပြတတ်ဘူး။ စိတ်ထဲမှာလည်း အဲဒီလိုဖြစ်ခဲတယ်။ အေး…ဒါပေမဲ့ အကျိုးမရှိတဲ့ ကိစ္စရပ်တွေအတွက်ဆိုရင်လည်း ငါ့အချိန် အကုန်မခံနိုင်ဘူး။ ဘာလို့လဲဆိုတော့ ခု ငါစဉ်းစားနေတာ အများကြီးရှိတယ်၊ စဉ်းစားနေတယ်ဆိုတာကလည်း မင်းတို့ ဒီရာဇဝတ်မှုခင်းတွေနဲ့ မပတ်သက်ဘူး။ မင်းပြောမယ့် အဘွားကြီးတို့ ဘုရားပန်းကပ်တာတို့နဲ့ မပတ်သက်ဘူး။ ငါစဉ်းစားတာက ပလေတိုကြီးရေးခဲ့တဲ့ အတ္တလန္တိတ်မြို့တော်ကြီးဆိုတာကို သဲလွန်စတွေ မှန်းကြည့်နေတာ။ ကဲ…ထားပါတော့။ ခု…မင်းကိစ္စကိုပြော။ ငါ့အလုပ်ကို လာနှောင့်ယှက်တာဆိုရင်တော့ ငါ့အနေနဲ့ မှန်တာပြောရရင် မင်းပြဿနာက ဘာမှမဟုတ်ရင် ပြောပြီး မြန်မြန်ပြန်စေချင်တယ်။ ငါ့ဟာငါ ဆက်စဉ်းစားချင်တယ်။ ဒါပဲကွယ်"

ကိုရဲခေါင်က ထိုကဲ့သို့ပင် တချို့အချိန်များတွင် တချို့လူများကို အားနာခြင်းမရှိဘဲ စကားကို ခပ်ပြတ်ပြတ်ပြောတတ်







www.burmeseclassic.com

www.burmeseclassic.com



လေရာ တစ်ခါတစ်ခါ သူနှင့်အနီးကပ်နေသော ကျွန်ုပ်ပင်လျှင် တစ်ဖက်လူကို အားနာစရာဖြစ်ခဲ့ရသည်မှာ များလှပြီဖြစ်လေသည်။ သို့သော်လည်း အေးအေးဆေးဆေး ပြန်စဉ်းစားကြည့်သောအခါတွင် ကိုရဲခေါင် ထိုကဲ့သို့ ပြုမူဆက်ဆံလိုက်ခြင်းသည် အချို့သောကိစ္စ အပေါ်တွင် အပွင့်လင်းဆုံးဖြစ်သည်ကို ပြန်လှန်၍ သုံးသပ်မိလျက် ကျွန်ုပ်ဆိုလျှင် ကိုရဲခေါင်ကဲ့သို့ မပြောရဲမဆိုရဲ ရှိရသည်ကို ကိုယ့်ဘာသာကိုယ် ပြန်၍ အားမရဖြစ်ဖြစ်ကာ ကိုရဲခေါင်ကိုပင်လျှင် စံနမူနာပုဂ္ဂိုလ်တစ်ဦးအဖြစ် မြင်မိသည်မှာလည်း အချိန်တွေ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထိုအချိန်တွင် ပြာတာမောင်သီးက...

''ဟုတ်ကဲ့...ဟုတ်ကဲ့ဆရာ။ ကျွန်တော် လိုရင်းကို တိုတိုရှင်းရှင်း ပြောပါ့မယ်။ ပြောထားတဲ့အချက်တွေကို ဆရာ မှတ်မိတယ်နော်''

''ဟာ...အေး...ဟုတ်ပြီကွာ။ မှတ်မိတယ်။ မင်းသူငယ်ချင်းနာရရန်း အဘွားကြီးတစ်ယောက်အိမ်မှာ ဒရဝမ်လုပ်တယ်၊ အဲဒီအဘွားကြီး ဘာသာရေးကိုင်းရှိုင်းတယ်၊ ဘုရားရှိခိုး။ ပန်းကပ်တယ်၊ အဲဒီကနေမှ ခု...ဘာဖြစ်သလဲ ပြော၊ ခုနက မင်းပြောသွားတဲ့အထဲမှာ အစကတော့ အကောင်းပါပဲဆိုတာ ပါတယ်။ ခုမှ ဘာဖြစ်သလဲ...ပြော''

''ဒီလိုပါ ဆရာ''

''လုပ်ပြန်ပြီ။ မင်း ဒီလိုတွေက များနေပြီ။ ပြော...လိုရင်းကို''





''ဟုတ်ကဲ့...ဒီလိုပါ။ သူ ခုတလော တရားထိုင်လို့လည်း မဖြစ်ပါတယ်''

''သူက တရားထိုင်သလား''

''ဟုတ်ကဲ့''

''သူ ခု တရားထိုင်လို့လည်း မရတော့ဘူး။ ဘယ်လို မရတာလဲ''

''အာရုံတွေ စုစည်းလို့ မရဘူးလို့ ပြောတယ်ဆရာ''

''အေး...ဟုတ်ပါပြီ။ ဆက်ပြော...ဘာဖြစ်သလဲ။ ပြီးတော့''

''ပြီးတော့...ညည အိပ်လို့ရှိရင်လည်း အိပ်မက်ဆိုးတွေ အရမ်းမက်တယ်တဲ့''

''အင်း...ဟုတ်ပြီ...ဟုတ်ပြီ။ ကဲ...ဆက်ပြော။ တခြား ဘာဖြစ်သေးလဲ''

''နောက်တစ်ခါ သူ့အိမ်မှာရှိတဲ့ ဘုရားပန်းတွေက ညှိုးကုန်ကြတယ်''

''ဟမ်...။ ဘာလို့ညှိုးတာလဲ''

''ဩော်...အရင်လို မဟုတ်တော့ဘူးပေါ့ ဆရာရယ်။ ပြောရရင်တော့ မညှိုးရမယ့်အချိန်တွေမှာ ဘုရားပန်းတွေက ညှိုးကုန်ကြတာ''

''အင်း...ပြီးတော့ရော ဘာဖြစ်တုန်း''

''အဲ...ပြောရရင်တော့ အဲဒါပါပဲ ဆရာ။ ကုန်ပါပြီ''

''မင်းဟာကလည်းကွာ အဲဒါ ဘာဖြစ်လို့တုန်း''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုန်းဆိုတော့ မပြောတတ်ဘူးဆရာ။ နာရရန်းပြောပုံအရဆိုရင်တော့ ဒါကြီးက တစ်မျိုးကြီးဖြစ်နေပြီးတော့ အဲဒီလိုဖြစ်တဲ့အပေါ်မှာ အိမ်ရှင်အဘွားကြီးက အင်မတန် စိတ်ခြောက်ခြားနေတယ်"

"ဟုတ်ပြီလေ...။ ကဲ...စိတ်ခြောက်ခြားတယ်ပဲ ထားပါတော့။ ဘာဖြစ်သလဲလို့ မေးနေတယ်"

"အဲ...ဘာဖြစ်သလဲတော့ မသိဘူးဆရာရဲ့။ နာရရန်းကလည်း အရမ်းခြောက်ခြားနေတယ်"

"အာ...လုပ်ပြန်ပြီကွာ။ မင်းကလည်း မင်းသူငယ်ချင်းကုလားက ခြောက်ခြားတာ ဟုတ်ပါပြီ။ အဲဒါ ထားလိုက်ပါတော့။ အခု ဒီကိစ္စကို မင်းက ဘယ်လိုမြင်လို့တုန်း"

"ဟိုလေ...ကျွန်တော် မမြင်တတ်ဘူး ဆရာ။ ဒါပေမဲ့ နာရရန်းပြောပုံအရဆိုရင် ဒါ အခန့်မသင့်လို့ရှိရင် လုပ်ကြံမှုတစ်ခုခု၊ ရာဇဝတ်မှုတစ်ခုခု ဖြစ်နိုင်စရာအကြောင်းရှိလို့"

"ဘယ်လို..."

ထိုစကားကြောင့် ကိုရဲခေါင် 'ဘယ်လို'ဟု တစ်ခွန်းတည်းပြန်မေးလိုက်သော်လည်း ကျွန်ုပ်တို့အားလုံးသည် ခေါင်းများထောင်၊ နားရွက်များစွင့်၊ မျက်လုံးများပြူးလျက် ပြာတာမောင်သီးကို ဝိုင်းဝန်း၍ စူးစိုက်ကြည့်မိလေရာ မနေတတ်မထိုင်တတ်ဖြစ်သွားကာ၊ ကျွန်ုပ်တို့ကို မကြည့်တော့ဘဲ ဘေးပတ်ဝန်းကျင်ကို လျစ်လျူရှုကာ ကိုရဲခေါင်ကိုသာ မျက်လုံးဝေ့ကြည့်လျက်...

"အဲဒါ...ကျွန်တော့်အမြင်ချည်းပဲ မဟုတ်ဘူးဆရာ။ ဒရဝမ်





နာရရန်းရဲ့အမြင်လည်း ပါပါတယ်။ ဒါတွေက မကောင်းတဲ့အလားအလာတွေလို့ သူက ယူဆတယ်။ ကျွန်တော်ကကျတော့..."

"အဟင်း...။ အင်း...ပြော"

ကိုရဲခေါင်သည် ထိုကဲ့သို့ မနိုးမခန့်ရယ်လျက် ပြာတာမောင်သီးကို အသံပြုလိုက်လေသည်။

"ကျွန်တော့်အနေနဲ့ကတော့ အင်းစိန်စီအိုင်ဒီမှာ အလုပ်လုပ်နေတဲ့ လူတစ်ယောက်ဖြစ်လို့ ဒီကိစ္စဟာ သွေးရိုးကိစ္စ ဟုတ်မဟုတ်ဆိုတာကို အတော်လေး သံသယဖြစ်မိပါတယ်"

"ဘာဖြစ်လို့ ဖြစ်ရတာလဲ"

"အဲ...အဘွားကြီးက တစ်ယောက်တည်းနေပြီး အရမ်းချမ်းသာပါတယ်။ သားသမီးတွေကလည်း မရှိကြတော့ပါဘူး။ သေကုန်ကြပါပြီ"

"အေး...ဟုတ်ပြီ။ အဲဒီတော့..."

"အဲ...သူ့ချမ်းသာမှုကို လိုချင်တဲ့ လူတစ်ယောက်ယောက်က သူ့ကို အကျင့်မကောင်းတဲ့ဉာဏ်တစ်ခုခုနဲ့ ကြံစည်တယ်လို့ ထင်ပါတယ်"

"သူ့ဟာသူ တရားထိုင် မရတာကွာ"

"ဟုတ်ကဲ့"

"သူ့ဟာသူ အိပ်မက်ဆိုးမက်တာကွာ"

"ဟုတ်ကဲ့"

"အဲ... သူ့ဟာသူ ဘုရားပန်းတွေ ညှိုးတယ်ကွာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလောက်နဲ့တော့ သူများက မကောင်းကြံတယ်လို့ မင်းက ဘာကြောင့်ပြောရတာတုန်း"

"အဲ..."

ထိုကဲ့သို့ သံရှည်ကြီးဆွဲကာ ပြာတာမောင်သီးသည် ကျွန်ုပ်တို့၏ မင်းကြီးပုံစံမျိုး မေးကို လက်နှင့်သပ်လျက် စဉ်းစားပြီး ချက်ချင်းမဖြေနိုင်ဘဲရှိရာ ကျွန်ုပ်တို့အားလုံးသည် တစ်ဖက်မှ ရယ်ချင်စိတ် ပေါက်လာပြီး တစ်ဖက်မှမူ ပြာတာမောင်သီးကို ဖနောင့်နှင့် ပေါက်ချင်စိတ်ပင် ပေါ်လာမိလေသည်။

ပြာတာမောင်သီးသည် ထိုကဲ့သို့ တစ်ကိုယ်တော် အပြန်ပြန်အလှန်လှန် စဉ်းစားခန်းကို ခဏတဖြုတ် ဖွင့်လိုက်ပြီးနောက် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးကိုရဲခေါင်အား...

"မှုမှန်ကိစ္စတော့ မဟုတ်ဘူးဆရာ"

"အဲ...မှုမှန်ကိစ္စမဟုတ်ဘူးဆိုတာ မင်း ဘယ်လိုသတ်မှတ်သတုန်း"

"ဩော်...ရှင်းပါတယ် ဆရာရယ်။ အစက ဒီလို မဟုတ်ဘူး။ ခုရက်ပိုင်းအတွင်း ဖြစ်လာတာ"

"ဟုတ်ပြီ...။ တခြားရော ဘာအချက်ရှိသေးလဲ"

"အဲဒါတော့ အဲဒါတော့ ကျွန်တော် သေသေချာချာ မပြောတတ်ဘူး ဆရာ။ နာရရန်းကို တွေ့ချင်ရင်တော့ ကျွန်တော် ခေါ်ပေးပါ့မယ်"

"အာ...နာရရန်းက ခု ဘယ်မှာတုန်း"

"နာရရန်း အပြင်မှာ စောင့်နေတယ်ဆရာ"





"သူ့စိတ်ထဲမှာရော ဘယ်လိုရှိသတုန်း"

"သူ့စိတ်ထဲမှာတော့ ခုနက ကျွန်တော်ပြောပြတဲ့အတိုင်းပဲ ဆရာ။ သူကလည်း သခင်မကြီးကို တစ်ယောက်ယောက်က လုပ်ကြံမယ်လို့ ခံစားနေရတယ်။ အဲဒီမှာ သူ သံသယလေးတွေ ဝင်နေတယ်။ နောက်...ကျွန်တော်လည်း ကျွန်တော့်စိတ်ထဲမှာ အာရုံပေါ်လာတယ် ဆရာ"

"အင်း...လုပ်ပြန်ပြီ ဘာအာရုံတွေ ပေါ်လာတာလဲ"

"ဒါ...မရိုးသားတဲ့ကိစ္စတစ်ခုလို့ မြင်တယ်ဆရာ"

"အင်း...။ ကဲ...ထားပါတော့ကွာ။ အဲဒါ ငါ့ကို ဒီလိုလာပြောရမလား။ ကိုယ့်ဘာသာ နီးစပ်ရာပုလိပ်ဌာနကို အကြောင်းကြားပေါ့"

"အို...ဟို...အဲ ဒီလိုအကြောင်းကြားဖို့ဆိုတာလည်း ဆရာရယ်၊ ရာဇဝတ်မှုတွေ ဘာတွေကလည်း ဖြစ်တာမဟုတ်သေးဘူး။ ကိုယ်ကသာ သံသယဖြစ်နေမိတာကိုး။ ကျွန်တော်တို့က ဘေးကနေ ကူညီသူသက်သက်ပါ ဆရာရယ်။ ဒီလိုကူညီလို့လည်း ကျွန်တော်တို့မှာ ဘာအကျိုးမှ ဖြစ်မသွားပါဘူး။ ဒါပေမဲ့ ကိုယ့်အမေအရွယ်၊ အဘွားအရွယ် လူတစ်ယောက် အဲဒီလို စိတ်ခြောက်ခြားနေရတာ၊ နောက် မသက်သာစရာအခြေအနေမျိုးကိုမြင်တွေ့နေရတာ ကျွန်တော် မျက်ကွယ်မပြုရက်လို့ပါ။ ကျွန်တော့်မှာက ကူမယ်ဆို ဒီရုံးကလူတွေ ရှိနေရက်နဲ့ ဒီအတိုင်းကြီးနေရမယ်ဆိုရင် ကျွန်တော့်ကို ကျွန်တော် လိပ်ပြာမသန့်ဘူး ဆရာ။ ကျွန်တော် ကူညီသင့်တယ် ထင်လို့ပါ။ အဲဒါတော့ ရှိတာပေါ့နော်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမပေးနိုင်ပါဘူး။ ဒီလိုကိစ္စမျိုးဆိုတာ ဆရာကိုရဲခေါင်
ဖြေရှင်းပေးနိုင်မယ်ထင်လို့ ခု လာပြောတာပါ''

ထိုစကားကြောင့် ကိုရဲခေါင်တင်မကဘဲ ကျွန်ုပ်တို့ အင်းစိန်
စီအိုင်ဒီအရာရှိများမှာ ခေတ္တစဉ်းစားခန်းဝင်သွားမိလေသည်။ ကျွန်ုပ်
တို့ စဉ်းစားနေချိန်မှာပင် ကိုရဲခေါင်က ပြာ ဘမောင်သီးအား...

''ကဲ...ကောင်းပြီ မောင်သီး''

''ဗျာ...''

''မင်းရဲ့ နာရရန်းကို ငါ ထွက်မတွေ့တော့ပါဘူး''

''ဟုတ်ကဲ့ဆရာ''

''ကဲ...အဲဒီအိမ်ကို ငါ လိုက်ခဲ့မယ်။ တစ်ချက် ငါ
လိုက်ကြည့်ပေးမယ်။ ဟုတ်လား...''

''ဟုတ်ကဲ့ဆရာ...ကျေးဇူးပါပဲ။ ကျေးဇူးပါပဲ...ဆရာ''

ထိုသို့ပြောကာ ပြာတာမောင်သီးသည် ကိုရဲခေါင်ကို
ဦးညွတ်ရှိခိုးတော့မတတ် အရိုအသေပေးနေလေရာ ကိုရဲခေါင်က
ပုခုံးပုတ်၍ ဟန့်တားလိုက်ပြီး...

''ဗျို့...အိုင်ပီဦးအောင်မင်း''

''ပြောပါ ကိုရဲခေါင်''

''ကျွန်တော် လိုက်သွားလိုက်ဦးမယ်ဗျာ''

ကျွန်ုပ်သည် ရုံးမှာ ဆက်နေရင်ကောင်းမလား၊ ကိုရဲခေါင်
နှင့် ထလိုက်သွားလျှင် ကောင်းမလား စဉ်းစားနေရင်းမှာပဲ ပျင်း
ငြီးငွေ့ဖွယ်ကောင်းသည့် ဦးစန်းလွင်၊ ကိုလက်ျာ၊ ဆရာပိန် စသူတို့
၏မျက်နှာများကို မြင်မိကာ ကိုရဲခေါင်နှင့်အတူ လိုက်သွားမည်ဟု





သာ ဆုံးဖြတ်ပြီး...

''အင်း...သွားလေ။ ကျုပ်ပါလိုက်ခဲ့မှာပေါ့''

''အိုင်ပီ လိုက်မလား''

''လိုက်မှာပေါ့ဗျာ...။ ကိုရဲခေါင်သွားရင် ဘယ်တုန်းကများ
ကျွန်တော်က နေခဲ့ဖူးလို့တုန်း။ နောက်ပြီးတော့ ပြာတာမောင်သီး
ပြောသလိုပဲ ဒီကိစ္စက ရာဇဝတ်မှုတစ်ခု ထူးထူးခြားခြားဖြစ်မလာ
ဘူးလို့ မပြောနိုင်ဘူးလေ။ ဟုတ်တယ်...မဟုတ်လား''

ထိုစကားကို မည်သို့မှ ကိုရဲခေါင်က မတုန့်ပြန်သော်လည်း
ကျွန်ုပ်သည် စားပွဲပေါ်မှ သိမ်းဆည်းစရာရှိသည့်များကို သိမ်းပြီး
ဆိုင်ရာမှထကာ ကိုရဲခေါင်နှင့်အတူ ပြာတာမောင်သီး၏နောက်သို့
လိုက်ခဲ့လေသည်။

အင်းစိန်စီအိုင်ဒီနှင့် အနီးဆုံးကာကာဆိုင်တစ်ခုတွင် ပြာတာ
မောင်သီးပြောသည့် သူ၏မိတ်ဆွေဆိုသူ (အဘွားကြီး၏ ဒရဝမ်
ဆိုသူ) နာရရန်းဆိုသော ကုလားသည် အဆင်သင့်ပင် ထိုင်စောင့်
နေပြီး ကျွန်ုပ်တို့ကို တွေ့ရသောအခါ ဝမ်းသာအားရ ဆီးကြို
နှုတ်ဆက်လေသည်။ ထို့နောက်မှာမှ ကျွန်ုပ်တို့နှစ်ယောက်အနက်မှ
တစ်ယောက်သည် နာမည်ကျော်စုံထောက်ကြီး ဆားပုလင်းရဲခေါင်
ဆိုသူဖြစ်ကြောင်း သိသွားသည့်အတွက် ခုန်ပေါက်မြူးကူးမတတ်
ဣန္ဒြေထိန်းမရဖြစ်ကာ သူ၏မိတ်ဆွေ ပြာတာမောင်သီးအားလည်း
ဝမ်းပန်းတသာ ပွေ့ဖက်၍ ကျေးဇူးတင်စကား ပြောကြားလေသည်။

ကျွန်ုပ်တို့အနေနှင့်မူ ဤကိစ္စများသည် ထူးခြားလှသည်ဟု
မမြင်မိသည့်အလျှောက် မည်သို့မှ ခံစားရမှုမရှိဘဲ လူတာချို့၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပင်ပန်းမှုဒုက္ခကို ကူညီနိုင်ရန်အလို့ငှာ လာရောက်၍ နှစ်သိမ့်ဖြောင့်ဖျ ဆောင်ရွက်ပေးသည်ဟုသာ သတ်မှတ်၍ နာရရန်းခေါ်ရာနောက်သို့ လိုက်ခဲ့လေတော့သည်။

❋ ❋ ❋





## အခန်း[၄]

နာရရန်း ခေါ်ဆောင်သွားသော သူ၏ သခင်မဆိုသူ အလုပ်ရှင်အဘွားကြီး၏အိမ်သည် ရှေးဆန်ပြီး ခမ်းနားကြီးကျယ်လှသော နှစ်ထပ်တိုက်အဝါကြီးဖြစ်၏။ ကြီးကျယ်လွန်းသည့်အတွက်ကြောင့် အိမ်သည် အိမ်နှင့်မတူတော့ဘဲ စက်ရုံကြီးတစ်ခုလိုလို၊ အလုပ်ရုံကြီးတစ်ခုလိုလို ဖြစ်နေလေတော့သည်။ ထိုသို့သော အိမ်မျိုးကို ကျွန်ုပ်သည် ကျွန်ုပ်နှင့်သိကျွမ်းခင်မင်သော ရွှေတောင်မြို့မှ ဂျနီတာသဇင်၏ ဖိတ်ခေါ်တွေ့ဆုံမှုအရ တစ်ခါရောက်ရှိဖူးလေသည်။ ကိုရဲခေါင်ကမူ သာယာပုံမပြဘဲ အိမ်ထဲမဝင်ခင်မှာပင် နာရရန်းအား...

"ကဲ...နာရရန်းရေ"

"မင်းတို့အလုပ်ရှင် အဲဒီအချိန်ပေါ့ကွာ၊ အခုအိမ်မှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သလား''

"ဗျာ...ပြောပါဆရာ။ အဲ...ရှိပါတယ်ဆရာ။ ရှိပါတယ်"

"မင်းက ငါတို့ကို ခေါ်လာတာက ဘယ်လိုပြောပြီး ခေါ်လာတာတုန်း"

"ဗျာ...ဆရာ။ ဆရာ ဘာပြောလဲလို့ ကျွန်တော် နားမလည်ဘူးခင်ဗျ"

"မင်းနဲ့ ငါတို့ရုံးက ပြာတာမောင်သီးနဲ့သာ ဒီကိစ္စဟာ ရာဇဝတ်မှုတစ်ခုခုဖြစ်ရင် ဖြစ်သွားနိုင်တယ်လို့ ယူဆပြီးတော့ ငါတို့ကို လာခေါ်ကြတာ မဟုတ်လား"

"ဟုတ်ပါတယ်...ဆရာ"

"အေးလေ...။ ဒီအိမ်ရှင်ကြီးအနေနဲ့ကျတော့ မင်းတို့ ငါတို့ အဲသလိုလာခေါ်တာကို သိရဲ့လား။ နောက်ပြီး သိတယ်ဆိုရင်တောင်မှ မင်းက ဘယ်လိုပြောပြီး ငါတို့ကို ခေါ်လာတာလဲ။ သူနဲ့ဆက်ဆံရတဲ့အခါမှာ လွယ်ကူအောင်အတွက် မင်းကို ခု မေးနေတာ"

"ဪ...ဪ ဟုတ်ကဲ့ ဆရာ။ သူ...သူ"

နာရရန်းသည် ထစ်ငေါ့ထစ်ငေါ့နှင့် စကားဆက်မပြောနိုင် ဖြစ်နေရာ ကိုရဲခေါင်သည် သဘောပေါက်သွားပြီး...

"ကဲ...ကဲ ပြောမနေနဲ့တော့။ မင်းတို့က ကြိုကြိုတင်တင် ငါတို့ကို ညှိနှိုင်းမထားဘူးကိုး။ အိမ်ပေါက်ဝ ရောက်နေပြီဆိုကတည်းက ငါတို့တွေက ဝင်ရမှာပဲ။ ဒါပေမဲ့ မင်းတို့ အိမ်ပိုင်ရှင်အဘွားကြီးရဲ့ စိတ်ဓာတ်က ဘယ်လိုအခြေအနေရှိသတုန်း"





"သဘော...အင်း...သဘောကောင်းတယ် မဟုတ်ပေမယ့် ဆိုးတယ်လည်းမဟုတ်ပါဘူး ဆရာ။ သာမန်ပါပဲ"

"အင်း...မင်းကတော့လေ ကုလားဖြစ်နေလို့ပဲ။ မြန်မာစကားကို တော်တော်ပြေလည်အောင်ပြောတတ်တယ်။ အထူးသဖြင့် ငါတို့ရုံးက ပြာတာမောင်သီးထက်တော့ မင်း သာသကွာ"

ထိုအခါ နာရရန်းသည် ကိုရဲခေါင်က ချီးမွမ်းစကားပြောခြင်းကို မိုးပေါ်မှ သကြားမင်းက လာရောက်၍ ကူညီမစခြင်းခံရသကဲ့သို့ ပျော်မြူး၍ ပီတိဖြစ်သွားကာ ကွမ်းသွေးများ နီရဲနေသော သွားခပ်ကျဲကျဲတို့ဖြင့် တဟဲဟဲရယ်လေသည်။

"ကဲ...ကဲ ထားလိုက်ပါတော့။ ငါတို့ကို အိမ်ထဲခေါ်သွား"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ဆရာ"

ထိုသို့ဖြင့် ကျွန်တော်တို့သည် နာရရန်း၏ ဦးဆောင်ခေါ်ယူမှုအတိုင်း လိုက်သွားပြီး ထိုခမ်းနားထယ်ဝါလှသော သို့မဟုတ် ငြိုးငွေ့ ကြောက်ရွံ့ဖွယ်ရာကောင်းလှသော အိမ်ကြီးထဲသို့ လိုက်ပါသွားကြရလေသည်။ အိမ်ကြီး၏ ကျယ်ဝန်းမှုက စိတ်ပျက်ဖွယ်ရာကောင်းလှပြီး တစ်နည်းအားဖြင့်ပြောရလျှင် အားကျဖွယ်ရာ ကောင်းလှပြီး ခမ်းနားထည်ဝါသောအခန်း၊ အခန်းတို့ကို ဖြတ်သန်းမဆုံးနိုင်အောင်ရှိရာကား ကျွန်ုပ်တို့သည် အမှုသည်တစ်ယောက်၏ နေအိမ်သို့ အမှုကိစ္စနှင့်ပတ်သက်ပြီး ကူညီစောင်မရန် ရောက်လာသည့် အနေအထားမှာ မရှိဘဲ နယ်တစ်နယ်ခြားမှ ရဲတိုက်တစ်ခုထဲသို့ ဝင်ရောက်၍ လည်ပတ်နေကြသူများပမာ ဖြစ်နေရလေသည်။ နာရရန်းသည်...



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ...ဒီမှာ ရောက်ပါပြီ''

အခန်းတစ်ခန်းရှေ့မှာ ထိုကဲ့သို့ပြော၍ ကျွန်ုပ်တို့ကို လက်ညှိုးညွှန်ပြပြီး အခန်းထဲသို့ ဝင်နိုင်ရန်လည်း ကိုယ်ကိုရှိန်၍ ဖယ်ပေးလေသည်။ ကျွန်ုပ်အနေနှင့်မူကား ဘယ်လိုရောက်နေမှန်းကို မသိအောင်ဖြစ်ရပြီး နာရရန်းအား 'မင်းကသာ ရောက်နေပြီး ပြောတယ်။ ဘယ်ရောက်မှာလဲ မသိဘူး။ ဘယ်ကို ခေါ်မှန်းလည်း မသိဘူး။ ဘာလဲ...အဘွားကြီးခေါ်လာတာလား၊ ဘယ်သူ့ဆီ ခေါ်လာတာလဲ'ဆိုသော မျက်လုံးမျိုးနှင့် အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်လေသည်။

နာရရန်းသည် အင်မတန်လူရည်လည်သော အိန္ဒိယလူမျိုး တစ်ဦးဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်မျက်လုံးမှ စကားအဓိပ္ပါယ်ကို ချက်ချင်းပင်လျှင် ဖတ်မိသဘောပေါက်ကာ...

''အန့်တီကြီး ရှိပါတယ် ခင်ဗျ''

ထိုသို့ ချေငံပြေပြစ်သောစကားဖြင့် ကျွန်ုပ်တို့ကိုလည်း အကျိုးအကြောင်း ပြန်လည်ဖြေရှင်းပေးသည်။ အထဲမှာရှိနေသော အိမ်ပိုင်ရှင်အဘွားကြီးကိုလည်း လှမ်း၍ ကြိုတင်အသိပေးလိုက်လေသည်။ မထူးတော့ပြီဖြစ်၍ ကျွန်ုပ်သည်လည်း ကိုရဲခေါင်နောက်မှပင် ကပ်၍လိုက်သွားကာ အခန်းထဲရောက်သွားပြီး အိမ်ရှင်အဘွားကြီးနှင့် စကားစမြည်ပြောဖို့အတွက် လိုအပ်သလို ပြင်ဆင်ရလေသည်။ သို့သော်လည်း ကျွန်ုပ်တို့ပြောဆိုရခြင်းမရှိဘဲ အဘွားကြီးသည် (မျှော်လင့်ထားခြင်း မရှိသည်များ လက်တွေ့မှာ ဖြစ်ရတတ်သည့် အနေအထားအရ) ကိုရဲခေါင်ကို မြင်မြင်ချင်းပင်လျှင် ချစ်ခင်ရင်းနှီးစွာ...

''သား...သား''

ဟု နှုတ်မှ တဖွဖွခေါ်လေတော့သည်။

''ဟယ်...သား။ ဘယ်...ဘယ်က ရောက်လာတာတုန်း''

ကိုရဲခေါင်သည် မျက်လုံးထဲမှာ အဓိပ္ပါယ်တစ်ချို့ ဖြတ်ပြေးသွားခဲ့သလို ရှိပြီးမှ...

''အန့်တီ...။ ဒီအိမ်မှာ နာရရန်းလို့ခေါ်တဲ့ ကုလားလူမျိုး တစ်ယောက် ရှိတယ်မဟုတ်လား''

''အင်း...ရှိတယ်လေ။ နာရရန်း...။ အခု နာရရန်းပဲ သားကို လိုက်ပို့တယ် မဟုတ်လား''

''ဟုတ်ပါတယ်။ နာရရန်းပဲ လိုက်ပို့တာပါ''

''အေး...သားကလည်း ထိုင်ဦးလေကွယ်။ ကဲ...ထိုင်ကြ ထိုင်ကြ။ သြော်...နာရရန်းဆိုတဲ့ကောင်ကလည်း ခက်လိုက်တာ ကွယ်။ ဧည့်ခန်းထဲမှာများ ကောင်းကောင်းမွန်မွန် ထိုင်စရာနေရာ ကလည်း ဟုတ်တိပတ်တိ မရှိဘူး။ ကဲ...ထိုင်ကြကွယ်...ထိုင်ကြ''

ကျွန်တော်တို့သည် အဘွားကြီး၏ အခန်းထောင့်မှ နှစ်လုံးထဲသာရှိသော ခုံတွင် ဝင်ရောက်ထိုင်ကြပြီး အဘွားကြီးကမူကား သူ၏ ခုတင်ပေါ်တွင် ထိုင်လေသည်။ နာရရန်းသည် သူ၏ အိပ်ခန်းထဲသို့ ကျွန်ုပ်တို့ကို လာရောက်ပို့ဆောင်ခြင်းဖြစ်သောကြောင့် ကျွန်ုပ်အနေနှင့် စိတ်ထဲမှ လူရည်လည်လှသော ဤကုလားကို မနာလိုတိုရှည်ဖြစ်စွာ ကျိန်ဆဲမိလေသည်။ ဧည့်ခန်းထဲတွင် စကား ပြောဆို၍ ကောင်းမည် မထင်သောကြောင့် (ကျွန်ုပ်တို့သိလိုသော






www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများနှင့် အိမ်ပိုင်ရှင်အဘွားကြီး ဖြေဆိုသော အဖြေများသည် အခြားလူများအတွက် ကြားခွင့်မရလျှင် မကြားနိုင်ရန် လျှို့ဝှက်ထား ခွင့်ရှိလျှင် လျှို့ဝှက်ထားနိုင်ရန်) သူသည် အဘွားကြီး၏ အိပ်ခန်း တွင်းထိ ကျွန်ုပ်တို့ကို ပို့ဆောင်ခဲ့ခြင်းဟု ကျွန်ုပ်စိတ်ထဲမှာ ခံစားမိ လေသည်။

မည်သို့ဖြစ်စေကာမူ အဘွားကြီးက ကိုရဲခေါင်အား တွေ့ တွေ့ခြင်း 'သား...'ဟု ခေါ်ကာ ထိုကဲ့သို့ အသွင်သွင် နှုတ်ဆက် နေခြင်းအတွက် ကိုရဲခေါင် မည်သို့တုံ့ပြန်မည်ဆိုသည်ကို ကျွန်ုပ် အနေနှင့် နံဘေးမှ စိတ်ဝင်တစား ထိုင်ကြည့်နေမိမည်ဖြစ်ကြောင်းကို အထူးအထွေပြောနေစရာ မလိုတော့ချေ။ ကိုရဲခေါင်သည် စိတ် အနှောင့်အယှက် ဖြစ်သွားစရာရှိသော အဘွားကြီး၏ 'သား...'ဟု ခေါ်ကာ ဖြူနုံးဖိုင်း နှုတ်ဆက်မှုကို မည်သို့မှ ခံစားရသည့်ပုံစံမပြဘဲ အဘွားကြီး၏ မျက်လုံးများကို စေ့စေ့ကြည့်လျက်...

"နာရရန်းက ပြောတယ်။ အဒေါ်ကြီး ညညအိပ်လို့ရှိလျှင် လည်း သိပ်အဆင်မပြေဘူး။ အိပ်မက်ဆိုးတွေ အရမ်းမက်တယ် ပြောတယ်"

"အေး...ဟုတ်တယ်ကွယ်။ အိမ်မှာ ဆိုးတဲ့မိုက်တဲ့ကောင် က မပြောပါနဲ့တော့။ ဒါထက်...သားက ဆရာဝန်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်...သားက ဘာတုန်းကွယ်"

"ကျွန်တော်က အဒေါ်ကြီးကို ကူညီဖို့ နာရရန်းက လာခေါ်တဲ့အတွက်ကြောင့် လိုက်လာတဲ့လူပါ"





"အဲ...အဲဒါ ဟုတ်ပြီလေ။ အဒေါ်ကြီးသိချင်တာ သားက ဘာလဲလို့ သိချင်တာ"

"ကျွန်တော်က သာမန်လူတစ်ယောက်ပါပဲ"

အဘွားကြီးသည် ကိုရဲခေါင်ကို စေ့စေ့ကြည့်ကာ သူ၏ နံဘေးမှာ ထိုင်နေသော ကျွန်ုပ်ကိုလည်း အကဲခတ်သလို တစ်ချက် ကြည့်လေ၏။ ပြီးမှ ကိုရဲခေါင်ဆီသို့ မျက်နှာပြန်မူကာ အဘွားကြီး တစ်ယောက်၏ ဇီဇာကြောင်တတ်သည့် မျက်လုံးမျိုးနှင့်...

"သားကကွာ..."

ထိုသို့ ညည်းတွားပြီး ဘာမှဆက်မပြောဘဲ နေလေသည်။ ကိုရဲခေါင်ကလည်း ဘာမှ ဆက်မမေးဘဲ အဘွားကြီး၏ မျက်နှာ ကိုသာ စေ့စေ့ကြည့်ပြီး ထိုင်နေသည့်အတွက်ကြောင့် အခန်းထဲမှာ အချိန်အတော်ကြာသည့်ထိပင်လျှင် တိတ်ဆိတ်လျက်ရှိပြီး ကျွန်ုပ် သည် နံဘေးမှ နေရထိုင်ရကြပ်ကာ ဤအိမ်ကြီး၏ ပျင်းရိငြီးငွေ့ ဖွယ်ရာ ရှန့်ကို မူလထက်ပင် ပို၍ ခံစားနေရလေတော့သည်။

အတန်ကြာမှ ကိုရဲခေါင်သည် သူ၏ သံလိုက်ဓာတ်ပါ၍ ဆွဲဆောင်မှုအပြည့်ရှိသော စကားလုံး လေယူလေသိမ်းများဖြင့် အဘွားကြီးအား မေးစရာရှိသော မေးခွန်းများကို တစ်ခွန်းချင်း၊ တစ်ခွန်းချင်း အေးဆေးတည်ကြည်စွာ မေးလေသည်။

"အဘွား...ခုတလော ဘာသာရေးလုပ်ရတာတွေမှာ စိတ် အနှောင့်အယှက်ဖြစ်စရာတွေ ကြုံနေတယ်လို့ ကြားတယ်"

"ဟုတ်ပါတယ် သားရယ်...။ ဟုတ်ပါတယ်"

"အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော် နာရရန်းရဲ့ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းချက်အရ အကြံပေးမယ်လို့ စိတ်ကူးထားတယ်''

''အင်း...အကြံဉာဏ်ပေးမယ်ဆိုရင်လည်း ဖြစ်နိုင်တဲ့ အကြံဉာဏ်မျိုးကို ပေးပါ သားရယ်...''

''ဟုတ်ပြီလေ...ကောင်းပါပြီ၊ ကျွန်တော် သိချင်တာလေး တွေကိုသာ အဘွားက နည်းနည်းဖြေပေးပါ''

''အေး...ကောင်းပါပြီကွယ်...ကောင်းပါပြီ။ ဘာသိချင်လဲ မေးပါ။ သား မေးသမျှကို အဘွားက အကောင်းဆုံးဖြစ်အောင် ဖြေပေးပါ့မယ်''

''အဘွား အခုတလောမှာ တရားထိုင်ရတာ အရင်လို စိတ်တည်ကြည်မှု မရဘူးလို့ ကြားရတယ်၊ အဲဒါ ဟုတ်ပါသလား''

''ဟုတ်တယ်...သား''

''အရင်ကနဲ့ အခုနဲ့ ဘယ်လိုများ ကွာနေသလဲ''

''အရင်ကဆိုလို့ရှိရင် သမာဓိမြန်မြန်ရတယ်ပေါ့ သားရယ်။ စိတ်တည်ကြည်မှုက အရမ်းကြီးအာရုံစိုက်စရာ မလိုဘူး။ အခု နောက်ပိုင်းမှာကျတော့ အဲဒီလိုမဟုတ်ဘဲနဲ့ တရားထိုင်လို့ မရ လောက်အောင် စိတ်တွေက ပျံ့လွင့်နေတယ်။ ဘာမှ သမာဓိမရ လိုက်ဘဲနဲ့ တရားထိုင်တာကို ဖြုတ်ပြီး အပြင်ထွက် လမ်းလျှောက် ရတဲ့အခါတွေ များလှပြီ''

''အင်း...အဲဒါဆိုရင် ကျွန်တော်သိချင်တာ တစ်ခုရှိတယ်''

''အေး...ပြော။ ပြောပါ သား''

''အဘွား...အရင်က တရားထိုင်တာနဲ့ အခု တရားထိုင် တာနဲ့ အချိန်ကွာဟမှုများ ရှိသလား''





''ကွာတာပေါ့...။ အရင်တုန်းကဆိုလို့ရှိရင် တစ်နာရီ လောက် ထိုင်နိုင်တယ်၊ အခုဆိုလို့ရှိရင် ဆယ့်ငါးမိနစ်ထိုင်တာတောင် မရလို့''

''ဩော်...မဟုတ်ဘူး မဟုတ်ဘူး''

ကိုရဲခေါင်က အဘွားကြီး၏စကားကို လက်ကာ၍ ဟန့် တားလိုက်သည်။ သူ၏ မေးခွန်းကို ပြန်ပြင်လေသည်။

''ကျွန်တော်မေးတာ ဒီသဘောမဟုတ်ဘူး အဘွား။ အဘွား တရားထိုင်တာ မနက်ပိုင်းမှာ ထိုင်သလား၊ ညပိုင်းမှာ ထိုင်သလား၊ နေ့ခင်းပိုင်း ထိုင်သလား။ အရင်က ထိုင်တဲ့အချိန်နဲ့ အခုထိုင်တဲ့အချိန် တူသလားဆိုတာ အချိန်အပိုင်းအခြားကို ပြော တာပါ''

''ဩော်...အရင်က မနက်ပိုင်းထိုင်တယ် သားရယ်။ အခု ကြတော့ မနက်ပိုင်းမှာ မထိုင်ဖြစ်ဘူး။ နေ့လည်ပိုင်းမှာ ထိုင်တာများ တယ်''

''ဩော်...အင်း...အင်း ဟုတ်ပြီ''

ကိုရဲခေါင်သည် ထိုသို့ပြောပြီး နံရံကို စိုက်ကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစားလျက်ရှိပြီး သူ၏ ခေါင်းကိုလည်း တဆတ် ဆတ်ညိတ်ကာ သဘောပေါက်သည့်ဟန်ကို ပြလေသည်။ အဘွား ကြီးသည် ကိုရဲခေါင်၏ မျက်နှာကို အားကိုးတကြီးနှင့် ကြည့်နေပြီး ကိုရဲခေါင် ဆက်ပြောလာမည့်စကားကို ငံ့လင့်လျက်ရှိကာ ကျွန်ုပ် အနေနှင့် သူတို့နှစ်ယောက်၏ ပြဿနာဖြေရှင်းမည့်ပုံဟန်ကို နားမလည် နိုင်သော စိတ်မပါတပါနှင့် စောင့်ကြည့်နေမိလေသည်။ ကိုရဲခေါင်က...



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မေးစရာ ကျန်သေးတယ်"

"ကျန်သေးရင် မေးပေါ့ သားရယ်…"

"ညအိပ်လို့ရှိရင်လည်း အိပ်မက်ဆိုးတွေ မက်တယ်လို့ သိရတယ်။ အဲဒါကော တကယ်ပဲလား"

"အင်း…တကယ်ပါပဲ သားရယ်။ တကယ်ပါပဲ"

"အဲဒီလိုဖြစ်တယ်ဆိုတာကလည်း ခုနက မေးခွန်းအတိုင်း ထပ်မေးစရာတွေ ရှိသေးတယ်။ ဆိုပါစို့… အိပ်ခန်းအပြောင်းအလဲများ ဒီကြားထဲမှာ လုပ်ခဲ့သလား"

"ဟင့်အင်း…မလုပ်ပါဘူး"

"ခုတင်အပြောင်းအလဲကော လုပ်ခဲ့သလား"

"ခုတင်အပြောင်းအလဲလည်း မလုပ်ပါဘူး"

"အိပ်တဲ့ပုံစံပြောင်းသွားသလားဆိုတာက ခေါင်းကို အရင်ထားတဲ့ဘက် မဟုတ်တဲ့ တခြားဘက်ပြောင်းထားတဲ့ကိစ္စမျိုး ရှိခဲ့သလား"

"ဪ…ရှိတယ် သား။ အဲဒါတော့ ရှိတယ်"

အဘွားကြီးက ယခင်က မည်သို့အိပ်ပြီး၊ နောက်ရက်မှာ ခုတင်ကို ပုံစံရွှေ့ကာ သူ မည်သို့ ပြောင်းလဲအိပ်ခဲ့သည်ဆိုသည့် အကြောင်းကို ပြောပြလေသည်။ အဘွားကြီးတို့၏ ပုံစံအတိုင်း ကကျိုကကြောင်နိုင်ကာ လေလည်းရှည်တတ်ပုံရသဖြင့် အဓိက ပြောလိုသည့် အချက်ကလေးများကို ဖွဲ့နွဲ့ပြီး မဆုံးနိုင်လောက်အောင် ရှည်ရှည်လျားလျား ဖြေရှင်းပြောပြနေလေသည်။ ကိုရဲခေါင်သည် စိတ်ရှည်သည်းခံစောင့်ဆိုင်းနေပြီး တစ်ဖက်မှလည်း အခန်းကို





မသိမသာအကဲခတ်လျက်ရှိနေကြောင်းကို ကျွန်ုပ်အနေနှင့် နံဘေးမှ သတိထားမိလေသည်။ လိုအပ်လျှင် နောင်အခါ ကိုရဲခေါင် ပြန်လည်ဆွေးနွေးလာပါက မိမိကလည်း ပြန်လည်ပြောပြနိုင်ရန် အတွက် ကိုရဲခေါင်နည်းတူပင် အခန်း၏ ပြင်ဆင်ပုံအနေအထားများကို လိုက်ပါအကဲခတ် သတိထားကြည့်မိနေလိုက်လေသည်။ အတန်ကြာမှ ကိုရဲခေါင်က…

"အင်း…အင်း…။ အဘွားကို မေးချင်တာက ဒီလောက်ပါပဲ။ ဒီကိစ္စပြီးတဲ့နောက်မှာ ဘုရားစင်ပေါ်က ပန်းတွေလည်း ညှိုးတတ်တယ်ဆိုတာ ရှိသေးတယ်ဆို။ အဲဒီဘုရားပန်းကပ်တာ ဘုရားပန်းဝယ်တာ ဘယ်သူများ ဝယ်သလဲ မသိဘူး"

"ဪ…အိမ်ဖော် အိမ်ဖော်မလေး ဝယ်ပါတယ်။ မသန်းလှဆိုတဲ့ အိမ်ဖော်မလေး ရှိပါတယ်။ သူ ဝယ်ပါတယ်"

"အဲဒါဆိုရင် အဲဒီ မသန်းလှနဲ့ ကျွန်တော် ခဏတွေ့လို့ ရမလား"

"ရပါတယ် သားရယ်…ရပါတယ်"

ထိုသို့ပြောပြီး အဘွားကြီးသည်…

"နာရရုန်းရေ…"

ထိုအခါ အခန်းအပြင်တွင် အဆင်သင့်ရပ်စောင့်နေသော နာရရုန်းက…

"ပြောပါ…မေမေကြီး"

"ဟိုကောင်မလေး သန်းလှကို သွားခေါ်လိုက်စမ်းကွယ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့ မေမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



နာရရုန်း ထွက်သွားပြီး မကြာမီမှာပင် ရုပ်ရည် ရွက်ကြမ်း ရေကျိုနှင့် ရိုးရိုးအအ ထူထူထဲထဲနိုင်လှပုံပေါ်သော အိမ်ဖော်မလေး သန်းလှဆိုသူသည် ရောက်ရှိလာလေသည်။ ကိုရဲခေါင်က သန်းလှ ပုံစံကို တစ်ချက်ပဲ အကဲခတ်သလိုကြည့်ကာ...

''ဘုရားပန်းတွေ မင်း သွားဝယ်တာလား''

''ဟုတ်ပါတယ်''

''ဘုရားပန်းကပ်တာ၊ ဘုရားစင်သန့်ရှင်းရေးလုပ်တာ၊ အဲဒါ တွေကကော မင်းလုပ်တာပဲလား''

''အရင်တုန်းကတော့ မေမေကြီး လုပ်ပါတယ်။ အခု ကျွန်မ လုပ်ပါတယ်''

''အေး...ဟုတ်ပြီ၊ မင်း အဲဒီဘုရားပန်းတွေကို ဘယ်ဈေး က ဝယ်သလဲ''

''ဒီလမ်းဟိုဘက်က ဈေးကြီးကပါပဲ''

''အဲဒီမှာ ပန်းတွေကို ဘယ်အချိန်ဝယ်တုန်း''

''ကျွန်မ မနက်စောစော ဈေးသွားလေ့ရှိပါတယ်ရှင်။ စောစောဝယ်ပါတယ်''

''စောစောဆိုတာ ဘယ်အချိန်လောက်လဲ''

''ဟုတ်...။ ခုနစ်နာရီလောက်ပါပဲ''

''ကောင်းပြီ၊ အဲဒီလို ဝယ်တဲ့အခါကြတော့ တစ်ဆိုင်ထဲမှာ စွဲဝယ်သလား၊ ကြုံတဲ့ဆိုင်မှာပဲ ကြုံသလို ဝယ်လေ့ရှိသလား''

''ကြုံတဲ့ဆိုင်မှာ ကြုံသလို ဝယ်လေ့ရှိပါတယ်ရှင်''

''ပန်းတွေ လတ်မလတ်ဆိုတာတော့ ရွေးချယ်တတ်ရဲ့ လား''

''ဟုတ်ကဲ့။ ရွေးချယ်တတ်ပါတယ်''

''ပန်းကို ဒီရောက်လာတဲ့အခါမှာ ဘုရားမကပ်မီ ဘယ်လို ရေဆေးလေ့ ရှိသလဲ''

''ဟုတ်ကဲ့...။ ရေထဲ စိမ်ထားပါတယ်''

''မင်း ရေစိမ်တဲ့ပုံးကို ငါ ကြည့်ချင်တယ်''

''ဟုတ်ကဲ့ရှင့်...ဟုတ်ကဲ့''

''နေဦး...။ အဲဒါ ပြီးမှကြည့်မယ်။ အခု ငါ့ကို ဘုရား ခင်ဆီ ခေါ်သွားပါ''

''ဟုတ်ကဲ့ရှင့်...ဟုတ်ကဲ့''

ထိုသို့ပြောကာ သန်းလှသည် အရင် အဘွားကြီး၏ မျက်နှာကို ခွင့်တောင်းသကဲ့သို့ တစ်ချက်ကြည့်ပြီး ကျွန်ုပ်တို့အား ဘုရားခန်းသို့ ခေါ်သွားရန် ပြင်လေသည်။ အဘွားကြီးက...

''ငါလည်း လိုက်ခဲ့မယ်''ဟု ဆိုသဖြင့်...

ကျန်းမာပုံရသော်လည်း အသက်ကြီးသော အဘွားအို ဖြစ်နေ၍ သူတို့၏ မေမေကြီးဟုဆိုသူကို နံဘေးမှတွဲ၍သာ ဖြည်း ဖြည်းချင်း ဘုရားခန်းဆီသို့ ခေါ်ဆောင်သွားလေသည်။ နာရရုန်း သည်လည်း ကျွန်ုပ်တို့၏နောက်မှ ကပ်၍ပါသောကြောင့် ငါးယောက် သား ဘုရားခန်းသို့ အပြုံလိုက်ကြီး ရောက်သွားကြလေသည်။ ဘုရားခန်းသည် ကျယ်ဝန်းပြီး ခမ်းနားသည်နှင့်အမျှ ဘုရားစင်သည် လည်း သပ္ပာယ်ကြည်ညိုဖွယ်ရာကောင်းအောင် ပြင်ဆင်ထားခြင်း ခံရလေသည်။ ဘာသာရေးသမားကောင်းတစ်ယောက်၏ လေးစား





www.burmeseclassic.com

www.burmeseclassic.com



အပ်သော ဂါရဝတရားကို ထိုဘုရားခန်းတွင် သိသာမြင်သာရှိလေသည်။ ကိုရဲခေါင်သည် ဘုရားစင်မှ နွမ်းနေသည့် (အနွမ်းလည်း လွန်လှပါသည်) ဖောက်ပြန်နေသည်ဆိုသော ပန်းများကို အနီးကပ်၍ လေ့လာကြည့်ရှုလေသည်။

ကိုရဲခေါင်က အိမ်ဖော်မလေး သန်းလှအား...

"နင် ပန်းတွေဝယ်တဲ့အခါမှာ မှုဟံရှည်ကို ဘယ်လိုရွေးဝယ်သလဲ"

"အင်း...ဒီလိုပါပဲရှင်။ ရှည်ရှည်လေးတော့ ဝယ်တာပေါ့။ ဒီရောက်မှ လွန်လို့ရှိရင် ညှပ်ပစ်ပြီး ပန်းအိုးထဲမှာ အဲ...ညောင်ရေအိုးထဲမှာ လှအောင်ဆင်ရ...ဆင်ရတာပေါ့၊ အဲလိုပေါ့ရှင်"

"အေး...ဟုတ်ပြီ၊ ညောင်ရေအိုးကိုကော ညည်း ရေမှန်မှန် လဲရဲ့လား"

"ရှင်...။ ရေမှန်မှန်...။ ရေမှန်မှန်ကတော့ လဲပါတယ်။ ဟို...မနက်တိုင်း မနက်တိုင်း ညောင်ရေအိုးတွေဆေး၊ ရေ...ရေအသစ်လဲ၊ ပန်းအသစ်ထည့်တာပါပဲ။ အဲဒီလို ပုံမှန်လုပ်တာပါပဲ"

"အေး...မင်းကိုယ်တိုင်ကရော ဒီဘုရားပန်းအိုးတွေ ဒီလိုမြန်မြန်ညှိုးနေတာ ဘာကြောင့်လို့ ထင်သလဲ"

သန်းလှသည် ထိုမေးခွန်းကို ဖြေကြားရန်အတွက် တွန့်ဆုတ်သွားသကဲ့သို့ရှိပြီး တစ်စုံတစ်ရာကိုလည်း ကြောက်ရွံ့ဟန်ပြကာ...

"မပြောရဲပါဘူးရှင်..."

"မပြောရဲဘူးဆိုတာ ဘာဖြစ်လို့လဲ"





"ဟို...ဟို...ဟို မေမေကြီးကလည်း အိပ်မက်တွေ မကောင်းဘူးတဲ့"

"ကြော်...ထားပါတော့၊ အဲဒါ ခုန ငါသိပြီးပါပြီ။ တခြားအကြောင်းပြချက်ရှိရင် ပြောစမ်း"

"ဘာမှ မရှိပါဘူးရှင်။ မေမေကြီးကလည်း အိပ်မက်တွေ မကောင်းဘူး၊ တရားထိုင်ရတာလည်း စိတ်မငြိမ်ဘူး"

"ထားလိုက်တော့၊ အဲဒါတွေ နင် ဆက်ပြောမနေနဲ့တော့၊ အဲဒါတွေအကုန် ငါသိတယ်။ အေး...ခဏနေဦး"

ထိုသို့ပြောပြီး ကိုရဲခေါင်က သန်းလှကို ဆက်မမေးနေတော့ဘဲ ဘုရားစင်ကိုသာ တစ်ချက်နှစ်ချက် စေ့စေ့ငုံအကဲခတ်နေလေသည်။ ပြီး...

"ဟို...အပေါ်က လေဝင်ပေါက်တွေက နေရောင်ကော အခန်းထဲကို ရောက်သလား"

"နေရောင်ခြည်ရောက်...ရောက်ပါတယ်ရှင်။ ရောက်နေပါတယ်"

ထိုအခါ ကိုရဲခေါင်သည် ထိုနေရောင်ရောက်သည်ဆိုသော လေဝင်ပေါက်ကို စူးစိုက်ကြည့်ရာမှ မျက်လုံးတို့ ခေတ္တငြိမ်သက်သွားပြီး တစ်စုံတစ်ရာကို စဉ်းစားနေဟန်လည်း ပြလေသည်။ ပြီးမှ တစ်ခါ...

"နာရရှန်းရေ"

"ဗျာ...ဆရာ"

"သူ ပန်းစိမ်တယ်ဆိုတဲ့ အိုးကို သွားယူခဲ့စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်…ဟုတ်…ဟုတ်ကဲ့ ဆရာ"

နာရရန်းသည် လျင်မြန်သွက်လက်စွာ ပြေးထွက်သွားပြီး ခဏအကြာမှာ ပုံးတစ်ပုံးကို ယူလာကာ ဘုရားခန်းထဲသို့ ပြန်လည်ရောက်ရှိလာလေသည်။ ပုံးမှာ အထဲတွင် ရေထည့်ထားခြင်းမရှိသောကြောင့် အလွတ်ဖြစ်နေပြီး ထိုပုံးမှာ ပ⌐ ပ်စတစ်ပုံးဖြစ်နေတာကိုလည်း မြင်တွေ့ရလေသည်။ ကိုရဲခေါင်က ထိုပုံးကို ကိုင်မကြည့်ချေ။ နာရရန်းလက်ထဲမှာ ပါလာသည်ကိုသာ တစ်ချက်လှမ်းကြည့်လိုက်ပြီး…

"ကဲ…ကဲ…ရပြီ…ရပြီ။ သွား…ပြန်ထားလိုက်"

"ဗျာ…ဆရာ"

"ရပြီ…သွားပြန်ထားလိုက်လို့"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ထို့နောက် ကိုရဲခေါင်သည် ချက်ချင်း အဘွားကြီးအား…

"အမေ…ဘာမှ စိတ်ပူမနေပါနဲ့တော့"

"အင်း…ဘာဖြစ်လို့လဲ သားရဲ့"

"အမေ့ပြဿနာက အမေတို့ ထင်သလို မဟုတ်တရုတ်ပယောဂတွေ နှောင့်ယှက်တာမျိုး မဟုတ်ပါဘူး။ ရိုးရိုးတန်းတန်းကိစ္စလေးပါပဲ"

"အင်း…အင်း…။ သား အဲဒါ ဘာဖြစ်လို့ အဲဒီလိုပြောနိုင်ရတာလဲကွယ်။ အမေတော့ သားပြောတာကို နားမရှင်းပါဘူး"

"ကဲ…ကျွန်တော် ရှင်းပြပါ့မယ်။ လာ…ညှိခန်းကို သွားကြရအောင်"





ထိုသို့ပြောပြီး ကိုရဲခေါင်ကပင် ဦးဆောင်၍ အပေါ်ထပ်မှဆင်းကာ ညှိခန်းမှ ကုလားထိုင်တစ်လုံးတွင် ခပ်တည်တည်ဖြင့်ဝင်ထိုင်ကာ…

"ကျွန်တော် စီးကရက်သောက်ချင်တယ်ဗျာ။ နည်းနည်းခွင့်လွှတ်ကြပါ"

ထိုသို့ပြောပြီး စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိရှိုက်ဖွာရင်း သူပြောမည့် စကားလုံးတို့ကို ချိန်ဆနေပုံရလေသည်။ စီးကရက်မီးခိုးများသည် မျက်နှာကြက်ဆီသို့ လွင့်တက်သွားပြီး ထိုစီးကရက်မီးခိုးများ အထူးသဖြင့် မျက်နှာကြက်ဆီသို့ ဖြတ်သန်းသွားသော မီးခိုးများတွင် အမှုအခင်းတစ်ခုခုအတွက် တိကျသည့်အဖြေအက္ခရာများ ပါဝင်သွားပြီး ထိုအက္ခရာများကို ကျွန်ုပ်တို့က ဖတ်တတ်ခြင်းငှာ မစွမ်းသောကြောင့် ကိုရဲခေါင်ကပင် ဖတ်ပြီးကျွန်ုပ်တို့ကို ပြန်ပြောပြရသကဲ့သို့ ရှိနေသည်မှာ ကာလတွေကြာခဲ့လေပြီ။

ထိုအတွေ့အကြုံများကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ရှုပ်ထွေးနေသမျှ ကိစ္စအဝဝကို ကိုရဲခေါင်က တစ်ထိုင်တည်းမှာ ဖြေရှင်းပေးတော့မည်ဆိုသည့်အကြောင်း ရိပ်စားမိကာ တစ်ချိန်လုံးမျှင်းရိုသလိုလို၊ ငြီးငွေ့သလိုလိုရှိနေသည့် ကျွန်ုပ်သည်လည်း ယခုအချိန်တွင်တော့ စိတ်ပါဝင်စားလှစွာကို ရဲခေါင်၏ ပြောကြားလာမည့်နှုတ်ထွက်စကားများကို နားဆင်နေမိလေတော့သည်။ ကိုရဲခေါင်က

"ဘုရားပန်းတွေ ညှိုးတဲ့ကိစ္စကို စရှင်းမယ်။ အဲဒီလိုဘုရားပန်းတွေ ညှိုးနိုင်တဲ့အတွက် အကြောင်းတွေ အသီးသီးရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါပေမဲ့ အဓိကအချက်တချို့ကို ကျွန်တော် ရှာပြမယ်"

ထိုသို့သောအခါ သန်းလှသည် အလွန်ပြုံးကျယ်သော မျက်လုံးများနှင့် ကိုရဲခေါင်အား ကြည့်ပြီး သူ၏ လက်အချင်းချင်းကလည်း တစ်ဖက်ကိုတစ်ဖက် လိမ်ယှက်ပွတ်သပ်နေလေသည်။ အဘွားအိုက ငြိမ်သက်စွာပင် ကိုရဲခေါင်၏စကားကို နားထောင်နေသလိုရှိပြီး၊ နာရရန်းကမူ ကိုရဲခေါင် အစွမ်းပြတော့မည်ဖြစ်ကြောင်း သိသောပုံဟန်တို့အပြင် သူ ခေါ်လာသည့် လူစွမ်းကောင်းကို သူ့ဘာသာ ကျေနပ်ပီတိဖြစ်နေသည့် ပုံစံဖြင့် ငြိမ်ကြည့်နေလေသည်။ ကိုရဲခေါင်က...

"အဲဒီလို ဘုရားပန်းတွေ လိုတဲ့အချိန်ထက်ပိုပြီး ညှိုးတယ်ဆိုတာက (၁) ညောင်ရေအိုး မသန့်လို့လည်း ဖြစ်နိုင်ပါတယ်"

ထိုအခါ နာရရန်းက...

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဟု ဝင်၍ စကားထောက်လေသည်။ နောက်ပိုင်းမှာလည်း ကိုရဲခေါင် ပြောသမျှကို နာရရန်းပင် ဝင်၍ စကားထောက်လေသည်။ သူတို့၏ ထိုသို့ ပြောစကား၊ ထောက်စကားများနှင့်ပင် ကျွန်ုပ်သည် ဘုရားပန်းများ အဘယ်ကြောင့် ထိုကဲ့သို့ လိုသည်ထက်ပို၍ ယခုအခါမှာ ညှိုးနွမ်းလာရသည်ဆိုသော အကြောင်းအရာကို အံ့သြစရာမဟုတ်သော်လည်း အံ့သြစွာသိရှိ နားလည်လိုက်ရလေသည်။

"ဒါပေမဲ့ အခုကိစ္စမှာတော့ ညောင်ရေအိုး မသန့်လို့ မဟုတ်ပါဘူး။ မဟုတ်နိုင်ပါဘူး"





"ဟုတ်ကဲ့...ဟုတ်ကဲ့"

"နောက်တစ်ခုက ဝယ်လာတဲ့ ပန်းကကိုလည်း မလတ်လို့လည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့..."

"ဒါပေမဲ့ အဲဒါတွေထက် ပိုပြီး အဓိကကျတဲ့ အချက်က သတ်သတ်ရှိတယ်"

"ဩော်...ဟုတ်ကဲ့။ ပြောပါ ဆရာ"

"ညောင်ရေအိုးက အရင်က ဒီနေရာမှာ မဟုတ်ဘူးလို့ ကျွန်တော် သတိရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က ညောင်ရေအိုးထားရမယ့်နေရာ အခုမှ ဘယ်လိုရွှေ့ထားတယ်ဆိုတာ ကျုပ် မှန်းမိတယ်။ ကျုပ်ပြောတာ ဟုတ်သလားမသိဘူး"

ထိုအခါ အိမ်ဖော်မလေး သန်းလှက...

"ဟုတ်...ဟုတ်...ဟုတ်ပါတယ်။ ညောင်ရေအိုးက အရင်ကတော့ ဟို...ဟိုဘက်နားလေးမှာ ထားတာပါ။ အခုနောက်ပိုင်းမှ ဒီဘက်ကို ရွှေ့လိုက်တာပါ"

"အေးလေ...။ အဲလို ရွှေ့လိုက်ပြီးတဲ့နောက်ပိုင်းမှာမှ ခုလို ဘုရားပန်းတွေညှိုးတာ မဟုတ်လား"

"ဟုတ်...ဟုတ်...ဟုတ်ပါတယ်ရှင်။ ဟုတ်ပါတယ်"

"အင်း...အဲဒါက အကြောင်းချက်နှစ်ချက်ရှိသွားတယ်"

"ရှင်..."

"အဲဒီလို ညောင်ရေအိုးကို ရွှေ့လိုက်တဲ့အတွက်ကြောင့် ဖြစ်လာတဲ့အကျိုးဆက် နှစ်ခုဖြစ်သွားတယ်။ အဲဒီနှစ်ခုကို ထောက်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးတော့ ဒီကိစ္စက သဘာဝသာ အဆင်မပြေမှုတစ်ခုကြော
သာ ဘုရားပန်းတွေ ညှိုးရတယ်ဆိုပြီး နားလည်လိုက်တာ''

''ကျွန်မ…ကျွန်မ သဘောမပေါက်ဘူးရှင်''

''အင်း…နင် သဘောမပေါက်ဘူးဆိုတာ ငါ သိတယ်
နင်သာ သဘောပေါက်နေရင် ဒီပြဿနာ အစောကြီးထဲက မဖြ
ဘူး။ နောက် နင်လည်း အိမ်ဖော်တစ်ယောက် ဟုတ်တော့မှ
မဟုတ်ဘူး''

ကျွန်ုပ်သည် ကိုရဲခေါင်၏ ထိုစကားကို သဘောကျလှစွ
ဖြင့် ပြုံးမိရင်း ကိုရဲခေါင် ဘာဆက်ပြောမည်ဆိုသည်ကိုလည်
နားစွင့်နေရသည်မှာ ပင်ပန်းသည်နှင့်အမျှ ပျော်ရွှင်မှုလည်း ဖြစ်
လေသည်။ ကိုရဲခေါင်က ဆက်၍…

''ညောင်ရေအိုး ရွှေ့ထားတယ်ဆိုတာကတော့ ရိုးရိုးလေ
ပါပဲ။ ဘုရားစင်ကိုကြည့် ကြမ်းပြင်ကို လေ့လာ၊ ညောင်ရေအိုးက
လေ့လာ၊ ဘုရားစင်ပေါ်မှာရှိထားတဲ့ အခင်းအကျင်းကို လေ့လာ
လိုက်လို့ရှိရင် ငါတို့ စုံထောက်မျက်စိအရကြတော့ သိသာပါတယ်
လွယ်လွန်းလို့ ဒီကိစ္စကိုတော့ ထပ်မရှင်းတော့ဘူး။ ဒါပေမဲ့ အဲလ
ရွှေ့လိုက်တဲ့အတွက်ကြောင့် ဒီပြဿနာတွေ တက်လာရတယ်ဆိုတာ
ကိုတော့ ငါ နင်တို့ကို ထပ်ရှင်းပြမယ်''

''ဟုတ်…ဟုတ်ကဲ့ရှင်''

ထိုသို့ဆိုကာ ကိုရဲခေါင်သည် သန်းလှဆီမှ မျက်နှာလွှဲပြီ
အိမ်ရှင်အဘွားကြီးဆီသို့ အကြည့်ပြောင်းလိုက်လေသည်။ ထို့နောက်
အဘွားကြီး၏ မျက်လုံးထဲသို့ သူ၏ အားပါ၍ တောက်ပြောင်လ





သော မျက်လုံးများနှင့် စေ့စေ့ကြည့်ပြီး…

''အမေ…သေသေချာချာ မှတ်ထားပါ''

''ဩော်…အေး။ ပြောပါ သားရယ်…။ ပြောပါ''

''အဲဒီလို…ညောင်ရေအိုးကို ရွှေ့ထားတဲ့အတွက်ကြောင့်
အကြောင်းနှစ်ချက်ဖြစ်သွားတယ်လို့ ခုန ကျွန်တော် ဖြေပြီးပြီ။
အဲဒီထဲက ပထမအကြောင်းကို ကျွန်တော် စပြောမယ်''

''အေး…ပြောပါ…သားရယ်…ပြောပါ''

''ကျွန်တော် ခုနက ဘုရားစင်ကို လေ့လာကြည့်တယ်။
ခုချိန်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းမထားပါဘူး။ ဒါပေမဲ့
ဖယောင်းစက်တွေ အနေအထားနဲ့ အမွှေးတိုင်ပြာအကြွင်းအကျန်ကို
ကြည့်ခြင်းအားဖြင့် ပန်းတွေဟာ အပူဓာတ်နဲ့ နီးနေတဲ့နေရာကို
ရောက်သွားတယ်''

BURMESE CLASSIC .com

''အင်း…။ သား ပြောချင်တာက…''

''ပန်းတွေဟာ အခုလို ညောင်ရေအိုးကို ရွှေ့လိုက်တဲ့အခါ
မှာ ဖယောင်းတိုင်နဲ့ နီးတဲ့နေရာ၊ အမွှေးတိုင်နဲ့ နီးတဲ့နေရာကို
ရောက်သွားတယ်။ အဲဒါကြောင့် အပေါ်ယံကို သူတို့က အပူဟပ်ခံ
ရပြီး ညှိုးနွမ်းကြတာလည်း ပါတယ်''

''ဩော်…''

''နောက်တစ်ခါ ခုနကပြောတဲ့ နေရောင်ရောက်တယ်ဆိုတဲ့
လေဝင်ပေါက်၊ အဲဒီလေဝင်ပေါက်ကကျမယ့် နေရောင်အနေအထား
ကို ကျွန်တော် မှန်းဆကြည့်တဲ့အခါကြတော့လည်း အဲဒီပန်းတွေပေါ်
မှာ တကယ် ကျနေခပ်ပြင်းပြင်းက ထိုးစိုက်နေတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ အဲဒီ ကျနေခပ်ပြင်းပြင်းရဲ့ ထိုးစိုက်မှုကလည်း ပန်းတွေကို နွမ်းစေပါတယ်''

''ဩော်...ဩော်...အဲဒီလိုလား''

''ဟုတ်ပါတယ် အမေ။ အဲဒီလို ဘုရားပန်းတွေ နွမ်းဖို့ ဆိုတာ တခြားအချက်တွေလည်း ရှိတော့ရှိပါသေးတယ်။ ခုနက ပြောသလိုပေါ့လေ။ ဝယ်လာတဲ့ပန်းက မလတ်လို့တို့၊ ပန်းအိုးကို ရေမှန်မှန်မလဲလို့တို့၊ နောက်တစ်ခါ ပန်းတွေဝယ်လာပြီး ရေစိမ်တဲ့ အချိန်မှာ အရိုးတင်မဟုတ်ဘဲနဲ့ အပွင့်ကိုပါ စိမ်မိလို့တို့၊ အဲဒါမျိုး တွေ ဖြစ်နိုင်ပါတယ်။ ရှေ့ဆုံးမှာ ကျွန်တော် ပြောခဲ့သလို ညောင် ရေအိုးမှာ ပန်းတွေကို ညှိုးနွမ်းစေနိုင်တဲ့ မသန့်ရှင်းသောဓာတ် တစ်ခုခုပါနေလို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကတော့ မဟုတ်ပါဘူး။ ခုန ကျွန်တော်ပြောတဲ့ အကြောင်းနှစ်ချက်အရ ဒီကိစ္စက ဒီလိုဖြစ်ရတာပါ''

''ဩော်...ဩော်''

အိမ်ရှင်အဘွားကြီးသည်သော်လည်းကောင်း၊ သန်းလှသည် သော်လည်းကောင်း၊ ကျွန်ုပ်တို့ကို ခေါ်ဆောင်လာသည့် နာရေးရန်း သည်သော်လည်းကောင်းခေါင်းတဆတ်ဆတ်ညိတ်ကာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ကိုရဲခေါင်ကို ချီးကျူးအံ့သြသော ပုံစံနှင့် ရွှန်းရွှန်းလက်လက် ပြုံးပြကြလေသည်။ သို့သော်လည်း ထိုအချိန်မှာပင်လျှင် အိမ်ရှင်အဘွားအိုက...

''နေဦးကွဲ့...။ အဲဒါတွေ ဖြစ်တာက ဖြစ်တာပဲ။ ဒီကိစ္စ ကိုတော့ ထားလိုက်ပါတော့။ အမေ တရားထိုင်လို့ မရတဲ့ကိစ္စ''





''ဩော်...အဲဒါက ရှင်းပါတယ်။ အရင်တုန်းက အမေက မနက်ပိုင်း၊ ညပိုင်းမှာ တရားထိုင်တယ်''

''အေး...ဟုတ်တယ်လေ။ သားကို အမေ ပြာပြထားတာ ပဲ''

''အခု နေ့လည်ပိုင်း ပြောင်းထိုင်တယ်''

''အေး...ဟုတ်တယ်လေ''

''အဲဒီလို အချိန်အပြောင်းအလဲ ထိုင်လိုက်တဲ့အပေါ်မှာ ဒီကိစ္စ ဖြစ်လာရတာပဲ။ အရင်တုန်းက မဖြစ်ဘူး။ အခု အချိန် ပြောင်းထိုင်မှ ဖြစ်လာတယ်။ အဲဒီအပေါ်မှာ ဒီပြဿနာပေါ်တယ်။ အဲ...ပေါ်ရတဲ့ အကြောင်းအရင်းကလည်း ကျွန်တော့်အနေနဲ့ကတော့ ပြောကတည်းက သိပြီးပါပြီ''

''အန်...ဘာဖြစ်လို့ပါလိမ့်''

''ဩော်...ဒီလိုပါ အမေရယ်။ မနက်ပိုင်း ထိုင်တယ်တို့၊ ညပိုင်းထိုင်တယ်တို့ဆိုတာက တရားထိုင်သူတစ်ယောက်အတွက် အသင့်တော်ဆုံးအချိန်ပါ။ အဲဒီအချိန်မှာ ထိုင်တာက သမာဓိရဖို့၊ အာရုံရဖို့ လွယ်တယ်။ နောက်တစ်ခါ လူတစ်ယောက်ရဲ့ ကျန်းမာ ရေးအခြေအနေကိုလည်း အဲဒီအချိန်ကာလတွေက ဖြည့်ဆည်းပေး နိုင်တယ်။ ဆိုကြပါစို့...မနက်ပိုင်းအချိန်နဲ့ ညနောင်းပိုင်းအချိန်တွေ ဟာ လေထုထဲမှာ အောက်ဆီဂျင်ဓာတ် အလွန်အင်မတန်ပျံ့နှံ့နေတဲ့ အချိန်တွေပါ။ ဒါကြောင့် အဲဒီချိန်မှာ တရားထိုင်ရှုရှိုက်လုပ်ရတာက အများကြီး အားကောင်းပါတယ်။ နေ့ခင်းပိုင်း အချိန်ဆိုတာကတော့ အောက်ဆီဂျင်ဓာတ် အနည်းဆုံးအချိန်ဖြစ်နေတယ်။ အဲဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်တဲ့အတွက်ကြောင့် တရားထိုင်တဲ့နေရာမှာ လိုသလိုမဖြစ်ဘဲနဲ့ အရင်လိုမဖြစ်ဘဲနဲ့ အာရုံတွေ စုစည်းမရဘဲ လွင့်ပျံ့နေတာပါ ဒါကတော့ ရိုးရိုးလေးပါ''

''အဲဒါ...ဒါဆိုရင် နောက်တစ်ခုရှိသေးတယ်ကွယ့်''

''ဘာလဲ...အိပ်မက်တွေ မကောင်းဘူးဆိုတဲ့ ကိစ္စလား''

''အဲ...ဟုတ်...ဟုတ်တယ်။ ဟုတ်...တယ်သား''

''အဲ...အဲဒါကလည်း ရှင်းရှင်းလေးပါ။ အဲ...အမေ့အခန်းက ခုတင်ကို ကြည့်ကတည်းက ခုတင်အနေအထားကို ရွှေ့ထားတယ်။ အရင်က အိပ်တဲ့ပုံစံအတိုင်း မဟုတ်ဘဲနဲ့ ခေါင်းထားခြေထားနေရာ လွဲခဲ့တယ်ဆိုတာကို ကျွန်တော် ရိပ်မိပါတယ်''

''အဲဒါနဲ့ ပတ်သက်လို့လားကွယ်''

''ဟုတ်ပါတယ်...ပတ်သက်ပါတယ်။ အရင်တုန်းက မြောက်ဘက်ကို ခေါင်းထားပြီး အိပ်တယ်ဆိုတာက ကမ္ဘာလောကကြီးမှာရှိနေတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေရဲ့ တိုက်ရိုက်ဆက်ဆံမှုကို ခံရပါတယ်။ အဲဒီလို မဟုတ်ဘဲ နေရာရွှေ့ပြောင်းလိုက်တဲ့အခါကြတော့ သံလိုက်ဓာတ်ဟာ လူ့ကိုယ်ကို အဆင်ပြေစွာ စီးဝင်မှု မရှိတော့ဘူး။ အရင်တုန်းက အဆင်ပြေတဲ့အနေအထားက အချိုးပျက်သွားတယ်။ အဲဒီအခါမှာ အိပ်မက်ဆိုးတွေ မက်တာတို့၊ ကောင်းကောင်းအိပ်မပျော်တာတို့၊ ကြက်အိပ် ကြက်နိုး အရင်က မဖြစ်ခဲ့ရင် အခုဖြစ်လာတာတို့ အဲဒါမျိုးတွေ ကြုံရတတ်တယ်။ အဲဒီလိုမဖြစ်ဖို့အတွက် အရင်လိုပဲ နေရာပြန်ရွှေ့ပြီး အရင် ခေါင်းထားရာနေရာမှာပဲ ခေါင်းပြန်ထားပြီး ပြန်အိပ်လိုက်ပါ။ ကျွန်တော်





ပြောတာ မမှားဘူးဆိုလို့ရှိရင် အရင်က အန်တီခေါင်းထားတာဟာ အဲဒီဘက်ပဲ ဖြစ်လိမ့်မယ်''

ထိုသို့ပြောကာ ကိုရဲခေါင်က လက်ညှိုးညွှန်ပြလေသည်။ ထိုအခါ အဘွားကြီးသည် အံ့သြီးမခမ်းဖြစ်သော မျက်လုံးများနှင့် မယုံကြည်နိုင်သော အမူအရာကို ပြလျက်...

''အို...နတ်တန်ခိုးရှင်က လွှတ်လိုက်သလားတောင် အောက်မေ့မိပါရဲ့။ ပြောသမျှတွေ မှန်လိုက်တာကွယ်...မှန်လိုက်တာ။ နေပါဦး...။ အဲဒါဆိုလို့ရှိရင် အခု အမေဖြစ်နေတဲ့ကိစ္စတွေက သွေးရိုးသားရိုးပဲပေါ့''

''ဟုတ်ပါတယ်...အမေ။ အကုန်လုံးဟာ အဆင်မပြေမှုတစ်ခု၊ လွဲချော်မှုတစ်ခုကြောင့် သွေးရိုးသားရိုးဖြစ်သွားခဲ့ကြတာချည်းပါပဲ။ ဘာမှ အမေတို့ထင်သလို တစ်ယောက်ယောက်က တစ်စုံတစ်ခုသော ပယောဂနှင့်နှောင့်ယှက်လုပ်ကြံနေတာမျိုး၊ အထူးသဖြင့်ပေါ့လေ...ပယောဂသားတွေက အမေတရားထိုင်တာကို ဝင်နှောက်ပြီးတော့ ဖျက်လိုဖျက်ဆီးလုပ်နေတာမျိုး မဟုတ်ပါဘူး။ အလိုအလျောက် သဘာဝတရားကြီးရဲ့ ဟန်ချက်တွေ ပျက်ပြားသွားလို့ဖြစ်ရတဲ့ ကိစ္စတွေပါ''

''သြော်...သြော်...သြော်။ အေးကွယ်...အေးကွယ်...အေးကွယ်''

''ကျွန်တော်တို့အနေနှင့်တော့ အဲဒီလိုကိစ္စမျိုးဆိုလို့ရှိရင် Pseudo Problem လို့သုံးနှုန်းလေ့ရှိပါတယ်။ မြန်မာလို ပြန်ရင်တော့ ပြဿနာအတုပေါ့လေ။ ပြဿနာမဟုတ်တဲ့ ပြဿနာလို့ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ပါတယ်''

''သြော်...အေး...အေး...အေး''

''အဲဒီတော့ အခုကျွန်တော်ပြောတဲ့အတိုင်း အမေကော၊ အိမ်ဖော်မလေးသန်းလှကော လိုက်နာပြီး အရင်လိုပြန်နေထိုင်ကြမယ်ဆိုလို့ရှိရင် အရင်ပုံစံပြန်ဖြစ်သွားပါလိမ့်မယ်၊ အဲဒါကို ကျွန်တော် ရဲရဲကြီး အာမခံပါတယ်။ ဟုတ်လား...''

''အေး...အေး...။ ဟုတ်...ဟုတ်...ဟုတ်ပါပြီကွယ်... ဟုတ်ပါပြီ''

''ကဲ...ပြဿနာက ရှင်းစရာရှိတာကိုလည်း ရှင်းပေးခဲ့ပြီးပြီ၊ ကျွန်တော်တို့မှာလည်း လုပ်စရာတာဝန်တွေရှိတဲ့အတွက်ကြောင့် ခွင့်ပြုပါဦး။ ကျွန်တော်တို့ ပြန်ကြတော့မယ်''

ထိုသို့ပြောကာ ကိုရဲခေါင်က မတ်တတ်ထရပ်၍ ကျွန်ုပ်သည်လည်း မတ်တတ်ထရပ်ရကာ အိမ်ရှင်အဖွားကြီး၊ အိမ်ဖော်မသန်းလှ၊ ကျွန်တော်တို့ကို ခေါ်လာသူ နာရယန်း။ သူတို့အား လက်ပြနှုတ်ဆက်ပြီး ငြီးငွေ့ဖွယ်ရာကောင်းသည့် ရဲတိုက်ဆန်သည့် အိမ်ကြီးထံမှ ပြန်လည်၍ ထွက်ခွာလာခဲ့ကြလေသည်။

❋ ❋ ❋





## အခန်း [၅]

ယခင်နေ့ရက်များဆီက တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသော ကျွန်ုပ်တို့၏ အင်းစိန်စီအိုင်ဒီသည် ဤယနေ့မှာ အင်မတန်မှပင် ပျားပန်းခတ်လှုပ်ရှားသော ဝန်ထမ်းများနှင့်အတူ အရှက်၊ သိက္ခာ၊ နာကျည်းမှုဟူသော စကားလုံးများကို ရင်ခွင်မှာပိုက်ပြီး ကိုရဲခေါင်မှအပ ကျန်သော ကျွန်ုပ်တို့ နာမည်ကျော်စုံထောက်ကြီးများအားလုံး မင်းကြီး၏ရှေ့မှာ ယူကျုံးမရ ဖြစ်နေကြရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ယမန်နေ့က ကျွန်ုပ်နှင့် ကိုရဲခေါင်တို့ အဘွားကြီးအိမ်သို့သွားပြီး ဘုရားပန်းများကို စစ်ဆေးနေချိန်၌ လူသတ်မှုတစ်ခု ထူးဆန်းစွာဖြစ်ပွားခဲ့ပြီး ထိုလူသတ်မှုသည် အင်းစိန်စီအိုင်ဒီအနီး အိမ်တွင် ဖြစ်ပွားသွားခြင်းဖြစ်လေသည်။ ထိုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်စီအိုင်ဒီအနီးအိမ်မှာ လူသတ်မှုထူးဆန်းစွာ ဖြစ်ပွားရခြင်းသည် ကျွန်ုပ်တို့၏မျက်နှာကို ဓားနှင့် လှီးဖွယ်ရာကောင်းလောက်အောင် ရှက်ဖွယ်ရာအမှုအခင်းပဲ ဖြစ်လေတော့သည်။ ထို့အပြင် ထိုအသတ်ခံရသူ ဦးဝင်းလှိုင်ဆိုသူသည် ကျွန်ုပ်တို့ မင်းကြီး၏ သူငယ်ချင်း၏ သူငယ်ချင်း၏ သူငယ်ချင်း၏ သူငယ်ချင်းတော်စပ်သူများ ဖြစ်သောကြောင့် မင်းကြီးကလည်း ကျွန်ုပ်တို့ကိုသာ နင်းကန်၍ ဖိထောင်းလေတော့သည်။

"မောင်မင်းတို့၊ လူကလေးတို့ အိပ်ပျော်နေကြတယ် မဟုတ်လား။ ဒါပေမဲ့ မောင်မင်းတို့၊ လူကလေးတို့ အိပ်ပျော်တာ အင်းစိန်စီအိုင်ဒီ အိပ်ပျော်တာ မဟုတ်ဘူး။ စုံထောက်ပညာရပ်ကြီး အိပ်ပျော်တာ မဟုတ်ဘူး။ ဒီလောက်ရှက်ဖို့ကောင်းတဲ့ အမှုဖြစ်ပွားသွားရတာ ဘာကြောင့်လဲ။ ဘယ်လိုပဲဖြစ်ဖြစ် တရားခံကို အမြန်ဆုံးဖော်ထုတ်ဖို့ ကြိုးစားပါ"

"ဟုတ်...ဟုတ်ကဲ့ပါ မင်းကြီး။ ကျွန်တော်တို့ တရားခံကို အမြန်ဆုံး ဖော်ထုတ်ပါ့မယ်"

ထိုကဲ့သို့ လျင်မြန်တက်ကြွစွာဖြင့် ဖြေကြားပေးလိုက်သူများမှာ ကြောင်နှုတ်ခမ်းမွေးတပ်ထားသော ကိုလက်ျာနှင့် သံသေးသံပြာနိုင်လှသော ဦးစန်းလွင်တို့ဖြစ်ကြောင်းကိုမူ ကျွန်ုပ်အနေနှင့် ထပ်မံ၍ အသိပေးပြောကြားစရာလိုတော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့အနေနှင့်မူကား ငုတ်တုတ်တိုင်ကြီးဖြစ်နေလျက် မင်းကြီး၏ရှေ့မှာ မနည်းပင် မျက်နှာပိုးကျိုးအောင် ရပ်တည်နေရလေသည်။ စုံထောက်ကလေး ကိုမျိုးအောင်သည် မျက်မှောင်ကြီးကြုတ်လျက် ထိုက်စွာကို ကျွန်ုပ်တို့





ထက်ပို၍ မကျေမချမ်းဖြစ်ကာ...

"ကျွန်တော်လည်းကတိပေးပါတယ် မင်းကြီး။ တရားခံကို အမြန်ဆုံးပေါ်အောင် ဖော်ပေးပါ့မယ်"

"အဲလိုဖော်ပေးပါ့မယ်ပြောရအောင် လူကလေးက ဒီလူသတ်မှုကို သွားပြီး စစ်ဆေးပြီးပြီလား"

"အဲ...ဟို မစစ်ဆေးရသေးပါဘူး မင်းကြီး။ ကျွန်တော် သွားမလို့ပါ"

"တော်စမ်းကွာ..."

မင်းကြီးသည် ထိုကဲ့သို့ ကိုမျိုးအောင်ကို ကြိမ်းမောင်းလိုက်ပြီး ကိုလက်ျာနှင့် ဦးစန်းလွင်တို့ဘက်ကိုပါ မွေစောင်းကြည့်လျက်...

"မောင်မင်းတို့ကတော့ ခုနက ပြောတယ်။ ဒီလူကလေး မောင်မျိုးအောင်လိုပဲ ပြောတယ်။ တရားခံကို အမြန်ဆုံးဖော်ထုတ်ပေးပါ့မယ်တဲ့။ လူသတ်မှုကို သွားစစ်ဆေးပြီးပြီလား"

"ဟို...ကျွန်တော်တို့ ကျွန်တော်တို့..."

"တော်..."

မင်းကြီးသည် အလွန်အင်မတန်ဒေါသထွက်သော မျက်နှာနှင့် ကြောက်မက်ဖွယ်ရာကောင်းအောင် အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

ကျွန်ုပ်တို့အားလုံးကို ခါးထောက်လျက် ဝေ့ကြည့်လေသည်။ မင်းကြီးသည် တိတ်ဆိတ်လျက်ရှိနေသော အင်းစိန်စီအိုင်ဒီမှ စုံထောက်ဝန်ထမ်းများအားလုံး၏ မျက်နှာကို တစ်ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချင်း အပ်နှင့် လိုက်ထိုးသကဲ့သို့ ကြည့်နေလေသည်။ သူ၏ မျက်လုံးအကြည့်သည် ကျွန်ုပ်နှင့် စုံထောက်ဦးထင်ကြီးထံတွင် ခေတ္တရပ်သွားပြီး…

"ကဲ…လူကလေး မောင်အောင်မင်း"

"ဟုတ်ကဲ့…"

"အဲဒီလူသတ်မှုကို သွားပြီး မှုခင်းစစ်ဆေးဖို့အတွက် ဝန်ထမ်းအချို့ကို ခေါ်သွားပါ"

"ဟုတ်ကဲ့…"

"ဦးထင်ကြီးပါ လိုက်သွားပါ"

ထိုအခါ ဦးထင်ကြီးသည် ဆူဖြိုးသောဝမ်းဗိုက်ကြီးကို ပွတ်သပ်လျက်…

"ဟုတ်ကဲ့…ဟုတ်ကဲ့။ လိုက်သွားပါ့မယ်"

မင်းကြီးသည် ကိုရဲခေါင်ဆီသို့ တစ်ချက်လှမ်းကြည့်ပြီး…

"လူကလေး မောင်ရဲခေါင်"

"ပြော…မင်းကြီး"

"ဒီကိစ္စအတွက် လူကလေး ဘာပြောစရာရှိသလဲ"

"အင်း…ပြောစရာတွေကတော့ အများကြီးပါပဲ။ သေတဲ့သူ ဦးဝင်းလှိုင်ဟာ မသေခင်မှာ တော်တော်ကလေး ကယောင်ချောက်ချားတွေ ဖြစ်တယ်လို့လည်း ကြားပါတယ်"

"ဟေ…။ကယောင်ချောက်ချားတွေဖြစ်တယ်။ ဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒီလို ကယောင်ချောက်ချားဖြစ်တယ်လို့ ပြောရတဲ့အထိကို သူဟာ အနေအထိုင်တွေ အပြောအဆိုတွေမှာ





ကိုးယို့ကားယားဖြစ်နေတယ်လို့ သိရပါတယ်"

"အဲဒါ မောင်မင်းကို ဘယ်သူပြောသလဲ"

"အဲဒီ လူသတ်မှုကို မနက်ကပဲ ကျွန်တော် ဝင်ကြည့်ခဲ့ပြီး ပါပြီ"

"ဟေ…။ မင်းဝင်ကြည့်တော့ အဲဒီမှာ ဘယ်သူရှိသတုန်းကွယ်"

"တာဝန်ကျ ပုလိပ်ဌာနက ပုလိပ်တချို့ ရှိပါတယ်"

"ဆိုပါဦး။ ဦးဝင်းလှိုင်က ဘာဖြစ်လို့ သေတာတုန်း"

"အသတ်ခံရပြီး သေတာပါ"

"ဘယ်လို…ဘယ်လို…ဘယ်လို"

"အသတ်ခံရပြီး သေတာပါလို့ ပြောတယ်"

"လူသတ်မှုပါလို့ ပြောနေတဲ့ တရားခံက။ အင်း…။ မဟုတ်သေးဘူး။ ကျုပ်လည်း မြန်မာစကားကို ပြောရင်းပြောရင်း ရှုပ်နေပြီ။ ကျုပ်ပြောချင်တာ ဒီလို…။ အမှုကိုက လူသတ်မှုပဲ။ အဲဒါကို အသတ်ခံရလို့ သေပါတယ်လို့ ပြောတာကြတော့လည်း ကွယ်…။ လူကလေးက တဆိတ် မြန်မာစကားကို နိုလွန်းရာ မကျဘူးလား"

မင်းကြီး၏ ထိုစကားကြောင့် ကျွန်ုပ်တို့သည် ပြုံးမိရယ်မိသလို ဖြစ်သွားသည်နှင့်အမျှ တစ်ဖက်မှလည်း ကိုရဲခေါင်နှင့် မင်းကြီးတို့၏ ထိပ်တိုက်တွေ့ဆုံမှု၊ ထို့အပြင် မည်သည့်အချိန်က ကိုရဲခေါင် သူ့ အမှုဖြစ်ပွားရာဆီသို့ သွားခဲ့သည်ဆိုတာကို မသိလိုက်သော ကျွန်ုပ်တို့ ကိုယ့်ဘာသာကိုယ် ရှက်ရွံ့ထိတ်လန့်မှုနှင့် နံဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ထုံးစံအတိုင်း ကျုံ့ကျုံ့ကလေး ရပ်မိနေကြလေသည်။ ကိုရဲခေါင်က ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်ပြီး မင်းကြီး၏မျက်နှာကို မကြည့်ဘဲ မျက်နှာကြက်ဆီသို့ ကြည့်လျက် မထီမဲ့မြင်အပြုံးကို မျက်နှာမှာ ခိုတွယ်စေလိုက်ပြီး…

''သေသူ ဦးဝင်းလှိုင်ဟာ အဲဒီနေ့ မနက်မှာမှ မြစ်ဝကျွန်းပေါ်တစ်ခုကနေ ပြန်ရောက်လာတာ ဖြစ်တယ်''

''အဲဒါဘာဖြစ်သလဲ လူကလေး''

''အဲဒီလို အိမ်ပြန်ရောက်လာတဲ့အချိန်မှာ သူဟာ အတိတ်နိမိတ်မကောင်းဘူးဆိုတဲ့စကားကို အတွင်တွင်ပြောကြားခဲ့တယ်လို့ သိရတယ်''

''ဘယ်သူတွေက ပြောတာလဲ လူကလေး''

''သူ့အိမ်က အိမ်ဖော်တွေ အိမ်စေတွေ အဲဒီလူတွေ။ အပြင်ကို အဲဒီနေ့မနက်မှာ သူနဲ့အတူ လမ်းလျှောက်ထွက်တဲ့ မိတ်ဆွေတွေ။ ကာကာဆိုင်မှာ တွေ့ကြုံတဲ့ မိတ်ဆွေတွေ အကုန်လုံးကကို ပြောတာပါပဲ''

''ဟို…လူကလေး အဲဒါတွေကို စစ်ဆေးပြီးပြီလား''

''ဒါတွေက မစစ်ဆေးဘဲနဲ့ပြောလို့ရတဲ့ စကားတွေ မဟုတ်ဘူး မင်းကြီး''

''အို…ဟုတ်ပြီ…ဟုတ်ပြီ…လူကလေး။ လူကလေးလုပ်တာ ကျွန်ုပ် အလွန်သဘောနှစ်ခြိုက်သွားပြီ''

ထိုကဲ့သို့ 'သဘောနှစ်ခြိုက်သွားသည်' ဆိုသော စကားကို ကျွန်ုပ်တို့အားလုံးသည် မင်းကြီးတစ်ယောက်တည်းထံမှပင် ကြားဖူး





လေတော့သည်။ မင်းကြီးသည် မြန်မာစကားကို ရေလည်ပတ်လည် မပြောတတ်သော်လည်း ပြောတတ်သလို လှည့်ပတ်၍…

လူတစ်ဖက်သား သဘောပေါက်အောင်မူကား ဆိုနိုင်စွမ်းသိရှိသူ ဖြစ်လေသည်။

''ကဲ…ပြောပါဦး လူကလေး။ လူကလေးရဲ့စကားကို ဆက်ပါဦး''

ကိုရဲခေါင်က…

''သူဟာ သင်္ဘောနဲ့ ရေလမ်းခရီးအတိုင်း ရန်ကုန်မြို့ကို ပြန်လာတဲ့ တောက်လျှောက်မှာ သင်္ဘောရဲ့ဥဩဆွဲသံကို နားထောင်ပြီး သူ့အတွက် အတိတ်နိမိတ်မကောင်းဘူးလို့ ယူဆခဲ့ကြောင်း သိရတယ်''

''သင်္ဘောဥဩဆွဲသံ…ဟုတ်လား။ အဲဒီသင်္ဘောဥဩဆွဲသံက ဘာကိစ္စ အတိတ်နိမိတ်မကောင်းရတာလဲ လူကလေး''

''ဒါက သေသူဦးဝင်းလှိုင်ရဲ့ တစ်ကိုယ်ရည် ယူဆချက်ဖြစ်ဖို့များပါတယ်''

''တစ်ကိုယ်ရည်…။ တစ်ကိုယ်ရည်ဆိုတာ ဘာလဲ လူကလေး''

''သူ့ဘာသာ တစ်ယောက်တည်း တွေးထင်တဲ့ အယူအဆလို့ ဆိုလိုတာပါ။ အဲဒီအတွက် တစ်ကိုယ်ရည်လို့ သုံးလိုက်တာပါ''

''ကောင်းပြီ လူကလေး ဆက်ပြော…ဆက်ပြော။ ကျွန်ုပ်ဖြတ်မမေးတော့ဘူး…။ လူကလေး ဆက်ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"သဘော်ဟာ သူစီးလာတဲ့တောက်လျှောက်မှာ သံရှည်ဆွဲတာတွေ၊ သံတိုဆွဲတာတွေ ရှိခဲ့ပြီးတော့ အဲဒီဥသြသံကို ကြားတဲ့အချိန်တိုင်း အချိန်တိုင်းမှာ သူ့အတွက် သေမင်းတရားက ကပ်ပါလာတယ်လို့ သတိပေးသလို ခံစားရတယ်တဲ့"

"ဟင်...ဘယ်လိုဖြစ်တာလဲ လူကလေး။ ဥသြဆွဲသံ...။ သဘော်ဥသြဆွဲသံကြီးက လူသတ်သမား လာတော့မယ်ဆိုပြီးတော့ သူ့ကို သတိပေးလာခဲ့တာ။ ဟုတ်သလား..."

"မဟုတ်ပါဘူး မင်းကြီး"

"ဒါဆို သူက ဘယ်လိုဖြစ်တာတုန်း"

"သူ့ဟာသူ ဥသြဆွဲသံကို အဓိပ္ပာယ်တစ်မျိုးမြင်တာပါ။ အဲဒါက သူ့လိပ်ပြာမလုံမှုတစ်ခုခုအတွက် သူ ခံစားရတာဖြစ်နိုင်ပါတယ်။ တစ်ခုတော့ရှိတာပေါ့ မင်းကြီး"

"ပြောပါ...လူကလေး"

"သဘော်ဥသြဆွဲတယ်ဆိုတာက သူ့အထိမ်းအမှတ်နဲ့အတူရှိတတ်ပါတယ်။ ဆိုပါစို့...ဥသြအရှည်ကြီးဆွဲတယ်ဆိုလို့ရှိရင် သဘော်ဟာ အရှိန်ပြင်းပြင်းနဲ့ ဆက်သွားနေတယ်။ သူ့ခရီးကို ဆက်နေတယ်ဆိုတဲ့ သဘောပါ"

"အဲ...ဟုတ်ပြီ လူကလေး။ ပြီးတော့ကော..."

"အဲ...ခုနကလို လှေငယ်ကလေးတွေ သူ့နားကပ်မလာဖို့ သတိပေးတဲ့အချက်မျိုးရှိသလို တခြားသတိပေးချက်တွေလည်း ရှိပါသေးတယ်"

"အဲ...ဟုတ်ပြီ၊ တခြားသတိပေးချက်တွေကလည်း သူ့ကို အနှောင့်အယှက်ပေးတာပဲတဲ့လား"

"အဲ...အကုန်လုံးပါပဲ၊ အနှောင့်အယှက်ပေးတယ်လို့ ဆိုလိုပါတယ်။ သဘော်ဟာ သံတိုလေးနှစ်ချက်ဆင့် ဆွဲလိုက်တယ်ဆိုလို့ရှိရင် ဒါ...လမ်းကြောင်းရှာတာသက်သက်ပါ။ သံတိုသုံးဆင့်ဆွဲတယ်ဆိုလို့ရှိရင် သူ့သဘော် နောက်ဆုတ်မယ်ဆိုပြီး သတိပေးတဲ့သဘောပါ။ ဒီဥသြဆွဲသံတွေဟာ ရေကြောင်းအချက်ပြတဲ့ သင်္ကေတတွေ သက်သက်ပါ။ လူတစ်ယောက်ကို ဘယ်လိုမှ မကောင်းကြံလို့ မရပါဘူး။ လူကို ကယ်တင်ဖို့သာလုပ်တဲ့ သင်္ကေတတွေပါ"

"အဲ...ဟုတ်ပြီ...လူကလေး။ လူကလေးပြောချင်တာ ဘာလဲမသိဘူး"

"ပြောချင်တာကတော့ ဦးဝင်းလှိုင်ဟာ အိမ်ပြန်ရောက်ပြီး လေးနာရီအကြာမှာ အသတ်ခံရတယ်။ ဒါပေမဲ့ အဲလိုအသတ်မခံရခင်မှာ အဲလိုစကားတွေကို ဟိုဟိုဒီဒီလျှောက်ပြောသွားတဲ့အခါကြတော့ လူတွေဟာ သို့လောသို့လော ဖြစ်ကြတယ်။ ဒီဥသြသံရဲ့ လူသတ်မှုအတွက် ဦးဝင်းလှိုင်ဟာ သူ့ဟာသူ ကြိုသိနေတယ်လို့ ထင်မြင်ကြတယ်"

"အဲလို...ထင်မြင်စရာကောဖြစ်မနေဘူးလား လူကလေး"

ကိုရဲခေါင်က စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး ထိုမီးခိုးများကို တစ်ချက်ငေးကြည့်လျက်...

"ဟုတ်တယ်...ထင်စရာဖြစ်နေတယ်။ အဲဒါကြောင့်လည်း ခုနက စကားလုံးတစ်လုံးကို ကျွန်တော် ထည့်ပြောခဲ့တယ်။ သူ့ဟာသူ လိပ်ပြာမသန့် ဖြစ်နေတယ်"







www.burmeseclassic.com

www.burmeseclassic.com



''အဲ…လိပ်ပြာမသန့်တော့ ဘယ်လိုဖြစ်သလဲ လူကလေး။ လိပ်ပြာမသန့်တဲ့သူက အသတ်ခံရတာလား''

ထိုအခါ ကျွန်ုပ်တို့အားလုံးသည် ရယ်ရအခက် ငိုရအခက်နှင့် ကိုရဲခေါင် မည်သို့ အမှုအကြောင်း ရှေ့ဆက်စကားပြောမည်ဆိုသည်ကိုပင် သူ့နေရာမှာ ဝင်စဉ်းစားဖို့အစား မစွမ်းသာအောင် ခံစားရလေသည်။ ကိုရဲခေါင်က…

''လိပ်ပြာမသန့်တဲ့သူဟာ အသတ်မခံရဘူးလို့လည်း မပြောနိုင်ပါဘူး။ အသတ်ခံရမယ်လို့လည်း မပြောနိုင်ပါဘူး။ ဒါပေမဲ့ လိပ်ပြာမသန့်တဲ့သူဟာ သူ့ရဲ့စိတ်ဖိစီးမှုကို သူ ပြန်ခံရတတ်တဲ့ သဘောတော့ ရှိပါတယ်။ နောက်တစ်ခါ အဲဒီလို လိပ်ပြာမသန့်ရအောင် သူဟာ ဘာများ မဟုတ်တာလုပ်ထားလဲဆိုတာကို ကျွန်တော်တို့အနေနဲ့ စဉ်းစားစရာအကြောင်းအချက်ရှိပါတယ်''

''ဩော်…ဟုတ်ပြီ…ဟုတ်ပြီ လူကလေး။ လူကလေး ပြောချင်တဲ့ စကားလမ်းကြောင်းထဲကို ကျွန်ုပ်ဝင်လာပြီ၊ ကျွန်ုပ်သိပြီ ကဲ…ဆက်ပြောပါဦး လူကလေး။ အဲဒီမှာ ဦးဝင်းလှိုင်က ဘယ်လိုများ သေဆုံးသွားသလဲ''

''မင်းကြီး ဒီစကားကို တာဝန်အရမေးတာ မဟုတ်လား''

''ဟုတ်တယ် လူကလေး။ တာဝန်အရမမေးလို့ လူကလေးတို့ကို ကျွန်ုပ်က အပျော်မေးနေရမှာလား။ တာဝန်အရမေးတာပါ''

''တာဝန်အရမေးတယ်ဆိုလို့ရှိရင်တော့ တာဝန်အရ သွားရောက်စစ်ဆေးမှုလုပ်ပြီးမှပဲ ကျွန်တော်ပြောနိုင်ပါလိမ့်မယ် မင်းကြီး''





''အိုကေ…That's right''

မင်းကြီးသည် ထိုကဲ့သို့ပြောကာ လက်ဖျောက်တစ်ချက်တီးပြီး ကိုရဲခေါင်ကိုလည်း ကျေနပ်သောမျက်နှာနှင့် တစ်ဖက်မှ ကြည့်လျက်၊ ကျွန်ုပ်တို့အားလည်း မကျေနပ်သောမျက်နှာနှင့် တစ်ဖက်မှကြည့်လျက် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။ ထို့နောက်မှာမှ…

''ကဲ…လူကလေးတို့ ဘာရပ်လုပ်နေကြတာတုန်း''

''ဗျာ…ပြောပါ မင်းကြီး''

''အာ…ကျွန်ုပ် အတော့်ကိုခေါင်းခဲလာပြီ လူကလေးတို့။ အခု လူကလေးတော့ သွားရတော့မယ် မဟုတ်ဘူးလား။ အဲဒီ လူသတ်မှုကို သွားပြီး စုံစမ်းရမယ် မဟုတ်ဘူးလား''

ထိုအခါတွင် ကျွန်ုပ်တို့အားလုံးသည် အခန်းထဲမှ ထွက်ခွာရကောင်းနိုးနိုး၊ တစ်ခုခုလိုနေသလိုလိုဖြင့် ဆက်ရပ်နေရကောင်းနိုးနိုး ဖြစ်နေသည်၊ လွန်စွာမှပင် အလိုက်ကန်းဆိုးမသိတတ်လှသော ကျွန်ုပ်က…

''မင်းကြီး…ကျွန်တော် တစ်ခုပြောပါရစေ''

''ပြော…ဘာပြောမှာလဲ''

''ဒီလိုလေ…။ အခုအချိန်မှာ ကျွန်တော်တို့ သွားလို့ရှိရင် သက်သေအထောက်အထား၊ ပစ္စည်း၊ ပစ္စယ၊ ဘာညာတွေက ဘာမှရှိတော့မှာ မဟုတ်ဘူး။ မုလိပ်အဖွဲ့က သူတို့ဟာ သူတို့စစ်ဆေးပြီး သဲလွန်စယူပြီးတော့ ကောက်ချက်ချထားတော့မယ်။ ကျွန်တော်တို့ သွားရမယ်ဆိုလို့ရှိရင်လည်း ပုလိပ်အဖွဲ့ကနေပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှု ဘယ်လိုဖြစ်တယ်ဆိုတဲ့ သူတို့ရဲ့ ထင်မြင်ချက်ကိုပဲ၊ သူတို့ပေးတဲ့ တချို့သဲလွန်စလေးတွေကိုပဲ ရလိမ့်မယ်။ အဲဒီတော့ အမှုက တစ်ဆင့်ခံဖြစ်နေတယ်။ နောက်တစ်ခုက အဲဒီပုလိပ်ဌာနနဲ့အပြိုင် ဒီအမှုကို လိုက်ရမလိုဖြစ်နေတယ်။ အဲဒီကိစ္စက တစ်မျိုးကြီးဖြစ်မနေဘူးလား''

ကျွန်ုပ်သည် ထိုမေးခွန်းကို စိတ်တထင့်ထင့်ဖြင့် မေးလိုက်ရပြီး မေးမေးပြီးချင်းမှာလည်း ရင်တွေပန်းတွေတုန်ကာ မင်းကြီး၏ မျက်နှာကို ပြူးကြည့်နေမိလေသည်။ မင်းကြီးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ တုံ့ခနဲရပ်သွားပြီး ကျွန်ုပ်ကို လှည့်ကြည့်ကာ ခေါင်းကို တဆတ်ဆတ်ပြန်ညိတ်ပြီး...

''ဒီလိုဆိုတော့လည်း လူကလေး မောင်အောင်မင်းက အတော် တော်တာပဲ။ မင်းရတဲ့ ဆုတံဆိပ်တွေ၊ ရွှေစလွယ်တွေ အဲဒါတွေက မင်းနဲ့ မထိုက်တန်သလိုတောင် ငါ့စိတ်ထဲ တစ်ခါ တစ်ခါထင်မိတာ ရှိတယ်''

မင်းကြီးသည် သူ့ကိုယ်သူ ကျွန်ုပ်ဟု သုံးနှုန်းလေ့ရှိသူ ဖြစ်သည်။ ခုအခါကျမှ 'ငါ'ဟူ၍ ပါလာပြန်ရာ ကျွန်ုပ်အနေနှင့် မင်းကြီး၏ မြန်မာစကားကျွမ်းကျင်မှုကို အတော်ပင် အံ့ချီးမခန်း ဖြစ်မိလေသည်။ ထို့အပြင် ကျွန်ုပ်ကို မည်ကဲ့သို့ ဆုံးဖြတ်၍ ဆက်လက်ပြောဆိုမည် ဆိုသည်ကိုလည်း နားမလည်တတ်အောင် ဖြစ်ပြီး ဤအတိုင်းပင် ငြိမ်ငြိမ်ကလေး ဆက်၍ရပ်နေရလေသည်။

မင်းကြီးက သူ့စကားကို ဆက်ပြောလေသည်။

''ခုနက လူကလေး မောင်အောင်မင်းပြောတဲ့စကားက





အင်မတန်သင့်တော်တဲ့ စကားဖြစ်တယ်။ တစ်ခါတလေမှာ ကျွန်ုပ်တို့ စုံထောက်ပညာအရ အမှုတွေလိုက်တဲ့အခါမှာ ဘာကိုမှ စစ်ဆေးခွင့် မရဘဲ လိုက်ရတဲ့အခါတွေရှိတယ်။ အဲတော့ ဒီအမှုအခင်းဖြစ်ပွားရာ စက်ဝိုင်းရဲ့ အပြင်ကနေပြီးတော့ ကျွန်ုပ်တို့ဟာ စက်ဝိုင်းထဲကို လှမ်းကြည့်ရတဲ့ သဘောရှိတယ်၊ အဲဒီထဲမှာ ဒီခြေရာဟာ ဘယ်ကို ဦးတည်ရွေ့လျားသွားတယ်၊ အဲဒီလူဟာ ဘယ်သူဖြစ်တယ်ဆိုပြီး ပြန်ဖော်ရတယ်''

ထိုသို့ပြောကာ မင်းကြီးသည် စုံထောက်ပညာနှင့်ပတ်သက်သည့် သူ၏ ဗဟုသုတများကို မျိုးစုံ ကျွန်ုပ်တို့အနေနှင့် သိထား တတ်ထားပြီးသားဖြစ်သော်လည်း သူ့အတွေ့အကြုံနှင့် ပေါင်းစပ်၍ ထူးခြားသောအချက်များကို ရောနှောပေါင်းစပ်ကာ အတွေးအခေါ် မျိုးစုံ၊ စုံထောက်နည်းပညာနှင့်ပတ်သက်သည့် ပရိယာယ်၊ မာယာ၊ ဝေဝုစ်မျိုးစုံတို့ကို တရစပ်ပြောကြားလေတော့သည်။

ကျွန်ုပ်တို့သည် အပြင်သွားရကောင်းနိုးနိုး၊ အထဲမှာပင် မင်းကြီး၏ စကားကို ဆက်နားထောင်နေရင်းက မလှုပ်ရဲ မကိုင်ရဲ၊ မင်းကြီးကို အသိပေးရကောင်းနိုးနိုး ဖြစ်နေသော်လည်း သေချာသည်ကတော့ မင်းကြီး၏ စုံထောက်ပညာနှင့်ပတ်သက်သည့် ဗဟုသုတကြွယ်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို ချီးကျူးမိလေသည်။

ထို့နောက်မှာမှ မင်းကြီးသည် ကျွန်ုပ်တို့၏ အင်းစိန်စီအိုင်ဒီနှင့် ပုလိပ်ဌာနတို့၏ လုပ်ထုံးလုပ်နည်းသဘောတရားများကို ထပ်ဆင့်၍ ရှင်းလင်းညွှန်ပြပေးပြီးနောက်...

''ကဲ...လူကလေးတို့''



www.burmeseclassic.com

www.burmeseclassic.com



လူစင်စစ်ဖြစ်လျက်က ကြောင်နှုတ်ခမ်းမွှေးတပ်ထားသော လက်ျာနှင့် အလွန်အင်မတန်မှပင် သံသေးသံပြာနိုင်လှသော စုံထောက်ဦးစန်းလွင်တို့သည် ရှေ့ဆုံးတန်းမှာရပ်နေသူများ ဖြစ်သည့် အလျှောက်...

"ဟုတ်ကဲ့...မင်းကြီး"

ထိုသို့ ကပျာကယာပြန်လည်၍ ဖြေကြားကြသည်ကို ချက်ချင်းပင် ကြားရပြီး ကျွန်ုပ်တို့အနေနှင့်လည်း မင်းကြီး မည်သို့ စီစဉ်ညွှန်ကြားမည်ဆိုသည်ကို နားစွင့်များထောင်လျက် စောင့်စား နေရလေတော့သည်။ မင်းကြီးက...

"ဘာပဲပြောပြော စုံထောက်ဆိုတာ အဝေးမှာနေနေ၊ အနီးမှာနေနေ စုံထောက်ပဲဖြစ်တယ်။ တချို့အမှုတွေဟာ ဗဟိုချဉ်း အားအရ ဒီသဲလွန်စတွေထဲကို တိုးဝင်ပြီး လိုက်ရတာရှိသလို၊ တချို့အမှုတွေဟာ ဗဟိုခွာအားအရ ဒီဝန်းဝိုင်းရဲ့ အပြင်ကနေပြီး ပြန်လိုက်ရတာတွေလည်း ရှိတတ်တယ်။ ဟုတ်ပြီနော်...လူကလေး တို့။ ကျွန်ုပ်ပြောတာကို သဘောပေါက်သလား"

"ပေါက်...ပေါက်...ပေါက်...ပေါက်ပါတယ်"

ထိုသို့ အထစ်အထစ်နှင့် ရှေ့ဆုံးမှနေ၍ မင်းကြီး၏ စကားကို ထောက်ခံလိုက်သူမှာ အလွန်အင်မတန်မှပင် တက်ကြွ တတ်သော စုံထောက်ကလေး ကိုမျိုးအောင်ပင် ဖြစ်နေလေသည်။ ကျွန်ုပ်တို့သည်မူကား စုံထောက်ပညာရပ်တွင် ဗဟိုချဉ်းအား ဗဟိုခွာအားစသည်များကို တစ်ခါမှ မကြားဘူးသဖြင့် အူကြောင် ကြောင်နှင့်သာလျှင် တုံဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်ကြလေသည်။





ထောက်ခံလေသော ကိုမျိုးအောင်သည်လည်း ထိုစကား လုံးများကို စုံထောက်ပညာနှင့်ဆက်စပ်၍ ကြားဖူးမည်မဟုတ်ကြောင်း ကို ကျွန်ုပ်အနေနှင့် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည် မဟုတ်သော် လည်း အမှန်အတိုင်း ဤသို့ပင် ပြောဆိုရေးသားရမည်သာ ဖြစ် လေတော့သည်။ ကျွန်ုပ်တို့၏ မိတ်ဆွေကြီးဖြစ်သူ ကိုရဲခေါင်က မူကား စီးကရက်တစ်လိပ်ကို မီးခိုးများရှိုက်ဖွာထုတ်လျက် မင်းကြီး၏ စကားများကို ကြားသကဲ့သို့၊ မကြားသကဲ့သို့ သူ၏ ပုံမှန်ဟန်ပန် အနေအထားကြီးအတိုင်းပင် ရှိနေလေသည်။

မင်းကြီးက...

"ကဲ...သွားကြတော့"

ထိုသို့ အမိန့်ပေးလိုက်သည်နှင့်တပြိုင်နက် ကျွန်ုပ်တို့ အင်းစိန်စီအိုင်ဒီမှ နာမည်ကျော်စုံထောက်ကြီးများသည် နာမည် အကျော်တကာ့အကျော်ဆုံး ကိုရဲခေါင်အားကိုးနှင့် ထိုလူသတ်မှု ဖြစ်ပွားရာ အိမ်သို့ ထွက်လာခဲ့ကြလေတော့သည်။ ရှေ့မှာဆိုခဲ့ပြီး သည့်အတိုင်း အိမ်သည် (အထူးသဖြင့် ဤနေရာတွင် သုံးနှုန်းသည့် အိမ်ဆိုသည်မှာ လူသတ်မှု အခင်းဖြစ်ပွားရာအိမ်ဖြစ်ပြီး) အင်းစိန် စီအိုင်ဒီနှင့် နီးနီးလေးဖြစ်နေသောကြောင့် ကျွန်ုပ်တို့သည် ဒီဘက်ခြံမှ ဟိုဘက်ခြံကူးသကဲ့သို့ပင် ဝင်ရောက်သွားရလေတော့သည်။

သွားရောက်ရသောအိမ်တွင် ပုလိပ်အစောင့်တစ်ဦးကို ချ ထားပြီး လူသတ်မှုအခင်းဖြစ်ပွားရာ အိမ်ခန်းထဲတွင်လည်း ပုလိပ် အချို့သည် အချို့အချို့သောပစ္စည်းများကို စာရင်းဇယားမှတ်၍ သိမ်းဆည်းနေကြလျက် ကျွန်ုပ်တို့ဝင်လာသည်ကို တွေ့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ထဲမှ ခေါင်းဆောင်ဖြစ်ပုံရသော (ဝါအရင့်ဆုံး ဖြစ်ပုံရသော) ပုလိပ်သည် ကမန်းကတန်း ဦးညွတ်အရိုအသေပြုပြီး...

"ဟာ...ဆရာတို့ ကြွပါခင်ဗျား။ ကြွပါ"

ဟု ပြောဆိုလေသည်။

ထို့နောက်မှာမှ ကျွန်ုပ်တို့အား သူ သိမ်းဆည်းရမိထားသော ပစ္စည်းများနှင့် သူ တွေးထင်ယူဆထားသည့် အမှုတရားခံဖြစ်နိုင်သော ပုဂ္ဂိုလ်များကို ခရားရေလွှတ် တတွတ်တွတ်ပြောဆိုလေတော့သည်။ ကျွန်ုပ်တို့အားလုံးသည် သူ၏စကားများကို နားထောင်နေသော်လည်း အချို့အချက်များတွင် မဟုတ်နိုင်၊ မဖြစ်နိုင်၊ အတွေးတိုလွန်းသည်၊ အမြင်ကျဉ်းလွန်းသည်၊ အန္တရာယ်ရှိသော ယူဆချက်ဖြစ်သည် စသဖြင့် စိတ်ထဲမှ သတ်မှတ်နေမိကြလေသည်။

ထိုပုလိပ်၏ အမှုကို သုံးသပ်ပုံနှင့် အမှုတရားခံဖြစ်သူ ဖြစ်နိုင်ကြောင်း ကောက်ချက်ချပုံတို့မှာ အလွန်အင်မတန် ညံ့ဖျင်းလှသည်ဖြစ်သောကြောင့် (ဟို့အပြင် သူ၏ ပြောကြားချက်များမှာ အလွန်အင်မတန် ရှည်လျားလွန်းသည်ဖြစ်သောကြောင့်) ကျွန်ုပ်အနေနှင့် ဤစာအုပ်ထဲတွင် အရှည်ထည့်မရေးနိုင်တော့ချေ။

မည်သို့ပင်ဖြစ်စေ သူ၏ ပြောကြားချက်များမှာ ကျွန်ုပ်တို့အတွက် စဉ်းစားဖွယ်ရာအချို့တော့ ပါလာကြောင်းကို ဝန်ခံပါသည်။ ထိုစဉ်းစားဖွယ်ရာများသည် သူ၏ စဉ်းစားတွေးခေါ်ပုံ အပေါ်မှ ထုတ်နှုတ်ရခြင်းမျိုးမဟုတ်ဘဲ သူ တင်ပြသည့် သေသူအနီးတွင် တွေ့ရသောပစ္စည်းစာရင်း၊ သေသူသေဆုံးသည့်အချိန်၊ ဘေးပတ်ဝန်းကျင်မှာ ဖြစ်နေသည့်အနေအထား စသည်တို့သာ ဖြစ်လေ





သည်။

ဤနေရာတွင် ကြားဖြတ်ပြောဖွယ်ရာတစ်ခုရှိသည်မှာ ထိုပုလိပ်၏စကားကို ထိုသို့ အောင့်အည်းသည်းခံ နားထောင်နေသည်မှာ ကျွန်ုပ်တို့မျှသာဖြစ်ပြီး ကိုရဲခေါင်ကမူ အခန်းတစ်လျှောက် ဟိုဟိုဒီဒီလျှောက်ကြည့်လျက် ပြတင်းပေါက်များကို ဖွင့်ကြည့်လျက်၊ ခြံထဲကို ဆင်းကြည့်လျက်၊ ခေါင်မိုးပေါ် လှမ်းကြည့်လျက်၊ သဲလွန်စများကို လိုက်လံရှာဖွေလျက်... ထို့အပြင် သေသူ၏ပုံစံကို ဝိုင်းထားသည့် မြေဖြူစည်းဝိုင်းကို ကြည့်လျက်၊ လူသတ်သမား ဝင်လာ၊ ထွက်လာသည်ယူဆရသည့် ပုလိပ်များ ဆွဲထားသော မြေရာလမ်းကြောင်းကို ကြည့်လျက်၊ စီးကရက်တစ်လိပ်သောက်ကာ အေးတိအေးစက်ရှိနေလေသည်။

ပုလိပ်သည် သူပြောသည့်စကားကို နားမထောင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် ထိုကဲ့သို့ စူးစမ်းလေ့လာနေသည့် ကိုရဲခေါင်ကို (မေးမြန်းသည် မရှိသော်လည်း) မပြောရဲသဖြင့် မျက်စောင်းတစ်ချီချီနှင့်သာ လှမ်းလှမ်းအကဲခတ်ရုံမှအပ ကျွန်ုပ်တို့ကို သူ၏ ရှည်လျားသော စုံထောက်အတွေးအခေါ် ဩဝါဒကြီးကို အားမနာလျှာမကျိုး ဆက်လက်ပြောကြားနေလေသည်။

ထိုအချိန်တွင် အားကိုးဖွယ်ရာရှိသည့် စုံထောက် ဦးထင်ကြီးက သူ၏ ဆူဖြိုးသောဝမ်းဗိုက်ကြီးကို လက်နှင့်ပွတ်သပ်ကာ...

"နေပါဦး...မောင်ရင်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အစီရင်ခံစာ ရေးမထားဘူးလား"

"ရေးထားပါတယ် ခင်ဗျား။ ရေးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အေး...။ အဲဒါဆိုရင် မင်းပြောမနေနဲ့တော့ကွာ။ အဲဒီအစီရင်ခံစာကို အဲဒီစားပွဲပေါ်တင်ထားလိုက်။ တို့ဟာတို့ ဖတ်မယ်၊ တို့ဟာတို့ ကြည့်မယ်။ မှုတ်လား''

ထိုအခါ ပုလိပ်သည် အောင့်သက်သက်ဖြစ်သွားပြီး...

''ဟုတ်...ဟုတ်...ဟုတ်ကဲ့ပါ ဆရာ''

ထိုအခါကျမှပင် အားနာသဖြင့် မပြောရဲ မဆိုရဲသလိုလို၊ လက်အောက်ငယ်သားအပေါ် ထိုကဲ့သို့ ပြောဆိုရမည်ကို တွေဝေတုံ့ဆိုင်းလျက်ရှိနေသလိုလို ဖြစ်ခဲ့သော ကျွန်ုပ်တို့သည်လည်း သက်သာရာရသွားကာ...

''အမယ်လေး...ဦးထင်ကြီးရယ်၊ ခင်ဗျားကယ်မှပဲ တော်ပါတော့တယ်''

''အင်း...ကျုပ်က အဲဒါမျိုး နည်းနည်းမှ သည်းမခံတတ်ဘူးဗျ''

''အေး...ကျွန်ုပ်လည်း သည်းမခံနိုင်ပါဘူးဗျာ။ ဒါပေမဲ့ အမှုကို စတွေ့ထားတဲ့၊ စလက်ခံထားတဲ့ လူရဲ့စကားလည်း နားထောင်သင့်တယ်။ အောက်လက်ငယ်သားကိုလည်း လေးစားရမယ်ဆိုတဲ့ မင်းကြီးရဲ့သြဝါဒတွေကြောင့် အခုလိုမျိုး ခြေသလုံးတောင့်တဲ့အထိ ရပ်ပြီး နားထောင်နေရတာပါ''

''အို...မင်းကြီးတို့ ပြောတယ်ဆိုတာက စာအုပ်ထဲကရယ်မှုအရရယ် ပါတာပေါ့ဗျာ။ သူ့အတွေ့အကြုံကို ကျုပ် စော်ကားတာတော့ မဟုတ်ပါဘူး။ သူလည်း အများကြီးတော်တဲ့ အများကြီး အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဒါကြောင့်လည်း ကျုပ်တို့အထက်ကို ရောက်နေတာပေါ့။ ဒါပေမဲ့ ဒီနေရာမှာတော့ မဟုတ်ဘူးဗျ။ သူပြောတဲ့စကားတွေသာ အကုန်လိုက်နားထောင်နေလို့ရှိရင် ကျုပ်တို့ ဘာအလုပ်မှတောင် လုပ်လို့ရတော့မှာ မဟုတ်ဘူး။ ကြာလှပြီ...''

ထိုစကားကြောင့် ကျွန်ုပ်တို့အားလုံးသည် ဝါးခနဲ ပိုင်းဝန်းရယ်မောမိကြလေသည်။ ထိုအခါ ထိုပုလိပ်သည် မလှမ်းမကမ်းမှနေ၍ ကြောက်ရွံ့သလိုဖြစ်သွားပြီး မျက်နှာကြီးနီသည်အထိ ခံစားချက်တွေ ပေါက်ကွဲကာ...

''ဆရာတို့က ဘယ်သူတွေလည်း မသိဘူး''

ထိုအခါ လွန်စွာသံသေးသံပြာနိုင်လှသော စုံထောက်ဦးစန်းလွင်က သူမှစ၍ ကျွန်ုပ်တို့အားလုံးကို မိတ်ဆက်ပေးလိုက်လေသည်။ သို့သော် သူမိတ်ဆက်ပေးသည့်အထဲတွင် ထုံးစံအတိုင်း ကိုရဲခေါင်၏နာမည်ကား မပါခဲ့ချေ။ ထို့ကြောင့် ပုလိပ်က...

''ဟိုး...အမှုကိုလိုက်ပြီး သူ့ဘာသာစစ်ဆေးနေတဲ့ ဆရာကကော ဘယ်သူတုန်းဗျ''

''အဲဒါက ဆားပုလင်းရဲခေါင်လို့ ခေါ်တယ်''

ဦးစန်းလွင်၏ ပြောစကားသည် ဆားပုလင်းရဲခေါင်အား ဘာမှမဟုတ်ပါဘူး။ သာမန်ပါပဲ။ တို့ခိုင်းထားလို့ လက်တိုလက်တောင်း လိုက်လုပ်တဲ့အနေနဲ့ အမှုကို လိုက်စစ်နေရတာဆိုသော သဘောများ ပါဝင်သက်ရောက်လျက်ရှိလေသည်။ ပုလိပ်သည်မည်သည့်အချိန်ထဲက ကိုရဲခေါင်ကို မလိုမုန်းထားဖြစ်နေမှန်း မသိဘဲ...







www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးဗျ။ အဲဒါဆို သူက ဘာကိစ္စ ကျွန်တော်တို့ပြောတဲ့စကားကို ဆရာတို့တောင် နားထောင်ဟဲ့အချိန်မှာ နားမထောင်နိုင်အောင် ဖြစ်နေရတာလဲ"

"ဪ...ဒါကတော့"

ဦးစန်းလွင်သည် မည်သို့မျှ ဆက်မပြောခင်မှာပင် ကျွန်ုပ်က...

"မင်းနာမည် ဘယ်သူလဲ"

ပုလိပ်အား ထိုကဲ့သို့ မေးမြန်းလိုက်ပြီး လေသံကလည်း အတော်ပင် ခပ်ဆတ်ဆတ် ခပ်မာမာဖြစ်သွားလေသည်။ ပုလိပ်သည် တုံ့ခနဲဖြစ်သွားပြီး...

"ကျွန်တော့်နာမည် အောင်ဝင်းပါ"

"အေး...အောင်ဝင်း။ လိုအပ်တာ ပြောမယ်၊ မလိုအပ်တာ မပြောနဲ့။ ကြားလား"

"ဟုတ်ကဲ့...ကြားပါတယ်။ ကြားပါတယ် ခင်ဗျ"

ကျွန်ုပ်ကိုမူကား အတော်ပင် လေးစားကြောက်ရွံ့မှုရှိပုံရ၍ မည်သည့်အကြောင်းအရာမှန်းမသိ။ ပုလိပ်အချင်းချင်းထဲမှာ သူတို့ထက်ပို၍ နာမည်တစ်လုံး ဟိန်းနေအောင်ထွက်သော ကိုရဲခေါင်ကိုမူ မျက်စောင်းနိုးထိုးသွားလေသည်။ ကိုရဲခေါင်ကို ထိုကဲ့သို့ မနာလိုသော သူပေါင်းများစွာဖြင့် တွေ့ကြုံခဲ့သော ကျွန်ုပ်အနေနှင့်မူ ဤအချက်သည် ထူးဆန်းမှုရှိသောအချက် မဟုတ်ပါ။

ထိုအချိန်မှာပင်လျှင် အခန်းတွင်းသို့ ပုလိပ်အရာရှိတစ်ဦး ဝင်ရောက်လာကာ ကျွန်ုပ်တို့ကို ဆလုရိုက် အရိုအသေပြုပြီးနောက်





ဘာဝန်ကို တာဝန်အတိုင်း မြင်တတ်ပုံရသော ထိုအရာရှိသည်...

"ထူးခြားတာကတော့ ဒီအမှုမှာ လှူသေအလောင်းကြီးက မွှေးနေပါတယ် ဆရာတို့"

"ဘာ..."

"ဘယ်လို..."

"ဟုတ်ပါတယ်။ လူသေအလောင်းကရော စီးကျထားတဲ့ သွေးတွေကရော နှင်းဆီရနံ့ မွှေးနေပါတယ်"

"နှင်းဆီရနံ့။ ဟုတ်လား..."

"ဟုတ်ပါတယ်"

ထိုစကားကို ကြားရသောအခါ ကျွန်ုပ်တို့အားလုံးသည် အန္တရာယ်၏ အငွေ့အသက်ကို ခံစားလိုက်ရသကဲ့သို့ရှိပြီး အခန်းထဲမှာ ခေတ္တတိတ်ဆိတ်သွားလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၆]

မည်သူကမှ စကားတစ်ခွန်းတစ်လေ မပြောတော့ဘဲ ခန်းထဲမှာ ခေတ္တတိတ်ဆိတ်သွားချိန်၌ စတင်သတိဝင်လာသလို သူမှာ ကျွန်ုပ်ဖြစ်ပြီး စီးကရက်မီးခိုးငွေ့များကို အတွင်တွင် ရှိုက်ဖွာ တ်နေသည့် ကိုရဲခေါင်နားသို့ တိုးကပ်သွားကာ...

"ကိုရဲခေါင်..."

"ပြောပါ...အိုင်ဗီ"

"အမှုက ကျုပ်တို့ စတင်ကိုင်တွယ်ရတာ မဟုတ်ဘူးဗျာ"

"အင်း...အဲတော့ ဘာဖြစ်လဲ"

"ဘယ်ကနေစ ဘယ်လိုပြန်လိုက်ရမလဲမသိဘူး။ အခတော် ဘာင် စိတ်ထဲမှာ ကသိကအောင့်ဖြစ်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ စိတ်ကသိကအောင့်ဖြစ်စရာမှ မဟုတ်တာ အိုင် ရယ်"

"ဒါဆိုလို့ရှိရင် ဒီကိစ္စကို ဘယ်လိုဆက်ပြီး ကိုင်တွယ်မ ဆိုတာ ကိုရဲခေါင် စဉ်းစားမိပြီလား"

ကိုရဲခေါင်က သူ့လက်ထဲမှ စီးကရက်ကို ခြေမွှ၍ မီးသ လိုက်ကာ နံဘေးမှ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်ပြီး...

"အိုင်ပီ..."

"ဗျာ..."

"ကျုပ်နာမည် ဆားပုလင်းရဲခေါင်ပါ"

ထိုစကားကြားရသောအခါ ကျွန်ုပ်သည် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ရင်ထဲမှာလည်း အလုံးကြီး ကျသွ သလို ခံစားရလေသည်။ ထိုအခါကျမှပင် လူစင်စစ်ကနေ ကြော နှုတ်ခမ်းမွေးတပ်ထားသော ကိုလက်ျာနှင့် လွန်စွာသံသေးသံ နိုင်လှသော ဦးစန်းလွင်တို့သည် လှုပ်လှုပ်ရှားရှားဖြစ်လာကြ ပုလိပ်အရာရှိအား...

"ကဲ...ပြောစမ်း။ တခြားထူးခြားတာ ဘာတွေရှိသေး ပြောစမ်းပါဦး။ လိုအပ်တဲ့ ဖိုင်တွဲတွေ၊ စာတွေ အသင့်လုပ်ပြီ လား..."

"ဟုတ်ကဲ့။ အကုန်လုံးကို အသင့်လုပ်ပေးထားပါတယ်

"ထူးထူးခြားခြားဖြစ်တာကော ဆက်ပြောဦးလေ။ ဘ သေးလဲ"

"ထူးထူးခြားခြားဖြစ်တယ်လို့ ပြောရင် ရနိုင်တဲ့အချက်





တစ်ခုပါပဲ။ သေသူ ဦးဝင်းလှိုင်ဟာ ရေလမ်းခရီးကနေ ပြန်လာပြီး အိမ်ရောက်တဲ့အခါမှာ ကယောင်ကတမ်းတွေပြောတယ်။ သင်္ဘော ဥဩဆွဲသံတွေဟာ သူ့အတွက် မကောင်းတဲ့နိမိတ်ဆိုပြီး အမျိုးမျိုး သူထင်သလို အဓိပ္ပါယ်ဖွင့်တယ်"

"အေး...ဟုတ်ပြီ။ အဲဒါထားတော့...။ ဒီအိမ်မှာ အိမ်ဖော်တွေ အိမ်စေတွေ ဘယ်နှယောက်လောက်ရှိလဲ"

"ထမင်းချက်အဘွားကြီးရယ်၊ အိမ်ဖော်ကောင်မလေးရယ်၊ ဒရဝမ်ကုလားရယ် ရှိပါတယ်"

"ကိုဝင်းလှိုင် အသတ်ခံရတဲ့အချိန်မှာ သူတို့ ဘယ်ရောက်နေကြသလဲ"

"သူတို့တွေ အဲဒီအချိန် အိမ်မှာ တစ်ယောက်မှ မရှိကြပါဘူး"

"ဘာဖြစ်လို့တုန်း...။ အိမ်ဖော်နဲ့ထမင်းချက်က အကြောင်းကြောင်းကြောင့် မရှိဘူးဆိုရင်တောင်မှ ဒရဝမ်ကုလားက ရှိရမယ် မဟုတ်လား"

"ပုံမှန်အရဆိုရင်တော့ ဟုတ်ပါတယ်။ သူတို့သုံးယောက်လုံးကလည်း အိမ်မှာ အမြဲတမ်းရှိနေတတ်ကြတဲ့ လူတွေကြီးပါပဲ။ ဒါပေမဲ့ ခုကိစ္စမှာတော့..."

ထို့နောက် ပုလိပ်အရာရှိသည် ဆက်ပြောရန်အတွက် စကားလုံးရွေးချယ်နေဟန်ဖြစ်၍ နှုတ်တွန့်ဆိုင်းကာ ကျွန်ုပ်တို့၏ မျက်နှာကို တစ်ချက်ကြည့်လေပြီး ဦးဆောင်ပြီး မေးမြန်းနေသူ ကိုလက်ျာက...



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိရင် ပြောပါ။ ရဲရဲသာပြော..."

"အဲဒီလိုပါ။ အဲဒီလို သေသူ ဦးဝင်းလှိုင်ဟာ ကယောင်ကတမ်း တွေပြောပြီးနောက်မှာ အထူးခြားဆုံး စကားတစ်ခွန်းကို ထပ်ပြောပါတယ်"

"အင်း...ဘာတဲ့တုန်း"

"သူ့ကို ဦးကြည်ညွှန့်ဆိုသူက လာသတ်လိမ့်မယ်တဲ့"

"ဦးကြည်ညွှန့်...ဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ သေသူကတော့ ဦးကြည်ညွှန့်လို့ မသုံးနှုန်းပါဘူး၊ ကြည်ညွှန့်လို့ပဲ သုံးနှုန်းသွားပါတယ်။ သူ့ကို ကြည်ညွှန့် လာသတ်လိမ့်မယ်တဲ့"

"အင်း...ဟုတ်ပြီ၊ အဲဒါဆိုရင် အိမ်မှာရှိတဲ့လူတွေက ကူညီပြီးတော့ စောင့်ကြပ်ပေးရမယ့် ဝတ္တရားမရှိဘူးလား။ သူတို့က ထွက်ပြေးသွားကြတာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"

"အေး...ရှင်းအောင်ပြောစမ်းကွာ။ ဆက်ပြောစမ်း"

"ဒီလိုပါ။ အဲဒီလိုပြောပြီးတဲ့နောက်မှာ သေသူ ဦးဝင်းလှိုင်က အိမ်မှာရှိတဲ့ ထမင်းချက်၊ အိမ်ဖော်နဲ့ ဒရဝမ်ကုလားတို့ကို မောင်းထုတ်လိုက်ပါတယ်"

"ဘယ်လို...။ မောင်းထုတ်လိုက်တယ်...ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်။ နင်တို့လည်း သွားကြတော့။ ငါသေသွားရင် နင်တို့လည်း ဒီအိမ်မှာ ဘာမှ ဆက်လုပ်စရာ မလိုတော့ဘူး။ နင်တို့ကို လခပေးမယ့်သူလည်း မရှိတော့ဘူး။





ဒီအိမ်မှာ ဆက်နေလို့လည်း အလကားပဲဆိုပြီး မောင်းထုတ်လိုက်ပါတယ်"

"အဲဒါနဲ့ပဲ သူတို့ကလည်း သွားကြရလား"

"သူတို့ကတော့ သွားချင်တယ် မဟုတ်ပါဘူး။ ဒါပေမဲ့ အဲလိုကြီး မောင်းထုတ်နေတဲ့ အခါကျတော့လည်း သူတို့ အူကြောင်ကြောင်ဖြစ်သွားတယ်။ နောက်တစ်ခါ သူတို့က ဦးဝင်းလှိုင်ကို သေမတတ်ကြောက်ရသူတွေ ဖြစ်ပါတယ်"

"ဆက်ပြော..."

"ဟုတ်ကဲ့၊ ဒီ့အပြင် အရင်ထဲကလည်း ဦးဝင်းလှိုင်ဟာ ဒီလိုမျိုး ထူးထူးဆန်းဆန်းစကားတွေ ပြောတတ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး သူပြောတဲ့ စကားလုံးတွေကလည်း မှန်တတ်တယ်လို့ ဆိုပါတယ်"

"ဘယ်လိုကိစ္စမျိုးလဲ..."

"ဩော်...ဥပမာ သူ့အိမ်က ထမင်းချက်ကြီးရဲ့ ရွာမှာရှိတဲ့ သမီးတစ်ယောက် သေသွားတော့မယ်ဆိုလို့ရှိရင်လည်း သူက ကြိုပြောလေ့ရှိပါတယ်။ အဲဒီလို ပြောတဲ့အခါမှာ သူဟာ တုန်တုန်ယင်ယင်ဖြစ်ပြီး အရူးကြီးလို ပြောတယ်လို့ ဆိုပါတယ်"

"အင်း...တခြားကော ဘာမှန်တာရှိသေးလဲ"

"အင်း...အဲ...အဲဒီလိုပါပဲ။ သူ နိုင်ငံခြားမှာရှိတဲ့ ဆွေမျိုးသားချင်းတစ်ယောက် သေဆုံးတော့မယ်ဆိုတဲ့အခါမှာလည်း သူဟာ အလိုလိုကြိုသိနေပါတယ်။ ယောက်ယက်ခတ်ပြီး သူ့ဆွေမျိုးတွေကို ပူပင်သောကရောက်နေပါတယ်။ ဒီအချိန်မှ အကြောင်းကြားရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မီတော့မှာ မဟုတ်ဘူးဆိုတာမျိုးနဲ့ ကတုန်ကယင်တွေ လျှောက်ပြောဆိုနေလေ့ရှိတယ်လို့ သိရပါတယ်''

''အဲဒီကိစ္စကတော့ အမှန်အတိုင်းဖြစ်သွားသလား။ သူ့နိုင်ငံရပ်ခြားဆွေမျိုးကတော့ အမှန်တကယ်ပဲ သေဆုံးသွားသလား''

''ဟုတ်ပါတယ်။ သေသွားပါတယ်''

''အမ်...ဒါဆိုလို့ရှိရင်တော့ တစ်မျိုးကြီးပါလား''

ထိုသို့သော မှတ်ချက်ချသံနှင့်အတူ ကိုလက်ျာသည် မည်သို့ဆက်လက်မေးမြန်းရမည်မှန်းမသိတော့ဘဲ သူ၏ နှုတ်ခမ်းမွှေးကို ပွတ်သပ်ကာ ဟိုကြည့်သလို ဒီကြည့်သလိုလိုနှင့် အူကြောင်ကြောင်ဖြစ်နေလေတော့သည်။ ထိုအချိန်တွင် လွန်စွာမှပင် သံသေးသံပြာနိုင်လှသော ဦးစန်းလွင်က...

''နေပါဦး။ အဲဒီလို ရှေ့ဖြစ်မှာတွေ၊ သူများသေမှာတွေကို ကြိုသိနေလို့ အခု သူ့ကိုယ်သူ သေမယ်လို့ ပြောတဲ့အခါမှာ အိမ်ရှိ လူအားလုံးက ယုံကြည်တယ်...ဟုတ်လား။ ဒီသဘော ပြောလို့ ရသလား''

''ဟုတ်ကဲ့...။ အဲဒီလိုပြောရင်လည်း ရပါတယ်''

''ကဲ...ဟုတ်ပြီ။ အဲဒီအခါမှာ သူတို့တွေက လူသတ်မှု တစ်ခု ကြုံဆုံရမှာကို ကြောက်လို့လား၊ သူတို့သခင် အဲဒီလိုမျိုး အသတ်ခံရပြီး အလုပ်မရှိတဲ့အတူတူ မထူးဘူးဆိုတဲ့စိတ်နဲ့ ပြန်တာလား၊ ဦးဝင်းလှိုင်စကားကို ကြောက်တာသက်သက်နဲ့ ပြန်တာလား။ အဲဒါကိုတော့ ဘယ်လိုစစ်ဆေးထားသလဲ။ ဘယ်လိုသရုပ်ခွဲထားသလဲပြော...''





''အဲ...သူတို့ မပြန်ကြဘူးခင်ဗျ။ ခဏရှောင်ပေးလိုက်ကြတာ''

''ဘယ်ကို ရှောင်တာလဲ''

''ဒီထောင့်လမ်းထိပ်က ကာကာဆိုင်မှာ သူတို့သုံးယောက်လုံး အထုပ်အပိုးတွေနဲ့သွားပြီး ငုတ်တုတ်ထိုင်နေကြတာပါ''

''သူတို့ရဲ့သဘောက ဘာတုန်း''

''ဪ...မသေသွားဘူးဆိုလို့ရှိရင် သူတို့ လာပြန်အလုပ်လုပ်ဖို့ပါပဲ။ သေသွားတယ်ဆိုလို့ရှိရင်လည်း ရဲစခန်းကို အကြောင်းကြားဖို့ပါပဲ''

''အဲဒါဆို သူတို့ထဲမှာ အခုလို ကိစ္စတစ်ခုဖြစ်နေတယ်၊ ရဲစခန်းကိုသွားပြီး ငါတို့အကြောင်းကြားထားရင် မကောင်းဘူးလား ဆိုတဲ့ အတွေးအခေါ်မျိုးကော တွေးတဲ့လူ ပါမသွားဘူးလား''

''မပါဘူးလို့လည်း မဆိုနိုင်ပါဘူး''

''ဒါဖြင့်...ဘာဖြစ်သလဲ''

''ဖြစ်တာကတော့ သေသူ ဦးဝင်းလှိုင်ကိုယ်တိုင်ကို ပုလိပ်ဌာနကို အကြောင်းကြားဖို့အတွက် ဆန္ဒမရှိလို့ပါပဲ''

''ဟေ...''

ထိုအခါ လွန်စွာမှပင် သံသေးသံပြာနိုင်လှသော စုံထောက် ဦးစန်းလွင်သည်လည်း မည်သည့်မေးခွန်းကို ဆက်မေးရမည်မှန်းမသိ ဖြစ်ကာ ကိုလက်ျာကဲ့သို့ပင် အခန်းနံရံများကို ဟိုကြည့်ဒီကြည့်နှင့် တစ်စုံတစ်ခုကို စဉ်းစားတွေးခေါ်သလိုလို ဟန်ရေးပြကာ အူကြောင်ကြောင် ဖြစ်သွားရပြန်တော့လေသည်။ ထိုအခါ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ဒရိုဖရဲဖြစ်စပြုနေသည့် အမှုလမ်းကြောင်းသဘောကို ဝင်ရောက်ထိန်းသိမ်းသောသဘောဖြင့် ကျွန်ုပ်က...

"နေဦး။ မေးစရာတွေက အများကြီး ရှိနေတယ်။ မရှင်းလင်းတာတွေ အများကြီးဖြစ်နေတယ်"

ကျွန်ုပ်၏ ဂုဏ်သတင်းကျော်ဇောမှုကို အသိအမှတ်ပြု၍ လေးစားသောပုံစံဖြင့်...

"ဟုတ်ကဲ့...မေးပါဆရာ။ ဘာတွေများ မေးမှာပါလိမ့်"

"လူသတ်သမားဟာ ဘာပစ္စည်းကို အသုံးပြုပြီး သတ်သွားတာလဲ"

"ချွန်ထက်တဲ့ လက်နက်လို့ ယူဆရပါတယ်ဆရာ..."

"တစ်ချက်တည်းနဲ့ အသေထိုးသတ်သွားတာလား"

"ဓားဖြစ်ဖို့များပါတယ်။ ဓားထဲမှာမှ ဦးချွန်နဲ့ ဓားမြှောင်ဖြစ်ဖို့များပါတယ်။ အဲဒီဓားမြှောင်နဲ့ ထိုးသတ်ပြီး ဓားမြှောင်ကိုပါ ပြန်လည်ယူဆောင်သွားတာပါ"

"သူတို့နှစ်ယောက် သတ်ပုတ်ထားတဲ့လက္ခဏာ ရှိသလား"

"မရှိပါဘူး ခင်ဗျာ။ အလစ်အငိုက်မှာ ထိုးခံလိုက်ရပုံရပါတယ်"

"လူသတ်သမားက ဘယ်ကနေ ဘယ်လိုဝင်လာတာလဲ။ အဖော်ဘယ်သူပါသလဲ"

"အခု ဒီမှာ ကျွန်တော်တို့ လမ်းကြောင်းတွေ ဆွဲပြထားပါတယ်။ စာရွက်ပေါ်မှာလည်း ဆွဲထားပါတယ်။ ခြံထဲမှာလည်း





လေ့လာလို့ ရပါတယ်"

ထိုသို့ပြောကာ ပုလိပ်အရာရှိသည် စာရွက်တစ်ရွက်ကို ထုတ်၍ လူသတ်မှုနှင့်ပတ်သက်ပြီး သူ၏ ကောက်ချက်အကျဉ်းနှင့် ဆွဲထားသည့် လမ်းကြောင်းပုံစံများ အိမ်ပုံစံများကို ကျွန်ုပ်တို့အား ပြလေသည်။ ထိုအခါ ကျွန်ုပ်နှင့် ဦးထင်ကြီးက ထိုပုံစံများကို ရှေ့ဆုံးမှနေ၍ ဝင်ရောက်တာဝန်ယူကြည့်ရှုပြီးနောက် ဦးထင်ကြီးက...

"ဒီနေရာမှာ မရှင်းတာ တစ်ခုရှိနေတယ်"

"ဟုတ်ကဲ့...ပြောပါဆရာ"

"ဒီမှာ ဆွဲထားတဲ့ ပုံစံအရဆိုလို့ရှိရင် လူသတ်သမားက ပြတင်းပေါက်က ဝင်လာတယ်ပေါ့။ ဟုတ်လား..."

"ဟုတ်ပါတယ်...ဆရာ။ ခြံထဲကနေပြီးတော့ သူဟာ ပြတင်းပေါက်ဆီထိကို လျှောက်လာပါတယ်။ ခြံက ပုဏ္ဏရိပ်ပင်တွေနဲ့ ကာထားတဲ့အတွက်ကြောင့် တချို့နေရာတွေမှာ ခွေးတိုးပေါက်တွေ၊ လူဝင်ပေါက်တွေ ရှိနေပါတယ်။ အဲဒီထဲကနေပြီးတော့မှ ဒီပြတင်းပေါက်နားထိ လျှောက်လာတဲ့ခြေရာကို စာရွက်ပေါ်မှာ သေသေချာချာဆွဲပြထားပါတယ်။ ကျွန်တော်တို့ အခုကြည့်မယ်ဆိုရင်လည်း နည်းနည်းကြည့်လို့ရတဲ့အထိ ထင်ကျန်နေပါသေးတယ်"

"ကဲ...ကောင်းပြီ။ ပြန်ထွက်တော့ ဒီလမ်းကြောင်းအတိုင်း ပြန်ထွက်တယ်။ ဟုတ်လား"

"ဟုတ်ပါတယ်။ ဆွဲထားတဲ့အတိုင်းပါပဲ။ အဲဒီလမ်းကြောင်းအတိုင်းပဲ ကွေ့ပြီး ပြန်ထွက်သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ရှိတယ်၊ စာရွက်ထဲကပုံကိုကြည့်ရုံနဲ့ မပြီးဘူး။ တကယ့်မြေအနေအထားကို ကြည့်မှပဲ ဖြစ်မှာပဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော် ဒီမြေအနေအထားတွေကို မပျက်စီးစေရအောင် ထိန်းသိမ်းထားပါတယ်။ ဆရာတို့ ခြံထဲဆင်းပြီး လေ့လာလို့ရပါတယ်"

"ကောင်းပြီ..."

"ကျွန်တော်တို့ယူဆချက်အရဆိုလို့ရှိရင်တော့ သေသူ ဦးဝင်းလှိုင်ဟာ ဒီပြတင်းပေါက်မှာ ရပ်နေပါတယ်။ ဒါမှမဟုတ်ရင် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေပါတယ်။ အဲဒီအချိန်မှာပဲ လူသတ်သမားဟာ ဒီမှာပြထားတဲ့ ခြေရာတွေအတိုင်း ဝင်လာတာပါပဲ။ ခြံထဲမှာလည်း ဆင်းကြည့်လို့ ရပါတယ်။ အလစ်အငိုက်မိသွားပြီးတော့ ထိုးသတ်ခံလိုက်ရတဲ့ပုံ ဖြစ်ပါတယ်"

"အလောင်းကြီး မွှေးနေတာကကော"

"အဲ...အဲဒါကိုတော့ ကျွန်တော်တို့ စုံစမ်းတုန်းပါပဲ။ ဒါပေမဲ့ အလောင်းကို ရေမွှေးဖျန်းထားပုံရတယ်လို့လည်း ယူဆလို့ ရပါတယ်"

"ကောင်းပြီလေ...ကောင်းပြီ။ ကျုပ်တို့ ခြံထဲဆင်းပြီး စစ်ကြည့်မယ် ဟုတ်လား"

"ဟုတ်ကဲ့ဆရာ...ကြွပါ"

ထိုသို့ပြောကာ ပုလိပ်အရာရှိက ဦးဆောင်၍ ကျွန်ုပ်တို့ကို ခြံထဲသို့ ခေါ်ယူသွားလေသည်။ ကိုရဲခေါင်သည် နောက်ဆုံးမှ အေးတိအေးစက်လိုက်ပါလာကာ လူသတ်မှုနှင့်စာလျှင် ခြံထဲမှာ





ပွင့်နေသည့် လှပသည့်ပန်းခင်းများကိုသာ အနုပညာပစ္စည်းတစ်ရပ်ကဲ့သို့ တစ်စိမ့်စိမ့်စိုက်ကြည့်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ရလေသည်။

"ဒါ...လူသတ်သမားရဲ့ ခြေရာတွေပါ"

ပုလိပ်အရာရှိက လက်ညှိုးညွှန်ပြသဖြင့် မြေပြင်မှာ ခပ်ရေးရေးထင်ကျန်နေသော ခြေရာများကို ကျွန်ုပ်တို့ ခေါင်းစိုက်ဝင်မတတ် လေ့လာကြရလေသည်။ မြေပြင်မှာ ရွှံ့ဆန်သော မြေပြင်ဖြစ်ပြီး အခါလွန်မိုးများကြောင့် ရေခပ်ဝပ်ဝပ်ဖြစ်နေသဖြင့် ခြေရာများမှာ တစ်ရက်လွန်သွားသည့်တိုင်အောင် ကြည့်ရှုလေ့လာ၍ ရလောက်အောင် ထင်ရှားနေသေးပြီး ထူးဆန်းအံ့ဩဖွယ်ရာကောင်းသည်မှာ ထိုခြေရာများသည် အနေအထားအားဖြင့် အတော်သေးသွယ်နေခြင်းပင်ဖြစ်လေသည်။

"မိန်းမတစ်ယောက် ဖြစ်တယ်ဗျ..."

ကိုလက်ျာက သူ၏ ကြောင်နှုတ်ခမ်းမွှေးကို လက်နှင့်ပွတ်သပ်ရင်း ထိုသို့ပြောလိုက်လေရာ လွန်စွာပင် သံသေးသံပြာနိုင်လှသော စုံထောက်ဦးစန်းလွင်က...

"ဆိုကောင်းဆိုနိုင်တယ်။ ဒါပေမဲ့ တို့စဉ်းစားစရာတွေ ရှိသေးတယ်ဗျ..."

"ဘာများလဲဗျ..."

"အဲဒီလူဘေးကနေ ပတ်ဝင်လာတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ပြတင်းပေါက်ကနေ တွယ်ပြီးဝင်လာတဲ့ ခြေရာမရှိဘူးဗျ"

ဦးစန်းလွင်၏ ထိုစကားကိုမူ ကျွန်ုပ်၊ ဦးထင်ကြီးဖြူသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းညိတ်လက်ခံမိကာ တစ်လျှောက်လုံး ဦးစန်းလွင်ကို အထင်သေးခဲ့သမျှ ကိုယ့်ဘာသာကိုယ်ပင် သံသယပြန်ဝင်ကာ ကိုယ်ကများ တစ်ဖက်သတ် သူတစ်ပါးကိုပင် အထင်သေးမိသလား အတွေးဝင်မိလေသည်။ ဦးစန်းလွင်ပြောခဲ့သော အချက်သည် အင်မတန်မှပင်ထိမိပြီး လက်တွေ့မှာလည်း တကယ်ကို အရေးကြီးသောအချက်ဖြစ်နေသည်ကို ကျွန်ုပ်အနေနှင့် မည်သို့ပင်ဖြစ်စေကာမူ ငြင်း၍ မရပေ။

ဦးစန်းလွင်၏ စကားကို သူ၏ အချစ်ဆုံး၊ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ကိုလက်ျာလည်း ငြင်းနိုင်စွမ်းမရှိဘဲ...

"သြော်...အင်း...အေး ဟုတ်သားပဲဗျ။ အေး...ဟုတ်တယ်။ ကျွန်တော် အဲဒါမမြင်မိဘူးဗျ။ အဲ...မိန်းမခြေရာ ဟုတ်တယ်။ မိန်းမက ပြတင်းပေါက်ကနေ တွယ်တက်တယ်ဆိုတော့လည်း...။ အေးလေ...လူသတ်သမားဆိုတော့လည်း မပြောနိုင်ဘူးလေဗျာ။ တွယ်တက်ရင်လည်း တက်မှာပေါ့"

"မဟုတ်ဘူးဗျ...။ ကျွန်တော် ပြောနေတာ တွယ်တက်တဲ့ခြေရာ မရှိဘူး ပြောနေတာ"

"အင်း...ဟုတ်တယ်ဗျ။ အဲဒါတော့ ဟုတ်တယ်၊ ဆောရီးဗျာ။ ကျွန်တော်က နည်းနည်းလေးတွေးခေါ်တာ စောသွားတယ်"

ကိုလက်ျာက ဦးစန်းလွင်အား ထိုသို့ တောင်းပန်လိုက်ပြီး အမှုနှင့်ပတ်သက်၍ မည်သည့်စကားကိုမျှ ဆက်မပြောတော့ဘဲ ဟိုဟိုဒီဒီကြည့်ရှုကာ သူ့အနေနှင့် အကောင်းဆုံးဖြစ်အောင် တတ်စွမ်းသမျှ လေ့လာနေလေသည်။ ကျွန်ုပ်တို့အနေနှင့်လည်း မည်သို့





မည်ပုံ ဝင်ပြောရမည်မှန်းမသိဘဲဖြစ်ကာ ဦးစန်းလွင်ကိုသာ...

"ဦးစန်းလွင်"

"ဗျ"

"အဲဒါဆို ခင်ဗျားအမြင်ကကော ဘယ်လိုတုန်းဗျ။ ပြောပါဦး"

"မဟုတ်ဘူးဗျ။ ကျုပ်အမြင်အရ ဆိုလို့ရှိရင်တော့..."

"အင်း...ပြော"

"မဟုတ်ဘူးဗျ။ ကျွန်တော် မပြောနိုင်သေးဘူး"

"သြော်...မသိပါဘူး။ ကျုပ်တို့က ခင်ဗျား တစ်ခုခုများ တွေ့ထားသလားလို့"

"မဟုတ်ဘူး။ ဘာမှလည်း မတွေ့သေးဘူး၊ ဘာမှလည်း မကြည့်ရသေးဘူး။ ကျွန်တော်မပြောနိုင်သေးဘူး။ ပြောလိုက်ရင် ခုန ကိုလက်ျာလိုပဲ ဆန္ဒစောရာ ရောက်သွားလိမ့်မယ်"

ကျွန်ုပ်သည် ဦးစန်းလွင်ကိုသော်လည်းကောင်း ကိုလက်ျာကိုသော်လည်းကောင်း ဤအမှုအပေါ်တွင် ဤသို့ ဆုံးဖြတ်ပြောဆိုရခြင်းနှင့်ပတ်သက်၍ အလွန်ပင် ကျေနပ်ပီတိဖြစ်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ယခင်အခါကဆိုလို့ရှိရင် ဦးစန်းလွင်သည် ကျွန်ုပ်ကိုသော်လည်းကောင်း၊ ကျွန်ုပ်နှင့်စာလျှင် ပို၍ဆိုးသည်မှာ ကိုရဲခေါင်ကိုသော်လည်းကောင်း များစွာမနာလိုဝန်တိုစိတ်နှင့် ဟိုပြောဒီပြော ပြောခဲ့ကြသူများ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေကာမူ သူတို့သည်လည်း အင်းစိန်စီအိုင်ဒီမှ နာမည်ကျော်စုံထောက်ကြီးများနည်းတူ ယခုကိစ္စတွင် အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း အတွေ့အကြုံရှိကြောင်း (ထို့အပြင် မတည့်သူမြင်သည့် အမြင်နှင့် မဟုတ်ဘဲ လူလူချင်း သူလိုကိုယ်လိုဟူသောစိတ်နှင့် ချကြည့်သောအခါတွင် သူတို့သည် ထင်သလောက် ညံ့သူများ မဟုတ်ကြောင်း) တွေ့ရှိလိုက်ရလေသည်။

သူတို့သည် အခန်းထဲပတ်ပတ်လည်၊ ဗီဒိုထဲပတ်ပတ်လည် မှာ သဲလွန်စများကို လိုက်လံရှာဖွေလျက်ရှိပြီး ကျွန်ုပ်နှင့် ဦးထင်ကြီး မှာ ပုလိပ်အရာရှိနှင့် ဟိုဟိုဒီဒီပြောပြီး အမှု၏ အခြေအနေကို အကဲခတ်နေရလေသည်။ အမှုနှင့် ဘာမှ မပတ်သက်သလိုနေသူ တစ်ယောက်မှာ အထူးပြောပြစရာမလိုသည့် ကျွန်ုပ်တို့၏မိတ်ဆွေ ကြီးကိုရဲခေါင်ဖြစ်ပြီး စီးကရက်မီးခိုးများကိုသာ အတွင်တွင်မှုတ် ထုတ်နေလေသည်။

ကိုရဲခေါင်သည် လူပျိုကြီးတစ်ယောက်ဖြစ်ပြီး မိန်းမကို ကင်းရှင်းလျက် လူတစ်ဖက်သားကိုလည်း အလွန်အင်မတန် ညှာ တာလျက်၊ ခက်ခဲနက်နဲသောအမှုများကို ဖော်ထုတ်နိုင်သော ဉာဏ် ပညာကို ပိုင်ဆိုင်လျက်ရှိသော်လည်း အားနည်းချက်တစ်ခုမှာ ထိုသို့ စီးကရက် အလွန်အကျွံသောက်ခြင်းပင် ဖြစ်လေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်ုပ်သည် ကိုရဲခေါင်အား ဤမျ ဤမျှ မသောက်သင့်ကြောင်း ဆွေးနွေးဖူးသော်လည်း ကိုရဲခေါင်က ခပ်ပြုံးပြုံးနှင့် ဆေးလိပ်သောက်ခြင်းသည် သူ့အတွက် ကြောက်စရာ မလိုကြောင်း၊ သူသည် ဆေးလိပ်ကို သောက်သည်မဟုတ်ဘဲ ဖွာရုံသာ ဖွာခြင်းဖြစ်ကြောင်း ကျွန်ုပ်ကို ရှင်းပြခဲ့ဖူးလေသည်။

ကျွန်ုပ်အနေနှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ လက်ခံ





လေသည်။ ကျွန်ုပ်အနေနှင့်လည်း ကိုရဲခေါင်ကို စီးကရက်မီးခိုးတွေ ဘာယ်ကြောင့် ဒီလောက်မှုတ်ထုတ်နေရသလဲဆိုတာမျိုး အတန် တန် စဉ်းစားမိဖူးသည်။

ဆေးလိပ်သမား၊ စီးကရက်သမားတော်တော်များများသည် ခိုးများကို ရှိုက် ငင်းသည်သာရှိပြီး သူက မှုတ်မှုတ်ပြီး ထုတ်နေ သည့်အတွက်ကြောင့် ကျွန်ုပ်အနေနှင့် ဒီလူ စီးကရက်သောက်တာမှ ဟုတ်ရဲ့လား။ သက်သက်များ ဘေးလူကို ရွဲ့နေတာလား။ မဟုတ် တစ်ခုခုကို စဉ်းစားလိုသည့်အတွက်ကြောင့် စီးကရက်ကို အသုံးပြုခံပစ္စည်းတစ်ခုလို သဘောထားနေသည်လား စဉ်းစားမိဖူး သည်။ အခု ကျွန်ုပ်စဉ်းစားသည့်အချက် မှန်နေသည်ကို တွေ့ရလေ သည်။

ကိုလက်ျာနှင့် ဦးစန်းလွင်တို့က အသံတိတ်သွားပြီးသည့် နောက်ပိုင်းမှာ စုံထောက်လက်သင်ကလေး ကိုမျိုးအောင်သည် လည်းကောင်း၊ ကျွန်ုပ်နှင့် ဦးထင်ကြီးသည်လည်းကောင်း၊ ဤအမှု နှင့်ပတ်သက်၍ ဝင်ရောက်မှု တစ်စုံတစ်ရာမပြုမိဘဲ ပုလိပ်အရာရှိ သည့် ပိုင်တွဲများနှင့် ပုလိပ်အရာရှိပြောပြသည့် အမှုအခြေအနေ တို့ကိုသာ စေ့ငုံဝေဖန်မိလေသည်။

သို့သော် ထိုအချိန်တွင် မထင်မှတ်ဘဲ အကြောင်းတစ်ရပ် ပေါ်လာသည်က ကိုရဲခေါင်၏ စကားပင်ဖြစ်လေသည်။ ကိုရဲခေါင်က လိပ်အရာရှိအား . . .

“အဲဒီခြေရာတွေဟာ လူသတ်သမားရဲ့ခြေရာလို့ ဘယ်သူ များ ကောက်ချက်ဆွဲခဲ့သလဲမသိဘူး ခင်ဗျာ။ ကျွန်တော့်အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုလို့ရှိရင်တော့ ဒါ လူသတ်သမားရဲ့ခြေရာ မဟုတ်ပါ ဘူး''

ထိုသို့ ပြောကြားလိုက်လေသည်။ ပုလိပ်အရာရှိသည် ကျွန်ုပ်တို့ကိုသာ ဂရုထား၊ အမှုထားပြီး (ကိုရဲခေါင်လို ဆားပုလင်း တစ်ယောက်အား စိတ်ထဲမှာ ထားပုံမရဘဲ) ဤသို့ အပြောအဆို ခံရသည့်အတွက်ကိုပင် ဆတ်ဆတ်ခါနာသွားသည့်ပုံစံနှင့်...

''နေပါဦး။ မင်းက အဲလိုဝင်ပြောရအောင် မင်းက ဘာ ကောင်မို့လို့တုန်း''

ထိုသို့ပင် ကိုရဲခေါင်အား ရှိုင်းစိုင်းစွာ ပြောဆိုဆက်ဆံ ထိုးကြိတ်မတတ်ပင် ထိုင်ရာမှ ထရပ်လေသည်။ ကျွန်ုပ်သည် ပုဂ္ဂိုလ်စွဲထားသည်ဟု ကိုယ့်ဟာကိုယ် မထင်မိသော်လည်း ဤကဲ့ ရာဇဝတ်မှု ပုလိပ်အရာရှိတစ်ယောက်က ကိုရဲခေါင်အား ထိုးမည် ကြိတ်မည်လုပ်သည့် ကိစ္စကိုမူ လက်ခံနိုင်စွမ်းမရှိသည့်အတွက် ကြောင့်...

''ဟော့...တော်''

နံဘေးမှနေ၍ ထိုသို့ပင် လှမ်းပြောလိုက်လေသည် ရာဇဝတ်အုပ်သည် ကိုရဲခေါင်ကို ဂရုထားကြောက်ရွံ့မှုမရှိသော်လည်း ကျွန်ုပ်ကို ဂရုထားကြောက်ရွံ့မှုရှိနေသည့်အတွက်ကြောင့်...

''ဟို ဆရာ...ဟုတ်ကဲ့။ ဆရာကတားရင် ကျွန်တော် ရပ်မှာပါ။ ဒါပေမဲ့ သူက ဘာမို့လို့ ဒီလိုစကား လာပြောနေရ တုန်း''

''သူ ဘယ်သူလဲဆိုတာ ခင်ဗျားသိလား''





''ဒါ...သိ...အာ...ဩော်...ဩော်''

နှစ်ပြားမတန်အောင် ပြောမိလိုက်ပြီးမှ ရာဇဝတ်အုပ်သည် ကျွန်ုပ်နှင့်တွဲနေပြီး ယခုကဲ့သို့ ပါလာသော၊ ထို့အပြင် ကျွန်ုပ်က ဝင်ရောက်ကာကွယ်ပေးသော သူသည် ဆားပုလင်းရဲခေါင်ဖြစ် ကြောင်းကို သူ့ဘာသာသူ အလိုအလျောက် သိသွားပုံရလေသည်။

ထို့ကြောင့်ပင်လျှင် ကျွန်ုပ်ကို မျက်နှာချိုသွေးကာ ကိုရဲ ခေါင်အားလည်း လှည့်၍ အသိအမှတ်ပြုသောပုံစံဖြင့်...

''အင်း...ဟုတ်ကဲ့။ ဟုတ်ကဲ့။ ဟို...ဘာကြောင့်ထင်လဲ ဆိုတာ ကျွန်တော် သိချင်တာပါပဲ၊ ကျွန်တော်ကတော့ ဒါ လူသတ် သမားရဲ့ခြေရာလို့ ထင်ပါတယ်။ ဒါ လူသတ်သမားရဲ့ ခြေရာ မဟုတ်ဘူးလို့ ဒီက နောင်ကြီးက ပြောတယ်။ အဲဒီက နောင်ကြီး ဆိုတာ ကျွန်တော့်အထင်မမှားဆိုရင် ဆားပုလင်းရဲခေါင် ဖြစ်ပါလိမ့် မယ်။ အဲဒါ ဘာကြောင့် ဒီလိုထင်ရလဲဆိုတာလေးတော့ သိချင် ပါတယ်''

ထိုပုလိပ်အရာရှိ မေးလိုက်သော မေးခွန်းသည် ကျွန်ုပ်တို့ လည်း သိချင်သော မေးခွန်းဖြစ်သောကြောင့် ကိုရဲခေါင် မည်သို့ ဖြေမည့်ပုံ ပြန်လည်ဖြေကြားမည်ဆိုသည်ကို ဝိုင်း၍ နားစွင့်နေမိကြ လေသည်။ ကိုရဲခေါင်က...

''အင်း...ကျွန်တော် ပြောရမှာလည်း ခက်တော့ ခက် တယ်။ ဘာကိစ္စ ဒီဟာကို လူသတ်သမားခြေရာလို့ ထင်ရသလဲ။ ကျွန်တော်မေးမယ်...။ ခြံထဲမှာ အုန်းပင်တွေရှိတယ်၊ အုန်းသီးခြောက် တွေကို ကလေးတွေက ဝင်ဝင်ပြီး ကောက်လေ့ရှိတယ်။ အုန်းသီးတွေ



www.burmeseclassic.com

www.burmeseclassic.com



က ကြွေကြွတာကိုး…။ ဝင်လာတဲ့အပေါက်ကိုလည်း ကြည့်တယ် မှန်တာပြောလို့ရှိရင် ကလေးတစ်ယောက်ပဲ ဝင်လို့ရမယ့် ခွေးတိုး ပေါက်သာသာအပေါက်ပါ။ အဲဒါလေးကနေ လူသတ်သမား ဝင်လာမယ်လို့ ခင်ဗျားတို့ ထင်ရင်တော့ အလောင်းကြီးကို ဒီလို မွှေးကြိုင်သွားအောင် သတ်ဖြတ်ပြီး လုပ်သွားတဲ့ လူသတ်သမားကို ခင်ဗျားတို့က အထင်သေးရာ ရောက်နေတယ်"

"အမ်…"

ပုလိပ်အရာရှိသည် အူကြောင်ကြောင်ဖြစ်သွားပြီး ကိုရဲခေါင်၏မျက်နှာကို နားမလည်သလို လှမ်းကြည့်ရာ ကိုရဲခေါင်က…

"အင်း…ဒီဟာတွေကတော့ အချက်အလက် အထောက်အထားတွေကို ဖယ်ထားလိုက်ပါဦး။ ရိုးရိုးတန်းတန်းတွေးကြည့်ရင် တောင်မှ သိသာနိုင်ပါတယ်။ လူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်တယ်။ ပြီးမှတစ်ခါ အလောင်းကော သွေးတွေကောမှာ နှင်းဆီနံ့ဖျန်းပြီး ထွက်သွားတဲ့ လူသတ်သမားတစ်ယောက်ဟာ အဲဒီလိုမျိုး ခြံစည်းရိုး ခွေးတိုးပေါက်ကနေ ဝင်လာမယ်လို့ ခင်ဗျားတို့ ထင်နေတယ်ဆိုတာ လွဲနေတယ်။ မဟုတ်ဘူးဗျ…လူတစ်ယောက်မှာ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အားသာချက်တွေရှိတယ်။ ဒီလိုလူမျိုးဟာ ဘယ်တော့မှ ခွေးတိုးပေါက်က ဝင်လာမယ့်လူမျိုးမဟုတ်ဘူး။ ခု ခင်ဗျားတို့ပြောတဲ့ ခြေရာ။ ကဲ…ထပ်ရှင်းအောင်ပြောရလို့ရှိရင်တော့ ခင်ဗျားတို့ပြောတဲ့ လူသတ်သမားခြေရာဆိုတာ မဟုတ်ဘူးဗျ အဲဒါဟာ ခုန ကျွန်တော်ပြောသလိုပဲ အုန်းသီးကြွေကြွတာကို ဝင်နိုးကောက်တဲ့ ကလေးတစ်ယောက်ရဲ့ ခြေရာပဲဖြစ်တယ်။ ခင်ဗျား





တို့ကို ကျွန်တော် ပြောပြမယ်"

ထိုသို့ပြောကာ ကိုရဲခေါင်သည် ကျွန်ုပ်တို့တစ်အုပ်လုံးကို ခေါ်ဆောင်လျက် ခြံထဲသို့ ဆင်းနေသည်။ ခြံထဲမှာ ရွှံ့၊ ဗွက် အထိုက်အလျောက်ရှိပြီး သွား၍လာ၍ မကောင်းအောင် မြက်တို့လည်း ထူထပ်လျက်ရှိနေလင့်ကစား ကျွန်ုပ်တို့သည် တာဝန်အရ လူသတ်သမားဟု ယူဆရသည့် ခြေရာအတိုင်း လိုက်၍ ကြည့်ရှုရလေသည်။

ထိုအခါကျမှ ကိုရဲခေါင်ပြောသော စကားသည် မှန်ကန်ကြောင်း ကျွန်ုပ်တို့ တွေ့ကြရလေသည်။ ကိုရဲခေါင်က ရာဇဝတ်အုပ် တစ်နည်းအားဖြင့် ပြောရလျှင် ထိုခေတ်ထိုကာလက ပုလိပ်ဌာနကို တာဝန်ယူထားရသည့်ပုဂ္ဂိုလ်အား…

"ဒါဟာ…ကလေးတစ်ယောက်ရဲ့ ခြေရာပဲဖြစ်တယ်။ ခြေရာဟာ အရမ်းကို သေးသွယ်လွန်းတယ်။ နောက်ပြီးတော့ ခုချိန်မှာ လတ်လတ်ဆတ်ဆတ်မရှိတော့ဘူးဆိုပေမယ့် ကျွန်တော့် အတွေ့အကြုံအရ ကိုယ်အလေးချိန် ဘယ်လောက်မှမရှိတဲ့ လူတစ်ယောက်ရဲ့ ခြေရာဆိုတာကို သိတယ်။ ကလေးရဲ့ ဦးတည်ချက်ကို ကြည့်လိုက်ပါ။ ဒီခြေရာရဲ့ရှေ့မှာ အုန်းသီးကြွေကျထားတဲ့ မြေနေရာရှိတယ်။ အုန်းသီးကြွေကျထားတဲ့အရာကြီး။ ဟောဒီမှာ ကြည့်စမ်း"

ကိုရဲခေါင်က ထိုသို့ လက်ညှိုးထိုးပြကာ သူ၏ အတွေးအခေါ်ကို ဆက်လက်၍ ရှင်းပြလေသည်။

"ကလေးက အဲဒါကို လာကောက်တာပါ။ အဲဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမား မဟုတ်ပါဘူး။ သူ့ဘာသာ အုန်းသီးကို ဒီခြံထဲမှာ လာကောက်နေကျ ကလေးတစ်ယောက်လည်း တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင်တော့ သူခိုးလေးပေါ့ဗျာ...ဒါပါပဲ။ ဒါပေမဲ့ တစ်ခုရှိတာက အဲ...ကလေးဒီလိုလာတာကို ဦးဝင်းလှိုင်က ပြတင်းပေါက်ကနေ မြင်သွားပြီး လှမ်းအော်တယ်''

''ဟုတ်လား...။ လှမ်းအော်တယ်။ အဲ့...လှမ်းအော်တယ်ဆိုတာကို ဘယ်လိုလုပ်သိလဲ''

''ပြီးရင် ပြောပြမယ်။ အခု စကားကို ဆုံးအောင်နားထောင်လိုက်။ ကလေးကို သူ လှမ်းအော်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကလေးက ဒီအုန်းသီးကိုပစ်ချပြီး ပြန်ပြေးသွားတယ်။ ကလေးပစ်ချလိုက်တဲ့ အုန်းသီးရာကို ခင်ဗျားတို့ ဟိုမှာ ကြည့်လို့ရတယ်။ တွေ့လား...။ အုန်းသီးက ဟိုဘက်ရောက်နေပြီ''

''အင်း...ဟုတ်သားပဲ''

''ကလေးကို လှမ်းအော်တယ်ဆိုတာ အိမ်ဖော်တွေနဲ့ ပတ်ဝန်းကျင်က လူတွေရဲ့ ပြောကြားချက်အရ မှန်းဆပြီး ပြောတာပါ။ အမြဲတမ်း အဲဒီလိုဖြစ်နေကျဆိုပဲ''

''ခြေရာကို ကြည့်ရုံနဲ့ သူတို့နှစ်ယောက် တစ်ပြိုင်တည်း ဆုံကြတယ်ဆိုတာ ဘယ်လိုဖြစ်လို့ ပြောနိုင်တာလဲ''

''ဒါကလည်း မှန်းဆချက်ပါပဲ။ သက်သေပစ္စည်းတွေနဲ့ လူသေအလောင်းကို ကိုယ်တိုင်တိုက်ရိုက် မစစ်ဆေးရတဲ့အခါမှာ ဖြစ်တတ်တဲ့ အနေအထားတွေကတစ်ဆင့် ဒီလိုပဲ ကောက်ချက်ဆွဲယူရပါတယ်''





''ဒါဆို လူသတ်သမားက ဘယ်က ဝင်လာတာလဲ''

''အိမ်ရှေ့ကပဲ ဝင်လာတယ်လေ''

''ဘယ်လိုဝင်လာသလဲ။ ဘာသဲလွန်စမှ မရှိဘူး''

''အလောင်းကို သူဖျန်းသွားတာ ရေမွှေးမဟုတ်နိုင်ဘူး။ ရေမွှေးတကာထက်ပိုပြီး အနံ့ပြင်းတယ်။ ပုလင်းနဲ့ သေသေချာချာ ထည့်လာတာမျိုးမဟုတ်ဘဲ ပလပ်စတစ်လို အိတ်ငယ်မျိုးနဲ့ ထည့်ပြီး မလုံလို့ စိမ့်ကျထားခဲ့ပုံရတယ်။ ဒါမှမဟုတ် လူသတ်သမားဟာ လက်အိတ်စွပ်ထားပြီး လက်အိတ်မှာ အဲဒီဆေးနဲ့ ပေကျံထားပုံရတယ်။ အိမ်ရှေ့ကနေ ဒီအခန်းထဲထိ တောက်လျှောက်မှာ အဲဒီဆေးနံ့ ရနေတယ်။ ချက်ချင်းဆိုရင်တော့ သတိထားမိစရာ မဟုတ်ဘူး။ ကျုပ် သေသေချာချာ အနံ့ခံကြည့်လို့ သိရတာ...''

ကျွန်ုပ်တို့သည် ကိုရဲခေါင်၏ စကားကြောင့် ဤအမှုကို တပင်တပန်း ကိုင်တွယ်ရင်ဆိုင်ရနိုင်မှန်း ရိပ်မိလာကာ အလွန်တက်ကြွလာပုံရသော စုံထောက်ကလေး ကိုမျိုးအောင်က...

''ဒါဆိုရင် အုန်းသီးဝင်ခိုးတဲ့ ကလေးက လူသတ်မှုကို မြင်သွားနိုင်တာပေါ့''

''ဒါပေါ့...''

''လူသတ်သမားကိုလည်း မြင်လိုက်နိုင်တာပေါ့''

''ဒါပေါ့...''

''ဒါဆိုရင် ဒီကလေးကို တွေ့နိုင်ရှာနိုင်ရင်...''

''ဟင့်အင်း...မလွယ်တော့ဘူး''

''ဗျာ...မလွယ်တော့ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်သမားကလည်း ကလေးကို မြင်သွားမှာပဲလေ ဗျာ"

အင်းစိန်စီအိုင်ဒီသို့ ကျွန်ုပ်တို့ ပြန်ရောက်ချိန်တွင် ကလေး တစ်ယောက် အသတ်ခံထားရသည့်အကြောင်း တိုင်ချက်ဖွင့်သံကို ကြားလိုက်ကြရလေသည်။

※ ※ ※





## အခန်း [၇]

သေဆုံးသူကလေးမှာ 'ကြွက်ဖြူ'ဟု အမည်ရသည့် မျက်နှာမည်းကလေးတစ်ဦးဖြစ်ပြီး လက်လုပ်လက်စားမိဘများက ပေါက်ဖွားလာကာ ပညာလည်း မတတ်ရှာသူဖြစ်လေသည်။

ကျွန်ုပ်တို့၏ လေ့လာတွေ့ရှိချက်များအရ ကြွက်ဖြူသည် သေဆုံးခဲ့ပြီးသည့် ဦးဝင်းလှိုင်၏ ခြံထဲသို့ အုန်းသီးခြွေများကို နိုးဝင်ကောက်ယူလေ့ရှိကြောင်း သိရသည်။

ထို့အပြင် ဦးဝင်းလှိုင် အိမ်မြေပြင်မှာ တွေ့ခဲ့ရသော ခြေရာအတိုင်းအထွာနှင့် ကြွက်ဖြူ၏ ခြေရာအတိုင်းအထွာမှာလည်း အတူတူပင် ဖြစ်နေသောကြောင့် ကိုရဲခေါင်၏ မှန်းဆချက်များမှာ မှန်ကန်သည်ဟု ယူဆစရာ ရှိလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ တွဲဘက်သူငယ်ချင်းဖြစ်သော 'မောင်နီ'ဟူသည့် သူငယ်ကလေးကို ဦးထင်ကြီးက ခေါ်ယူမေးမြန်းရာ ပို၍ သေချာနိုင်သည့်အချက်အလက်တချို့ကို တွေ့ရလေသည်။

"မင်းနာမည်က မောင်နီနော်..."

"ဟုတ်ပါတယ်...ဆရာကြီး"

"မင်းနဲ့ ခု အသတ်ထားခံရတဲ့ ကြွက်ဖြူနဲ့က အရမ်းတွဲတဲ့ သူငယ်ချင်းတွေဆိုတာ ဟုတ်လား..."

"ဟုတ်ပါတယ် ဆရာကြီး..."

"သူ ဘယ်လိုဖြစ်လို့ အသတ်ခံရတာတုန်း"

"ကျွန်တော် ကျွန်တော်သတ်တာ မဟုတ်ပါဘူး ဆရာကြီး"

ထိုအခါ စုံထောက်ဦးထင်ကြီးသည် သူ၏ ဆူဖြိုးသော ဝမ်းဗိုက်ကြီးကို ပွတ်သပ်လျက် တဟဲဟဲရယ်ရင်း...

"ဒါတော့ မပြောနိုင်ဘူးလေကွာ..."

မောင်နီသည် ငိုတော့မတတ် မျက်နှာမဲ့ရွဲ့သွားကာ...

"ဘုရားစူး မိုးကြိုးပစ်ပါ ဆရာကြီးရယ်။ ကျွန်တော် သတ်တာ မဟုတ်ရပါဘူး"

"မင်း အသေအချာမပြောနိုင်ဘူး"

"ပြောနိုင်ပါတယ် ခင်ဗျာ။ ပြောနိုင်ပါတယ်"

"ဒါဖြင့်ပြော။ ကြွက်ဖြူကို ဘယ်သူသတ်တာလဲ"

"အာ..."

"ပြောလေ..."





"ကျွန်တော် မသိဘူးဆရာကြီး"

"ငါ့ကိုရော သိလား..."

"ကျွန်တော် မသိဘူး ဆရာကြီး"

"မင်းသိတာ ဘာရှိလဲ"

"ကျွန်တော် မသိဘူး ဆရာကြီး"

ကျွန်ုပ်တို့မှာ နံဘေးမှနေ၍ ရယ်ကြမောကြရသေးတော့၏။ ရယ်သံများဆုံးမှ ဦးထင်ကြီးကပဲဆက်၍...

"ကဲ...မင်းနဲ့ ကြွက်ဖြူနဲ့ နောက်ဆုံးဆုံတဲ့အချိန်ကို ပြောစမ်း"

ထိုအခါ မောင်နီက သူတို့ နောက်ဆုံးဆုံတဲ့ချိန်ကို ပြောပြ၏။ ထိုအချိန်သည် ဦးဝင်းလှိုင် သေဆုံးပြီးချိန် (တစ်နည်းအားဖြင့် ပြောရလျှင်) လူသတ်မှုဖြစ်ပွားပြီးချိန်နှင့် ကပ်လျက်ကလေး ဖြစ်နေလေသည်။ ထို့ကြောင့် ဦးထင်ကြီးက...

"တွေ့ကြတော့ မင်းကို သူက ဘာပြောလဲ"

"ဘာမှမပြောဘူးခင်ဗျ။ ဘာကိုမှလည်း မေးလို့မရဘူး။ တစ်ခုခုကို အရမ်းကြောက်နေသလိုပဲ။ ကျွန်တော့်ကိုလည်း ကြည့်သာကြည့်နေတယ်၊ သူ့မျက်လုံးထဲမှာ မြင်ပုံတောင်မရဘူး။ နောက်တော့ မပြောမဆို ဘုန်းကြီးကျောင်းပျက်ကြီးဘက်ကို ထွက်ပြေးသွားတယ်"

"မင်းက လိုက်မသွားဘူးလား"

"ဟင့်အင်း...မလိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ပစ္စည်းဝင်ခိုးတာကို တစ်ယောက်ယောက်မိသွားလို့ သူ ကြောက်လန့်ပြီး ထွက်ပြေးလာရတာဖြစ်မှာပေါ့။ ကျွန်တော် လည်း သူနဲ့ မတူတဲ့လမ်းကနေ ခွဲထွက်ပြီး ပြေးရတော့တာပေါ့"

ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေမိကြသည်။ ထိုအချိန်မှာ ကိုရဲခေါင်နှင့် ကိုမျိုးအောင်တို့ အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာကြပြီး ကိုမျိုးအောင်က...

"ဆရာ ကိုရဲခေါင်"

"ပြောပါ..."

"ဒီပုံတွေကို ကြည့်ပါဦးဗျာ..."

သူ့ဖိုင်တွဲထဲမှာ ပုံအချို့ကို ကိုရဲခေါင်အား ပြလေသည်။ ပုံများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။





| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၀ | ၄ | ၈ | ၁ | ၁၃ | ၀ | ၁၆ | ၂၀ | ၀ |
| ၃ | ၂၂ | ၀ | ၅ | ၁၂ | ၀ | ၁၈ | ၁၁ | ၀ |
| ၀ | ၁၀ | ၀ | ၇ | ၁၄ | ၂၄ | ၀ | ၀ | ၂ |
| ၂၇ | ၉ | ၀ | ၀ | ၁၇ | ၁၉ | ၆ | ၁၅ | ၂၁ |


ပုံ(၁)



www.burmeseclassic.com

www.burmeseclassic.com







ပုံ(၂)









ပုံ(၃)



www.burmeseclassic.com

www.burmeseclassic.com







ပုံ(၄)









ပုံ(၅)



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၆)





ကိုရဲခေါင်နှင့်အတူ ကျွန်ုပ်တို့ကလည်း ဝိုင်းဝန်းကြည့်ရှုကြပြီး
ာက် ကိုမျိုးအောင်နည်းတူပင် ကိုရဲခေါင်၏ မျက်နှာကိုသာ
ကြည့်လိုက်ကြရလေတော့သည်။

ကိုရဲခေါင်က စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်ပြီး
ပုံများကို ကျွန်ုပ်တို့လက်ထဲသို့ လွှဲထည့်ပေးကာ...

"ဒီပုံတွေက ဦးဝင်းလှိုင်ရဲ့ အိမ်က ရှာတွေ့တာတွေလား"

"ဟုတ်...ဟုတ်ကဲ့။ ကိုရဲခေါင်က ဘယ်လိုလုပ် သိတာ
န်း"

"ဦးဝင်းလှိုင်ရဲ့ လက်ရေးကို ကျုပ် လေ့လာတယ်လေ"

"ဒီပုံတွေက ဘာတွေလဲဗျ"

"ရှေးဟောင်းလောကီအစီအရင်နဲ့ ပတ်သက်တဲ့ ပုံတွေပါ
"

"ဟုတ်လား ဘယ်လိုအသုံးပြုရသလဲ"

ထိုအခါ ထိုပုံများကို အသုံးပြုပုံနှင့်ပတ်သက်သော ဗဟု
ာအချက်အလက်များကို ရှင်းပြလေသည်။ ကိုရဲခေါင်၏ ကြွယ်ဝ
ာဗဟုသုတသည် ကျွန်ုပ်တို့အတွက် အထူးအဆန်း မဟုတ်
ာ်လည်း စုံထောက်လက်သင် ကိုမျိုးအောင်အတွက်မူ အထူး
ဆန်းဖြစ်နေလေတော့သည်။

(ကိုရဲခေါင်၏ ရှင်းပြချက်အတိုချုပ်များကို ဤအခန်း၏
က်ပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။)

ကိုမျိုးအောင်က ကိုရဲခေါင်ကို ချီးကျူးအားကျသော
သံဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



''ကိုရဲခေါင်က ဒါတွေကိုလည်း သိသကိုး...''

''လေ့လာထားရတာပေါ့ဗျာ''

''စုံထောက်ကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ ဗဟုသုတ ကြွယ်ဝဖို့လည်း လိုတယ်နော်''

''အစစ်ပဲပေါ့''

''ဦးဝင်းလှိုင်က ဒီပုံတွေကိုလည်း ဆောင်ထားတယ်နော်''

''ဆောင်ထားရုံတင်မကဘူး။ ဦးဝင်းလှိုင်ကိုယ်တိုင်က ဂန္ဓာရီပညာရှင်တစ်ဦး ဖြစ်နေပြီဗျ''

''ဘာဖြစ်လို့ ပြောနိုင်တာတုန်း''

''ပုံဆွဲထားတဲ့လက်ရာကို ကြည့်လေ''

''ဟုတ်ကဲ့''

''ရိုးရိုးဆွဲထားရုံသက်သက်မဟုတ်ဘူး''

''ဟုတ်ကဲ့''

''စိတ်အာရုံကို အပြည့်ထည့်ပြီး ဆွဲထားတာ''

''ဟုတ်ကဲ့''

''ဒီပုံတွေထဲမှာ သူ့ရဲ့ စိတ်စွမ်းအင်လှိုင်းတွေကို မြင်နေရတယ်။ ကြည့်တတ်ရင် တွေ့ပါတယ်''

''ဩော်...ဩော်''

ကျွန်ုပ်တို့ကား မကြည့်တတ်၍ မတွေ့ခဲ့ကြဘဲ ကိုရဲခေါင် ပြောပြမှပင် မြင်နိုင်စွမ်းကြတာ။ နံဘေးမှသာ ခေါင်းတညိတ်ညိတ်နှင့် 'အင်း' လိုက်ကြရပြီးနောက် ကျွန်ုပ်က...

''ဒါဆို ကိုရဲခေါင်''





''ပြောပါ အိုင်ပီ''

''ဒီအမှုဟာ ဂန္ဓာရီပညာတွေနဲ့ ရောပတ်သက်နေနိုင်သလား''

''ဖြစ်နိုင်ပါတယ်''

''ဒါဆို ဒီအမှုကို လိုက်ဖို့ အတော်ခက်နေနိုင်သလား''

ကျွန်ုပ်၏ ထိုအမေးကို ကိုရဲခေါင်က မည်သို့မှ ပြန်မဖြေဘဲ စီးကရက်မီးခိုးများကိုသာ မှုတ်ထုတ်လျက် တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေသဖြင့် ကျွန်ုပ်တို့လည်း အလိုက်တသိဖြင့် ငြိမ်နေလိုက်ကြလေသည်။

ထိုစဉ်အချိန်မှာပင် ဤအမှုကိုပဲ ကျွန်ုပ်တို့နှင့် လူခွဲစုံစမ်းနေသည့် ဦးစန်းလွင်နှင့် ကိုလက်ျာတို့သည် ရုံးခန်းတွင်းသို့ ပျာယီးပျာယာဖြင့် ဝင်ရောက်လာကာ...

''အမှုကတော့ ရှုပ်သထက် ရှုပ်ပြီဗျို့''

ကျွန်ုပ်က...

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲ။ ဦးဝင်းလှိုင်ကိုသတ်တဲ့ ကြည်ညွန့်ဆိုတဲ့ လူက သေပြီးသားလူဗျ''

''ဟာ...''

''ဟင်...''

''အို...''

ဦးစန်းလွင်က သူ၏စကားကို ဆက်လက်၍ ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ"

"အင်း..."

"ကျုပ်တို့ရဲ့ စုံစမ်းတွေ့ရှိချက်အရ..."

"အင်း..."

"သေသူ ဦးဝင်းလှိုင်နဲ့ သတ်သူ ဦးကြည်ညွှန့်တို့ဟာ တစ်ခါက အလွန်ရင်းနှီးခဲ့ကြတဲ့ သူငယ်ချင်းတွေ။ ဦးတာတီးဆိုတဲ့လူ နောက်တစ်ယောက်လည်း ပါသေးတယ်။ သုံးယောက်တစ်တွဲပေါ့"

"အင်း..."

"သူတို့ဟာ ကုက္ကိုလ်ပင်ရွာမှာ ကြီးပြင်းနေထိုင်ခဲ့ကြပြီး စိတ်တူ ကိုယ်တူ ဝါသနာတူတွေ ဖြစ်ခဲ့ကြတယ်။ အထူးသဖြင့် သူတို့ဟာ ဂန္ဓာရီပညာရပ်တွေကို အထူးလိုက်စားခဲ့ကြတယ်တဲ့"

"အင်း...ဟုတ်ပြီ"

"အကြားအမြင်နဲ့ ဗေဒင်ပညာတွေမှာလည်း အထူး ကျွမ်းကျင်ကြတယ်။ တစ်နေ့မှာ သူတို့ဟာ ရသေ့ကြီးတစ်ပါးဆီက နေ့ ထူးခြားတဲ့ နှင်းဆီဆေးအိုးတစ်အိုးကို ရခဲ့ကြတယ်။ အထူး သဖြင့် ဦးကြည်ညွှန့်က ရတာပေါ့လေ..."

"ဟုတ်ပြီ..."

"အဲဒီ နှင်းဆီဆေးအိုးဟာ ဘာစွမ်းတယ်တော့ မသိဘူး၊ ဦးကြည်ညွှန့်ဟာ ကျန်တဲ့နှစ်ယောက်ကို အသုံးမပြုစေဘဲ သူ့ဘာသာ တစ်နေရာမှာ ဝှက်ထားလိုက်တယ်"

"ဟုတ်ကဲ့"

အဲဒီမှာ သုံးယောက်သား စကားများကြတယ်။ နောက်





တော့ ဦးကြည်ညွှန့်က ရက်ရက်စက်စက် အသတ်ခံလိုက်ရပြီး ဦးဝင်းလှိုင်နဲ့ ဦးတာတီးလည်း ရွာကနေ ပျောက်သွားကြတယ်"

"အင်း..."

"အဲဒီဖြစ်ရပ်ဟာ နှစ် ၂၀ကျော် ကြာခဲ့ပြီတဲ့ဗျ"

ကျွန်ုပ်က...

"ဦးကြည်ညွှန့်က အသတ်ခံရတာမှန်ပေမယ့် သေသွား တယ်ဆိုတာ သေချာရဲ့လား"

"သေချာတယ်ဗျ။ တစ်ရွာလုံးက ဝိုင်းသင်္ဂြိုဟ်ပေးခဲ့ရတာ။ ခေါင်းတခြား ကိုယ်တခြား ဓားနဲ့ခုတ်သွားလို့ အလောင်းကိုတောင် မနည်းပြန်ဆက်ယူခဲ့ရတာ"

"ရော်..."

ထိုအချိန်တွင် စုံထောက်ဦးထင်ကြီးက သူ၏ ဆူဖြိုးသော ဝမ်းဗိုက်ကြီးကို လက်နှင့်ပွတ်သပ်လျက်...

"ဒါဆိုရင် အဲဒီ သေသူဟာ ဦးကြည်ထွန်း တကယ်ဟုတ် မဟုတ်ဆိုတာကို ပြန်စဉ်းစားရမယ်"

"အဲဒီအချက်ကိုလည်း ကျွန်တော်တို့ စိစစ်ပြီးပြီ။ သေသူ ဟာ ဦးကြည်ညွှန့် အစစ်ပဲဗျ။ အထပ်ထပ်စစ်ပြီးပြီ။ ဦးကြည်ညွှန့်မှ ဦးကြည်ညွှန့်အစစ်"

ဦးထင်ကြီးနှင့် ကျွန်ုပ်တို့ မျက်မှောင်ကြုတ် စဉ်းစားနေချိန် တွင် ကိုမျိုးအောင်က...

"ဦးကြည်ညွှန့်ရဲ့ သားကများ..."

"မဟုတ်ဘူး။ ဦးကြည်ညွှန့်က တစ်ကောင်ကြွက်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သွေးမျိုးမှ မရှိဘူး။ ပြီးတော့ လူပျိုကြီး''

''ဒါဆိုရင် သူ့တပည့်တစ်ယောက်ယောက်...''

''ဘာတပည့်မှ မရှိဘူး။ စဉ်းစားစရာ တစ်ခုပဲရှိတယ်''

''ဘာများလဲဗျ''

''လူမသိလိုက်တဲ့ တိတ်တိတ်ပုန်းသားများလား ဆိုတာကို ပေါ့''

''ဩော်...''

''အင်း...''

ဦးစန်းလွင်နှင့် ကိုလက်ျာတို့ကို လျှော့တွက်၍ သိပ်မရနိုင်ကြောင်း ရှေ့ပိုင်းမှာ ကျွန်ုပ်အနေနှင့် တင်ပြပြီးဖြစ်၍ ယခုထပ်၍ မတင်ပြလိုတော့ပါ။ သူတို့သည်လည်း အစွမ်းရှိသလောက် ကြိုးစားကြပြီး အလုပ်အပေါ်တွင် တာဝန်ကျေလိုစိတ်အထူးရှိကြလျက် ကိုရဲခေါင်ကို မကျော်လွန်နိုင်ခြင်း၊ ပုထုဇဉ်သဘာဝ မနာလိုစိတ်ဝင်သွားကြခြင်းသာ ဖြစ်ချိမ့်မည်။

ကိုရဲခေါင်ကမူ မည်သည့်စကားကိုမှ ဝင်မပြောဘဲ စီးကရက်အသစ်တစ်လိပ်ကိုသာ ထုတ်ယူပြီး မီးညှိလျက် တိတ်ဆိတ်စွာ ရှိနေသည်။ ထို့နောက်တွင်တော့ ကျွန်ုပ်တို့သည် ဦးနောက်ဆေးရန်ဟူသောအကြောင်းပြချက်ဖြင့် လွန်စွာပင် အဖျော်အစပ်ကောင်းလှသော 'လက်သမား' ကာကာဆိုင်သို့ အုပ်စုလိုက်ကြီး ထွက်ရှိလာခဲ့ကြလေတော့သည်။

ကာကာဆိုင်သို့မရောက်မီ လမ်းမှာပင်လျှင် တရုတ်အဘိုးကြီးတစ်ယောက်သည် ကျွန်ုပ်တို့အုပ်စုထံသို့ ချဉ်းကပ်လာပြီး





ကိုရဲခေါင်အား စူးစူးကြည့်လျက်...

''ဒီက မိတ်ဆွေကြီးက နာမည်ကျော်စုံထောက်ကြီး ဆားပုလင်းရဲခေါင် ထင်ရဲ့။ ဟုတ်ပါတယ်နော်''

ကိုရဲခေါင်ကမူ သူ့ထုံးစံအတိုင်း မတုန်မလှုပ်အမူအရာဖြင့်...

''ဟုတ်ပါတယ်''

''ကျုပ်ကတော့...အညတရပါ''

''ကိစ္စရှိရင် လိုရင်းကို ပြောပါ''

''ဒီလိုပါ...''

''အင်း...''

''စိတ်မဆိုးဘူးဆိုရင် ဆားပုလင်းရဲခေါင်ကို မေးခွန်းတချို့ မေးချင်လို့ပါ''

''သဘောက...''

''ပညာစမ်းကြည့်တာပါ''

''အောင်မာ...ခင်ဗျားက ဆရာကိုရဲခေါင်ကို ပညာစမ်းမလို့''

ကိုမျိုးအောင်က ထိုကဲ့သို့ ဒေါသတကြီးဝင်ရောက်ပြောဆိုလိုက်သောအခါ တရုတ်အဘိုးကြီးက မိန့်မိန့်ကြီးပြုံးလျက် အောက်ပါအတိုင်း ပြန်လည်ပြောကြားလေသည်။

''ဒီလိုပါ။ ကျားနဲ့စစ်တုရင်ဘက်မှာ ကျုပ်ဟာ အင်မတန်ထူးချွန်ပါတယ်။ ဒီနားတစ်ဝိုက်မှာဆိုရင် ကျုပ်ကို မီသူတစ်ယောက်မှ မရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားက ကိုရဲခေါင်နဲ့ အဲဒါတွေ ကစားချင်လို့ပေါ့။ ဟုတ်လား..."

"မဟုတ်ပါဘူးဗျာ...။ နာမည်ကျော် ဆားပုလင်းရဲခေါင် စဉ်းစားဆင်ခြင်ဉာဏ်ကိုလည်း သိချင်လို့ပါ"

"ဘယ်လို ပြိုင်ချင်တာလဲ"

တရုတ်အဘိုးကြီးက ကျွန်ုပ်တို့အနီး လမ်းဘေးသစ်ပင်အောက်မှ ထိုင်ခုံတန်းလေးဆီ လက်ညှိုးညွှန်ပြပြီး...

"ဒီခုံမှာ စောစောလေးကတင် ဘယ်သူတွေထိုင်သွားကြသလဲဆိုတာကို သိချင်လို့ပါ"

ထိုအခါ စုံထောက်ဦးထင်ကြီးက တဟဲဟဲရယ်လျက် သူ၏ ဆူဖြိုးသောဝမ်းဗိုက်ကြီးကို လက်နှင့်ပွတ်ကာ...

"ဒီလောက်များဗျာ...ကိုရဲခေါင်မလိုပါဘူး။ ကျွန်ုပ်တို့ကပဲ ပြောပြလိုက်ပါ့မယ်"

ထိုသို့ပြောကြားကာ ကျွန်ုပ်တို့ဘက်သို့ လှည့်လျက်...

"ဗျို့...ဦးအောင်မင်း"

"ပြောပါ ဦးထင်ကြီး"

"စောစောက ဒီကုလားထိုင်ရှည်ကြီးမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ထိုင်သွားကြတယ် မဟုတ်လားဗျ"

"ဟုတ်ပ။ တော်တော်ခေတ်ဆန်တဲ့ သမီးရည်းစားတွေပါပဲ။ အမျိုးသမီးက စီးကရက်တစ်လိပ်ကိုတောင် ထုတ်သောက်သွားသေးတယ်"





"အေးဗျ။ သူတို့ထပြန်သွားတာ အကောင်းပြန်သွားကြတာမှမဟုတ်။ စိတ်ဆိုးစိတ်ကောက်ပြီး ပြန်သွားကြတာကိုး..."

"ဟုတ်ပ့ ဦးထင်ကြီး။ တစ်ယောက်တစ်လမ်းစီ ပြန်သွားကြတာပဲကိုးဗျ။ အမျိုးသားက ဟိုဘက်၊ အမျိုးသမီးက ဒီဘက်"

ထို့နောက် ဦးထင်ကြီးက တရုတ်အဘိုးကြီးဘက်သို့ လှည့်၍...

"ဘယ့်နှယ့်လဲဗျ။ ဟုတ်တယ် မဟုတ်လား"

တရုတ်အဘိုးကြီးသည် မျက်လုံးအပြူးသားဖြစ်လျက် ကျွန်ုပ်တို့ကို ကြောင်အမ်းကြည့်နေပြီး သူ၏ နောက်ဘက်နားတွင် သူကို မြှောက်ပင့်တွန်းသွတ်လိုက်ပုံရသော ကာလသားအချို့က စပ်ဖြဲဖြဲဖြင့် ရှိနေကြလေသည်။

"ဟုတ်...ဟုတ်တယ်"

တရုတ်အဘိုးကြီးက အံ့သြတကြီး ဝန်ခံသောအခါ ထိုကာလသားများကပင် ဝါးခနဲ ဝိုင်းရယ်ကြပြီး...

"တွေ့ပြီမဟုတ်လား...အဘိုးကြီး။ ဒါတောင်မှ ဆားပုလင်းရဲခေါင် မဟုတ်သေးဘူးနော်"

"ဟုတ်ပါပြီဗျာ...။ သိပါပြီ...တွေ့ပါပြီ"

ထိုသို့ပြောကာ အဘိုးကြီးက ကျွန်ုပ်တို့ကို အရှိအသေပေးပြီး လှည့်ထွက်သွားရာ ကာလသားအုပ်စုကလည်း သူ့နောက်မှနေ၍ ဟေးလားဝါးလား လိုက်ပါသွားလေသည်။

ကျွန်ုပ်တို့သည် ပြုံးစိစိ သူတို့ကို လှမ်းကြည့်ပြီး ကာကာဆိုင်ရှိရာသို့ ဆက်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်ဦးထင်ကြီးတို့၏ သုံးသပ်ပြချက်များသည် သာမန်လူအတွက် ထူးဆန်းနေသော်လည်း စုံထောက်ပညာအရ မူကား အခြေခံအဆင့်မျှသာပင် ရှိလေသည်။

ခုံတန်းရှည်အောက်မှ မြေပျော့တွင် ထင်ကျန်နေသော ခြေရာအရ ယောကျ်ားတစ်ယောက်နှင့်မိန်းမတစ်ယောက်ဟု ပြောနိုင်ခြင်းဖြစ်သည်။ ယောကျ်ားခြေရာက ရှူးဖိနပ်ရာဖြစ်ပြီး မိန်းမခြေရာက တန်ဖိုးကြီး ဒေါက်မြင့်ဖိနပ်ခြေရာ ဖြစ်သောကြောင့်လည်း ခေတ်ဆန်သောစုံတွဲဟု ဆိုနိုင်သည်။

ထို့ပြင် ခုံတန်းအောက်မှ စီးကရက်အစီခံတွင် နှုတ်ခမ်းနီအချို့ စွန်းပေနေသဖြင့် မိန်းမက သောက်သုံးခြင်းဖြစ်နေသည်။ အပြန်ခြေရာများသည် တစ်ယောက်တစ်လမ်းဖြစ်နေပြီး ဆောင့်နင်းသွားကြသော ခြေရာများဖြစ်နေ၍ စိတ်ကောက်သွားကြသည်ဟု သိနိုင်သည်။

ရိုးရိုးကလေးပဲ ဖြစ်ပါသည်။ ကာကာဆိုင်ရောက်မှပဲ ကျွန်ုပ်တို့သည် ထိုအဖြစ်ကလေးကို စမြုံ့ပြန်ပြီး ကာကာရေကို အရသာခံသောက်ကာ စိတ်ကို ဦးဝင်းလှိုင်၏ သေဆုံးမှုထံ ပြန်မရောက်စေဘဲ ဦးနှောက်ကို အနားပေးထားလိုက်ကြ၏။

အလာပသလ္လာပပြောဆိုကြ၍ စကားသုံးလေးခွန်းပင် မပြည့်သေးချိန်မှာ အနီးအပါးရပ်ကွက်ထဲမှ စပ်စု၍ နှုတ်ဖွာတတ်ပုံရသော လူတစ်ဦး ကာကာဆိုင်ထဲသို့ဝင်လာရာ သူနှင့်အတူ ထိတ်လန့်ဖွယ်ရာ စကားတစ်ခွန်းပါလာလေသည်။

❋ ❋ ❋





## အခန်း[၇] နောက်ဆက်တွဲ

ပုံ(၁)

အင်းကွက်မဟုတ်ပါ။ ဝိဇ္ဇာရပေဒင်ဟုခေါ်ပါသည်။ အကွက် (၃၆)ကွက်ရှိပြီး ဟောကိန်းအရမှ (၂၄)ခုရှိပါသည်။ လက်ထောက်ပေဒင်ဖြစ်ပါသည်။

စိတ်ကို တည်ငြိမ်ရှင်းလင်းအောင်ထားပြီး မျက်လုံးအစုံမှိတ်လျက် ဇယားကွက်မှာ လက်ထောက်ရပါသည်။ ဟောကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ တိကျသော မေးခွန်းတစ်ခုကိုသာ မေးရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၀) ယခုမေး၍မရပါ၊ နောက်မှမေးပါ။
(၁) အနှောင့်အယှက်မရှိလျှင် အောင်မြင်မည်။
(၃) အလုပ်ကို ဂရုမစိုက်လျှင် ပျက်စီးတတ်မည်။
(၄) သုံးရက်အတွင်း ပြေလည်မည်။
(၅) သတိမရှိလျှင် ဆုံးရှုံးနစ်နာမည်။
(၆) လာဘ်ဝင်မည်။ အမှတ်တရပစ္စည်းဝင်မည်။
(၇) အရောင်းအဝယ် လုပ်ရမည့်အချိန်မဟုတ်။
(၈) သုံးရက်ကျော်မှ အောင်မြင်မည်။
(၉) ငွေကံကောင်းမည်။
(၁၀) ဆက်ကြိုးစားလျှင် အောင်မြင်မည်။
(၁၁) ပြန်စဉ်းစားရမယ့် ကိစ္စပါ။
(၁၂) ဆက်သာလုပ်ပေတော့။
(၁၃) ငြိမ်နေလိုက်ဦး။
(၁၄) အမှုအခင်းဖြစ်နိုင်တယ်။
(၁၅) ကိုယ့်အားကိုယ်ကိုး။
(၁၆) အပြောကိုရော၊ အကြားကိုရော ဆင်ခြင်။
(၁၇) ငွေမချေးနဲ့။
(၁၈) ကံကောင်းတော့မည်။
(၁၉) ခရီးသွားစရာရှိ သွားလိုက်ပါ။ ကောင်းတယ်။
(၂၀) သုံးရက်အတွင်း ဒုက္ခကြုံမည်။
(၂၁) စိုးရိမ်စရာမရှိတဲ့ပြဿနာ ကြုံမယ်။
(၂၂) ပျင်းနေလို့မဖြစ်ဘူး၊ နည်းနည်းအားထုတ်မှ။





(၂၃) ကိုယ်ကျင့်တရားကို ထိန်းရင် အကျိုးရှိမယ်။
(၂၄) ရမ်းမလုပ်နဲ့၊ ဖြစ်လာပါလိမ့်မယ်။

မှတ်ချက်။ ။ မျဉ်းကြောင်းပေါ်တည့်တည့်ထောက်မိရင်လည်း သုည(၀)လို့ပဲ ယူဆရပါမယ်။

ပုံ(၂)

လက်ထောက်ဗေဒင်ပါ။ ရှေးကျပါသည်။ ဟောကိန်းလေးခုသာရှိပါသည်။ ခရီးသွားလာမှုနှင့်ပတ်သက်ပြီး အဟော၊ အမေးများသော်လည်း အခြားကိစ္စများလည်း သုံး၍ရပါသည်။ မျဉ်းပေါ်ကျလျှင် ဟောကိန်းမရှိပါ။ ထပ်မေး၍လည်း မရပါ။

(န) ခရီးသွားသူ အဆင်ပြေသည်။ ပြန်လာဦးမည်မဟုတ်။

(သ) ခရီးသွားသူ ပြန်လာတော့မည်။

(အ) ပြန်လာတာ လမ်းတစ်ဝက်တောင် ရောက်နေပြီ။

(ဣ) ရောက်တောင် ရောက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၄)

စမ, ဖြစ်သည်။ ရက်ကောင်းရက်မြတ်ကိုရွေးပြီး ရွှေပြား ပေါ်မှာ ရေးရသည်။ 'နံ' ဟူသောနေရာတွင် ကိုယ့်မွေးနံကို ရေးထည့်ပါ။ တစ်ထိုင်တည်း အပြီးရေးရသည်။

ထို့နောက် ရှင်သီဝလိဂါထာကို (၇)ခေါက်ရွတ်ပါ။ ပန်း လှူပြီး နတ်တွေကို မေတ္တာပို့ပါ။

ကိုယ်မှာဆောင်ထားလျှင် ငွေရှင်သည်။ ရေစိမ်ထားပြီး ရောင်းကုန်များကို ပက်ဖျန်းထားပါက အလျင်အမြန်ရောင်းရမည်။

ပုံ(၅)

လက်ထောက်ဗေဒင်ဖြစ်သည်။ ကြေးစည်ပုံသဏ္ဍာန်ဖြစ်၍ ကြေးစည်ဗေဒင်ဟု ခေါ်သည်။ ဗုဒ္ဓဘာသာ မဟုတ်သူများလည်း ယုံကြည်စွာသုံးလျှင် အကျိုးထူးပါသည်။ ဟောကွက်အတန်ငယ် ကျယ်ပြန့်သည်။ အကျဉ်းကိုသာ တင်ပြလိုက်သည်။

၁။ အမြင့်ဆုံးသို့ရောက်မည်။ ထွက်ပေါက်ရှိနေတတ် သည့်သဘောကို ဆောင်သည်။
၂။ ထိပ်ဆုံးမဟုတ်သော်လည်း အလယ်အလတ်ထက် သာမည်။
၃။ အတိုက်အခိုက်ကောင်းမည်။





၄။ အရည်အချင်းရှိသော်လည်း သွေးအေးတတ်၊ တွေဝေ တတ်သည်။
၅။ အချက်အခြာကျသူ တစ်ယောက်ဖြစ်မည်။
၆။ အေးအေးချမ်းချမ်းနေတတ်သူ။
၇။ စိတ်ကူးကောင်းသူ၊ ကျော်ကြားမည့်သူ။

ပုံ(၆)

လက်ထောက်ဗေဒင်ပါပဲ။ ဟောချက်တွေက အောက်ပါ အတိုင်း ဖြစ်ပါသည်။

၁။ အမြင်ကျယ်ပြန့်မှုကြောင့် ကောင်းစားမည်။
၂။ လုပ်ရည်ကိုင်ရည်ရှိမည်။
၃။ အောက်ခြေလူတန်းစား။
၄။ အတိတ်ကံကောင်းမည်။
၅။ ကောင်းသောအလုပ်နဲ့ပဲ အကျိုးပေးမယ်။
၆။ ကျန်းမာရေးကောင်းသူ၊ အင်တိုက်အားတိုက် အလုပ်လုပ်နိုင်သူ။
၇။ သာမန်ခေါင်းဆောင်။
၈။ သာမန်လူ။
၉။ ကြိုးစားရင်း ကံကူမည့်သူ။
၁၀။ အလယ်အလတ်ကျသူ၊ ပြဿနာနည်းသူ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း[၈]

ထိုသူသည် ပိန်သွယ်သွယ်နှင့် အညာသားကို မီးဖုတ်ထားသည့် ပုံသဏ္ဍာန်ရှိပြီး ဝတ်စားပုံက ကျော့မော့စွာ ဝတ်ဆင်ထားကာ စကားကို ကျယ်လောင်ကျယ်လောင်နှင့် မြန်ဆန်စွာ ပြောဆိုတတ်သူလည်း ဖြစ်လေသည်။

ထိုလူသည် ဤဆိုင်တွင် လာရောက် သောက်သုံးကြသူများနှင့်သော်လည်းကောင်း၊ ဆိုင်ရှင်နှင့်သော်လည်းကောင်း ရင်းနှီးကျွမ်းဝင်ပြီးသား လူဖြစ်ဟန်တူပြီး အားလုံးကို ရင်းနှီးစွာ စကားတစ်ခွန်း ဆိုလေသည်။

''လူတွေနော်...ဘယ်လိုကြီးမှန်းလည်း မသိဘူး။ တော်တော်ထူးဆန်းတဲ့ကိစ္စတစ်ခုကို စောစောက ကျုပ် မြင်ခဲ့တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဗျ''

သူလာလျှင် စကားအထူးအဆန်း ပါလာတတ်ပုံရသဖြင့် ဆိုင်ထဲတွင် သောက်သုံးနေကြသူများသည်လည်းကောင်း၊ ဆိုင်ရှင်ကြီးသည်သော်လည်းကောင်း သူ့စကားအပေါ်မှာ အလွန်စိတ်ဝင်စားသွားကာ...

''အေး...ပြောပါဦး။ ဘာတွေများထူးလွန်းလို့လဲ...။ မောင်မောင်တုတ်ရဲ့''

ထိုသို့သော မောင်မောင်တုတ်ဟူသည့်အမည်ကို ကျွန်ုပ်သည် ဒီတစ်ကြိမ်တွင်သာ စတင်ကြားဖူးခြင်းဖြစ်ပြီး ရယ်ချင်သလိုလို ငိုချင်သလိုလိုလည်း ခံစားရလေသည်။

ထိုအချိန်ထိ ကျွန်ုပ်သည် သူပြောမည့်စကားက ကျွန်ုပ်တို့အတွက် အရေးပါမည့်စကားဖြစ်ကြောင်းကို ကြိုတင်ခံစားမိခြင်း မရှိသေးချေ။ မောင်မောင်တုတ်သည် စကားကိုပြောလျှင် လိုရင်းအချက်အား တန်းပြောခြင်းမရှိဘဲ၊ စီကာပတ်ကုံးနှင့် သွယ်ဝိုက်ပြောတတ်သည့်ပုံသဏ္ဌာန်လည်း ရှိချေသည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့သည် အဖြစ်အပျက်ကို စုံလင်စွာ သိရှိလိုက်ရလေသည်။

မောင်မောင်တုတ်က...

''ဒီလိုဗျ...။ ကျွန်တော်တို့ ဒီလမ်းထောင့်က လူထူးလူဆန်းကြီးတစ်ယောက်ရှိတယ်လေ။ တိုက်အိုကြီးတစ်လုံးထဲမှာ သူတစ်ယောက်တည်း နေတယ်လေ။ သိတယ်မဟုတ်လား''

''အေး...သိပါတယ်။ ဘာဖြစ်လို့တုန်း''

ဆိုင်ရှင်ကြီးက ထိုကဲ့သို့ ပြောသော်လည်း လာရောက်





သောက်သုံးသူ တစ်ယောက်ကမူ ဤရပ်ကွက်အတွင်းမှ မဟုတ်ဘဲ ဒီဆိုင်မှ ကာကာရည်ကို ကြိုက်သဖြင့် အဝေးမှ လာရောက် သောက်သုံးသူများထဲမှ တစ်ဦးဖြစ်ပုံရသဖြင့်...

''နေပါဦး ကိုမောင်မောင်တုတ်ရဲ့။ ကျွန်တော်တို့ မသိလို့ ပြောပြပါဦး။ အဲဒီလူကြီးက ဘယ်လို လူထူးလူဆန်းကြီးတုန်း''

''ဟာ...ဘယ်လိုလူကြီးမှန်း မသိပါဘူးဗျာ။ သူ့ကိုယ်သူ မှော်လုပ်ဆရာလိုလို မှော်ဆရာလိုလိုလည်း ဝတ်စားဆင်ယင်တတ်တယ်။ ပြီးတော့...''

''ဘာဖြစ်သတုန်းဗျ''

''ပြီးတော့ လူဂွစာကြီးဖြစ်ပုံရတယ်ဗျ။ ဘယ်သူနဲ့မှလည်း သိပ်ပြီး စကားအပြောအဆို မရှိဘူး။ ဘယ်အိမ်နဲ့မှလည်း အသွားအလာ သိပ်မရှိဘူး''

''အဲဒါနဲ့ပဲ ဆန်းရောလားဗျ''

''အာ...သူ ထူးဆန်းတာတွေကတော့ ပြောကုန်နိုင်ဖွယ်ရာ မရှိဘူးလေဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူ ဘာအလုပ်လုပ်ကိုင်သလဲ၊ ဘာအသက်မွေးဝမ်းကျောင်းနဲ့ ထမင်းစားပြီး ဒီလိုနေထိုင်နေနိုင်သလဲ ဆိုတာလည်း ဘယ်သူကမှ မသိဘူး။ နောက်ပြီး ရှိသေးတယ် ဗျ...။ ကျုပ် မြင်ဖူးတာတစ်ခုပေါ့လေ''

''အင်း...ပြောစမ်းပါဦးဗျ''

''တစ်ခါကဗျာ...။ လမ်းဘေးမှာ ဗေဒင်ဆရာတစ်ယောက် ဆေဒင်ဟောနေတာ...သူက ခါးထောက်ပြီးတော့ ရပ်ကြည့်တယ်။ အမ်းကြဲလို့ ထင်ပါတယ်။ အဲဒီမှာပဲ ဗေဒင်ဆရာက ဟောစွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



များနေတာတွေ့တော့ သူက ပေဒင်ဆရာကို ငေါက်ငန်းတယ်။ ပေဒင်ဆရာနဲ့ နည်းနည်းစကားများကြတယ် ဆိုပါတော့ဗျာ''

''အဲဒီတော့ ဘာဖြစ်သတုန်း။ ပေဒင်ဆရာက တကယ်ပဲ မှားသလား''

''အင်း…ဟုတ်တယ်ဗျ။ နောက်ဆုံးကျတော့ ပေဒင်ဆရာ က မှားနေတယ်။ ဒါပေမဲ့ အဲဒီလူကို သူကပဲ ဘေးကနေဝင်ပြီး ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုပြီး ဟောထည့်လိုက်တာ ကွက်တိတွေ ချည်းပဲလို့ ကြားရတယ်''

''ဟုတ်လား…။ ဒါဆိုရင်သူက ပညာရှင်ကြီးတစ်ဦးပေါ့''

''အင်း…ပညာရှင်တော့ ပညာရှင်ပဲဗျ။ ဒါပေမဲ့ အထက်လမ်းဆရာလိုလို အောက်လမ်းဆရာလိုလိုနဲ့ ဘယ်လိုလူထူးလူဆန်းကြီးမှန်း မသိပါဘူးဗျာ''

''ကဲကဲ…ဟုတ်ပါပြီ မောင်မောင်တုတ်ရယ်။ အဲဒီ လူထူးလူဆန်းကြီး ဘာဖြစ်တယ်ဆိုတာကို ပြောပါဦး''

ထိုစကားကို ထိုသို့ဝင်ရောက်ပြောကြားသူမှာ ဆိုင်ရှင်ကြီး ဖြစ်လေသည်။ မောင်မောင်တုတ်သည် ဆိုင်ရှင်၏စကားကြောင့် သူ၏မူလစကားလမ်းကြောင်းကို ပြန်လည်၍ သတိရသွားဟန်နှင့်…

''အဲ…အဲဒီလူကြီးရဲ့ အိမ်ထဲက ညှသည်တစ်ယောက် ထွက်သွားတာကို ကျုပ် ထူးထူးဆန်းဆန်းတွေ့လိုက်ရလို့ဗျ''

''ဩော်…အဲဒါ ဒီလောက်ကြီးထူးဆန်းသလားကွာ။ မင်းကလည်း…သူလည်းလူပဲ အပေါင်းအသင်းတော့ အများကြီး မရှိပေမဲ့ တစ်ယောက်တလေတော့ ရှိမှာပေါ့''





''မဟုတ်ဘူး…မဟုတ်ဘူးဗျ။ အဲဒီသဘောလောက်တော့ ကျွန်တော်လည်း နားလည်ပါတယ်။ အခုဖြစ်ပုံက တစ်မျိုးကြီးဗျ''

''ဟေ…ဘယ်လို တစ်မျိုးကြီးလည်း ပြောပါဦး''

''အင်း…အခုမြင်လိုက်ရတဲ့ညှသည်က နောက်ကျော ကြည့်ရတာတောင် တစ်မျိုးကြီးပဲဗျ''

''ဩော်…ဒါကတော့ကွာ။ ဦးတာတီးက သူကိုယ်တိုင် လူထူးလူဆန်းဆိုတော့ လူထူးလူဆန်းကိုပဲ ရွေးပေါင်းမှာပေါ့''

ကျွန်ုပ်တို့သည် ထိုကဲ့သို့ မှော်ဆရာလိုလို၊ မျက်လှည့်ဆရာလိုလို၊ အထက်လမ်းဆရာလိုလို၊ အောက်လမ်းဆရာလိုလို လူထူးလူဆန်းကြီး၏အမည်က ဦးတာတီးဟု သိလိုက်ရသောအခါ အကုန်လုံး နားရွက်တင်မက ဆံပင်မွှေးများပင်ထောင်ကာ မောင်မောင်တုတ်ကိုသာမက ဆိုင်ရှင်ကြီးကိုပါ မျက်လုံးအပြူးသားနှင့် ဝိုင်း၍ ကြည့်မိကြလေသည်။

ထုံးစံအတိုင်း ကိုရဲခေါင်တစ်ယောက်သာ ကာကာကို အရသာခံ၍သောက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ထပ်မံ၍ ငုံ့သောက်နေသည်ကို တွေ့ရလေသည်။

မောင်မောင်တုတ်က ဆိုင်ရှင်၏စကားကို ချက်ချင်းဆိုသလိုပင် ပြန်လည်၍ တုံ့ပြန်လေသည်။

''အာ…အဲဒီလိုတော့မပြောနဲ့ဦး။ သူ့ဆီ လူထူးလူဆန်းလာတာက အမ်း…ဘယ်လိုပြောရမလဲမသိဘူးဗျာ။ တစ်မျိုးကြီးဗျ''

''အင်း…ဘယ်လိုတစ်မျိုးကြီးလဲ''

''အဲဒီလူက မိုးကာအင်္ကျီရှည်ကြီးကို မိုးမရွာဘဲ ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ လက်မှာလည်း လက်အိတ်တွေနဲ့''

''အင်း...အဲဒါနဲ့ပဲ ဒီလောက်ထူးဆန်းသွားရောလား။ ဟို ပြောရလို့ရှိရင် မိလ္လာကျုံးတဲ့ကုလားရော မဖြစ်နိုင်ဘူးလား''

''ဟာဗျာ...။ ပုံစံဟိတ်နဲ့အဟန့်ကို ကြည့်ရင် အဲဒီလို အတန်းအစားထဲက မဟုတ်ဘူးဗျ။ အဲဒီလူထူးလူဆန်းကို ကြည့်ရ တာကလည်း ဦးတာတီးဆိုတဲ့ လူထူးလူဆန်းကြီးကို ကြည့်ရ သလိုပဲ။ တစ်ဖက်သား ထိတ်လန့်စရာကြီး။ အင်း...''

''အေးလေ...အဲဒီလူလာတယ်၊ ပြန်သွားတယ်ပေါ့။ မင်း ပြောချင်တာက ဒါလောက်ပဲလား။ ဒါဆိုရင်တော့ သိပ်အထူး အဆန်းကြီးတော့ မဟုတ်ပါဘူး။ ဒီလူကြီးမှာ ဒီလို လူထူးလူဆန်း အပေါင်းအသင်းလည်း ရှိတယ်ဆိုတာတို့ သိရရုံပဲ။ ဒါပါပဲ''

''အာ...မဟုတ်ဘူးဗျ။ ကျွန်တော်ပြောချင်တဲ့ ထူးဆန်း တယ်ဆိုတဲ့အချက်က သပ်သပ်တစ်ခုဗျ''

''အင်း...ဘာတုန်း''

''အဲဒီလူထူးလူဆန်းမှာ နှင်းဆီ...နှင်းဆီနံ့ကို စူးစူးဝါးဝါးရ သလိုပဲဗျ''

''ဟေ...နှင်းဆီနံ့ ရတယ်။ လူက နှင်းဆီနံ့ရတယ်''

''အင်း...ဟုတ်တယ်။ အဲဒီလိုခံစားရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ ကျွန်တော့်နဲ့ ခပ်ဝေးဝေးရောက်တဲ့ထိကို နှင်းဆီနံ့ ရနေတုန်းပဲ။ ကျွန်တော်ဆိုလိုတာကတော့ဗျာ...၊ သာမန် ရေမွှေး တွေထက် သာတဲ့ နှင်းဆီနံ့လို့ ဆိုလိုချင်တာပေါ့ဗျာ''

''အဲဒီလူကရော မင်းကို မြင်သွားလား''





''ဟင့်အင်း...မမြင်ပါဘူး။ သူက ကျွန်တော့်ကို ကျော်ပေး ပြီး ထွက်သွားတာ''

''ဩော်...''

ဆိုင်ထဲမှ သူတို့၏စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွား၏။ ထိုအချိန်မှာပင်လျှင် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက် နေသည့် ကိုရဲခေါင်က ကျွန်ုပ်တို့ထဲမှ စုံထောက်လက်သင်ကလေး ကိုမျိုးအောင်ကို...

''ကဲ...ကိုမျိုးအောင်ရေ''

''ဟာ...ပြောပါ ဆရာကိုရဲခေါင်''

''အဲဒီမောင်မောင်တုတ်ဆိုတဲ့လူကို ကျွန်တော်တို့ တာဝန် ရှိတဲ့နေရာဆီကို ခေါ်သွားလိုက်ပေတော့။ ကျွန်တော်တို့ကတော့ ဦးတာတီးဆီ လိုက်သွားလိုက်မယ်''

''ဟုတ်...ဟုတ်ကဲ့...ကိုရဲခေါင်''

ထိုသို့ပြောလိုက်ရသော်လည်း ကိုမျိုးအောင်သည် မောင် မောင်တုတ်ကို ခေါ်သွားရမည့်အစား ကျွန်ုပ်တို့ကိုသာ မသွားရန် တားပြီး သူက ရှေ့မှ ဦးတာတီးအိမ်သို့ ပြေးထွက်သွားချင်စိတ် ပေါက်နေပုံရလေသည်။

သို့သော်လည်း ကိုရဲခေါင်၏စကားကို မလွန်ဆန်နိုင်သဖြင့် သူသည် ခေါင်းကိုသာ အတွင်ညိတ်ပြီး တံတွေးကိုလည်း အခါခါ မျိုချနေလေတော့သည်။

ကျွန်ုပ်တို့ ကာကာဖိုးရှင်းပြီး စားပွဲဝိုင်းမှ ထကြသောအခါ တွင် ဦးတာတီး၏အိမ်သို့ အမြန်ဆုံးပြေးသွားရန် ပြင်ဆင်နေကြသူ



www.burmeseclassic.com

www.burmeseclassic.com



များမှာ လူစင်စစ်က ကြောင်နှုတ်ခမ်းမွေးတပ်ထားသော ကိုလက်ျာနှင့် လွန်စွာမှပင် သံသေးသံပြာနိုင်လှသော ဦးစန်းလွင်တို့ဖြစ်ကြောင်းကို အထူးအထွေပြောနေစရာ လိုတော့မည်မဟုတ်ပေ။

ကျွန်ုပ်နှင့်ဦးထင်ကြီးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မဲ့ပြုံးပြုံးမိသောအချိန်တွင် ကိုရဲခေါင်က ကျွန်ုပ်တို့၏အတွေးကို သဘောပေါက်ဟန်နှင့်…

"ဘာလဲ…။ ဦးတာတီးအိမ်ကို သူတို့မသိဘဲ သွားကြမယ်လို့ ခင်များတို့ ထင်နေလို့လား"

ထိုအခါ ကျွန်ုပ်က…

"ဟုတ်တယ်လေ ကိုရဲခေါင်ရဲ့။ ဦးတာတီးအိမ် ဘယ်မှာလဲတောင် မစုံစမ်းဘဲ သူတို့သွားကြဖို့ ပြင်နေတယ်မဟုတ်လား"

"ဩော်…ခုနက မောင်မောင်တုတ်ညွှန်ပြသွားတဲ့အထဲမှာလည်း မှန်းဆလို့ရတဲ့အချက်တွေ ပါသွားပြီလေ။ ဘယ်ထောင့်မှာရှိတယ်၊ ဘယ်လိုလူကြီးရဲ့ ဘယ်လိုအိမ်ဆိုတော့ သူတို့လိုစုံထောက်တွေအနေနဲ့ အခက်အခဲမရှိပါဘူးဗျာ…။ ရောက်သွားမှာပါ"

"ဒါတော့ ဒါပေါ့ဗျာ"

"ဦးထင်ကြီးရယ်…။ ခင်များကလည်း စိတ်လျှော့လိုက်စမ်းပါ။ သူတို့ ရှေ့ကရောက်သွားတော့လည်း မှန်တာပြောရင်ကျွန်တော်တို့အတွက် ကောင်းတာပေါ့"

"ဟာ…ဘယ်လိုလုပ် ကောင်းမှာတုန်းဗျ။ သဲလွန်စတွေ ထင်တာထက် ပိုပြီးပြန့်ကျဲသွားရင် ဘယ်လိုလုပ်မလဲ"





"ဩော်…ဦးထင်ကြီးက ဦးတာတီး ခုလောက်ဆို သေနေပြီဆိုတာ သိပုံရတယ်"

"ဩော်…ဒါတော့ဗျာ။ လူတိုင်းတွေးတတ်တာပဲ"

"တကယ်လို့ မသေခဲ့ရင်ကောဗျ"

"ဟာ…မသေရင်လည်း ဆေးရုံပို့ပေးရမှာပေါ့ဗျာ"

ကိုရဲခေါင်က မနိုးမခန့်ပြုံးပြီး…

"အလကားပါဗျာ။ ခင်များတို့ကို ကျီစယ်တာပါ။ ခင်များတို့ပြောတဲ့အတိုင်းပဲ ဖြစ်ဖို့များပါတယ်။ ခုချိန်ဆို ဦးတာတီးလည်း ဓါးတစ်ချက်နဲ့ အထိုးခံရပြီး အလောင်းကော၊ အလောင်းက စီးကျလာတဲ့ သွေးတွေရော၊ နှင်းဆီရန့်တွေ လောင်းသွားတာကို ခံရပြီးလောက်ပါပြီ"

"ကဲ…ကိုရဲခေါင် ဒါဖြင့် ကျွန်တော်တို့ လိုက်ကြစို့လေ"

ကျွန်ုပ်က ထိုကဲ့သို့ ဆော်ဩလိုက်သောအခါ ကိုရဲခေါင်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး…

"အင်း…ဟုတ်ပြီ။ သွားကြတာပေါ့ဗျာ"

ထို့နောက် ကျွန်ုပ်တို့သည် ကိုမျိုးအောင်ကို ထားရစ်ခဲ့ပြီး ဦးစန်းလွင်နှင့် ကိုလက်ျာတို့နောက်မှ မမီမီအောင် လိုက်သွားရလေတော့သည်။

ကိုရဲခေါင်ပြောသည့်အတိုင်းပင် ဦးတာတီး၏အိမ်သို့ ကျွန်ုပ်တို့ ဝင်ရောက်သွားသောအခါတွင် ဧည့်ခန်းထဲမှာ ဦးတာတီး၏အလောင်းက ပက်လက်ကြီးလန်နေပြီ လည်ပင်းမှာလည်း နက်ရှိုင်းသည့် ဓါးရာတစ်ချက်နှင့်အတူ သွေးစများစိုရွှဲနေသည်ကို တွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် အလောင်းနှင့်သွေးတို့မှ စူးရှသောနှင်းဆီရနံ့ကိုလည်း ပြင်းပြင်းပြပြပင် ရရှိလိုက်လေသည်။

ဦးစန်းလွင်နှင့်ကိုလက်ျာတို့သည် အလောင်းကို ပတ်ပတ်လည်မှ လှည့်ကြည့်နေပြီး လူသတ်သမားနှင့် သတ်ပုတ်ထားခြင်းရှိမရှိ အလောင်း၏ မျက်နှာပြင်အနေအထားမှာ အံ့ဩနေခြင်းရှိမရှိ အလောင်းတွင်တခြား ဒဏ်ရာဒဏ်ချက်ရှိမရှိ၊ အနီးအနားတွင် ပြန်လည်ခုခံရန် လက်နက်ရှိမရှိ စသည်တို့ကို ဝေဖန်သုံးသပ်ကာ အမျိုးမျိုးထင်ကြေးပေး ဆန်းစစ်လျက်ရှိလေသည်။

ကျွန်ုပ်တို့သည်လည်း သူတို့အနီးအပါးမှပင် ညှော်ခန်းအနေအထား၊ မြေအနေအထားစသည်တို့ကို လိုက်လံစစ်ဆေးကာ ပစ္စည်းတစ်စုံတစ်ရာ ပျောက်သွားခံရခြင်းရှိမရှိ စသည်တို့ကို လိုက်လံသုံးသပ်နေရလေသည်။ ကိုရဲခေါင်ကမူ ဦးတာတီး၏ စာကြည့်စားပွဲသို့သွားပြီး စာရွက်တချို့ကို လှန်လှောလျက် သူ လိုချင်သော အချက်ကို တွေ့လိုက်ရသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးလိုက်သည်ကို တွေ့လိုက်ကြရလေသည်။


ထိုအခါ ကျွန်ုပ်၊ ဦးထင်ကြီး၊ ဦးစန်းလွင်နှင့်ကိုလက်ျာတို့က ကိုရဲခေါင်ရှာဖွေတွေ့ရှိသော ရုပ်ပုံများကို ဝိုင်းဝန်းကြည့်ရှုလိုက်ရာ ကျွန်ုပ်တို့နားမလည်နိုင်လောက်အောင် ထူးဆန်းနေသည့် ရုပ်ပုံများကို တွေ့ရှိလိုက်ရလေသည်။

ထိုရုပ်ပုံများမှာ အောက်ပါအတိုင်းဖြစ်လေသည်။





Zodiac Worksheet







www.burmeseclassic.com


www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



TABLE OF DAY HOURS

| HOURS \ WEEK DAYS | MON | TUES | WED | THUR | FRI | SAT | SUN |
|---|---|---|---|---|---|---|---|
| 1 | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ | ♄ SATURN | ☉ SUN |
| 2 | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS |
| 3 | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY |
| 4 | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON |
| 5 | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN |
| 6 | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER |
| 7 | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS |
| 8 | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN |
| 9 | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS |
| 10 | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY |
| 11 | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN | ☉ SUN | ☽ MOON |
| 12 | ☉ SUN | ☽ MOON | ♂ MARS | ☿ MERCURY | ♃ JUPITER | ♀ VENUS | ♄ SATURN |





လွန်စွာမှပင် မနေတတ် မထိုင်တတ်ရှိလှသော ကျွန်ုပ်က...

"ကိုရဲခေါင်"

"ပြောပါ အိုင်ပီ"

"ဒီပုံတွေက ဘာပုံတွေလဲဗျ"

"သြော်...ဒါက ဂန္ဓာရီစခန်းကို လျှောက်လှမ်းတဲ့ အခြေခံအဆင့်က ပုံလေးတွေပေါ့ဗျာ"

"ဦးဝင်းလှိုင်ဆီမှာ တွေ့ရတဲ့ပုံတွေနဲ့ မတူပါလားဗျ"

"အင်း...ဦးဝင်းလှိုင်က ဂန္ဓာရီလမ်းကို အရှေ့တိုင်းနည်းနဲ့ လျှောက်ပုံရပါတယ်။ ပြောရရင်တော့ မြန်မာ့နည်းမြန်မာ့ဟန်ပေါ့ဗျ"

"ခု...ဒါဆိုရင် ဦးတာတီးကရော..."

"ဦးတာတီးကတော့ အနောက်တိုင်းနည်းနဲ့ သွားတာဖြစ်ပုံရတယ်။ ဒါကြောင့်ဒီပုံတွေကို တွေ့ရတာပဲ"

"သြော်...အင်းအင်း...။ အဲဒါတွေ တွေ့ရတာကို ခင်ဗျား ဘာလို့ ကျေနပ်နေတာလဲ"

"ကျွန်တော်တို့ အဖြေမှန်ရဖို့ နီးစပ်နေတဲ့ သဲလွန်စတွေပေါ့ဗျာ။ ခု ခင်ဗျားတို့ကို ကျွန်တော် တစ်ခုပြောလိုက်မယ်"

"အင်း...ပြောပါ ကိုရဲခေါင်"

"ကျွန်တော့်အထင် မမှားဘူးဆိုလို့ရှိရင် သေသူရဲ့ အိတ်ထဲမှာ စာရွက်တစ်ရွက် တွေ့ရလိမ့်မယ်"

ထိုအခါ ဦးထင်ကြီးက သေသူ၏ အင်္ကျီအိတ်ကပ်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်ယူလိုက်ပြီး ထိုတစ်စုံတစ်ရာမှာ စာရွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွက်ပင် ဖြစ်နေသည်ကို တွေ့ရလေသည်။

''အင်း…အဲဒီစာရွက်ဟာအတော်ကို ဟောင်းနွမ်းနေတဲ့ စာရွက် ဖြစ်ရလိမ့်မယ်''

ကျွန်ုပ်တို့သည် ထိုစာရွက်၏ ဟောင်းနွမ်းပုံကို ဦးထင်ကြီး ထုတ်ယူလိုက်ကတည်းက မြင်တွေ့လိုက်ရပြီးဖြစ်သောကြောင့် မထူးဆန်းသော်လည်း ကိုရဲခေါင်က ခုလည်း မကြည့်ဘဲ ကျောခိုင်းလျက်က ပြောခြင်းဖြစ်၍ ကျွန်ုပ်တို့အတွက် ထူးဆန်းနေလေတော့သည်။

ဦးထင်ကြီးက စာရွက်ပေါ်မှာ ရေးသားထားသောစာကို ဖတ်ကြည့်ပြီး ကိုရဲခေါင်အား ကျီစယ်လိုသောသဘောနှင့်…

''ဗျို့…ကိုရဲခေါင်''

''ပြောပါ ဦးထင်ကြီး''

''စာရွက်ပေါ်မှာ ဘာရေးထားတယ်ဆိုတာကော မှန်းမိသေးလားဗျ''

''အင်း…မှန်းမိတာပေါ့ဗျာ''

''ဒါဖြင့်ပြောပါဦး ဘာများတုန်း…''

''ဪ…ရေးထားတာက 'ကျုပ်သာသေခဲ့ရင် ကျုပ်ကိုသတ်တဲ့သူက ကြည်ညွှန့်ဖြစ်သည်'တဲ့။ ဟုတ်တယ် မဟုတ်လား''

ထိုအခါ ဦးထင်ကြီးသည် လက်ထဲမှစာရွက် လွှတ်ကျသွားမတတ် အံ့သြကာ…

''ဟာ…ကိုရဲခေါင် ခင်ဗျားဘယ်လိုလုပ် သိသတုန်း''

''အင်း…သိတဲ့နည်းတွေ ရှိတယ်ပေါ့ဗျာ''





''ပြောပြပါဦးဗျ''

''ဒီ…ပုံပန်းတွေနဲ့ ဒီထဲမှာအတူတကွ ရေးထားတဲ့စာတွေကို ကြည့်လိုက်ရှိရင် သေသူ ဦးတာတီးရဲ့ သဘောထားကို ကျွန်တော်နားလည်တယ်။ နောက်ပြီး ဦးတာတီးက တစ်နေ့မှာ သူသေမယ်၊ သတ်သူကလည်း ကြည်ညွှန့်ဖြစ်မယ်ဆိုတာကို အစောကြီးတည်းက မှန်းမိထားတယ်၊ တစ်လျှောက်လုံးမှာလည်း သူ့ကိုယ်သူ စိတ်မလုံဘဲ အထီးကျန်ဆန်ဆန်ဘဝနဲ့ နေခဲ့ရတယ်၊ ဒါကြောင့် သူဟာ အားလုံးကို အဆက်အသွယ်ဖြတ်ပြီး ဒီအိမ်ကြီးထဲမှာ တစ်ကိုယ်တော်ကိန်းအောင်းနေတာပေါ့''

''အင်း…အဲဒီတော့''

''အဲဒီတော့…သူသေခဲ့ရင် သူ့ကိုသတ်တဲ့လူဟာ ကြည်ညွှန့်ဖြစ်မယ်ဆိုတဲ့စာဟာ နှစ်ချီကြာအောင်ရေးထားခဲ့ပြီး နေ့တိုင်းအိတ်ထဲမှာ ထည့်ထားရတယ်။ သူ့ရဲ့ ငရဲတစ်မျိုးပေါ့ဗျာ''

''ဪ…ဪ…သူများကို မဟုတ်တာလုပ်ခဲ့ပြီး ကိုယ်ကလည်း ဝဋ်ဒုက္ခပြန်ခံစားနေရတာ သနားစရာကောင်းလိုက်တာဗျာ''

ဦးထင်ကြီးက ထိုကဲ့သို့ မှတ်ချက်ပေးမိချိန်တွင် ဦးစန်းလွင်နှင့် ကိုလက်ျာတို့သည် အလောင်းအား လိုအပ်သည်များ စီမံဆောင်ရွက်ပေးပြီးနောက် ပုလိပ်အချို့ကို မြင်းလှည်းဆရာအား သွားရောက်ခေါ်ယူနိုင်းကာ…

''ဗျို့…ဦးအောင်မင်း''

''ပြောပါ ဦးစန်းလွင်''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ရုံးကို ပြန်လိုက်ဦးမယ်ဗျာ။ စောစောက ကိုရဲခေါင် ခေါ်ထားခိုင်းလိုက်တဲ့ မောင်မောင်တုတ်ဆိုတဲ့လူက ဘာတွေ ပြောပြမယ်ဆိုတာ နားထောင်ချင်လှပြီ"

"အင်း...သိပ်တော့အထူးအဆန်းကြားရမှာ မဟုတ်ဘူး။ လက်ဖက်ရည်ဆိုင်မှာ ပြောခဲ့တာလောက်ပဲ ရှိမယ်"

ထိုစကားကို ကိုရဲခေါင်က ပြောကြားခြင်း မဟုတ်ဘဲ ကျွန်ုပ်က ဝင်ရောက်ပြောလိုက်ခြင်းဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ကာမူ အလွန်အင်မတန်တက်ကြွနေကြသော ဦးစန်းလွင်နှင့် ကိုလက်ျာတို့က ကျွန်ုပ်တို့ကို မစောင့်ဘဲ အင်းစိန်စီအိုင်ဒီရုံးသို့ အမြန်ပင် ချီတက်ကြလေတော့သည်။

ကျွန်ုပ်တို့က နောက်မှ ဖြည်းဖြည်းဆေးဆေးလိုက်သွားကြ ပြီး ရုံးသို့ရောက်သောအခါတွင် ကျွန်ုပ်ပြောထားသည့်အတိုင်းပင် မောင်မောင်တုတ်ထံမှ မည်သည့်အကြောင်းအချက်ကိုမှ ထပ်၍ ကြားရခြင်းမရှိဘဲ စိတ်ပျက်ဖွယ်အနေအထားကိုသာ တွေ့ရလေ သည်။ အဘယ်ကြောင့်ဆိုသော် မောင်မောင်တုတ်သည် သာမန် လူများနှင့်သာ စကားကို လေတစ်လုံးမိုးတစ်လုံး တွင်တွင်ကျယ် ကျယ် ပြောတတ်သော်လည်း ယခုကဲ့သို့ အမှုအခင်းဖြစ်သည်ဟု ကြားရပြီး ဦးတာတီး သေဆုံးမှုနှင့် သူက လူသတ်သမားကို မျက်မြင်တွေ့လိုက်ရသောအမှုတို့ ကြုံကြိုက်တိုက်ဆိုင်လာသော အခါ ခွေးအကြီး လှည်းနင်းသကဲ့သို့ ထစ်အထစ်အနှင့် ဘာကိုမှ မပြောနိုင်ဘဲ ရှိနေလေသည်။

သို့ရာတွင် ကျွန်ုပ်တို့အနေနှင့်မူကား လူသတ်သမားကို





နောက်ကျောကပင်ဖြစ်စေ၊ မြင်တွေ့လိုက်ရသည့် မောင်မောင်တုတ် ကို အရေးထား၍ ဆက်ဆံနေရပေတော့သည်။ ထိုအချိန်မှာပင် မင်းကြီးက ကျွန်ုပ်တို့ကို ဆူပူကြိမ်းမောင်းရန် မျက်နှာမာမာနှင့် အခန်းတွင်းတို့ ဝင်ရောက်လာပြီး...

"မြည်းလိုမိုက်တဲ့လူကလေးတွေ။ ရှေ့ပထမတစ်ယောက် သတ်တာကို မဖမ်းဆီးနိုင်သေးဘူး၊ ကလေးတစ်ယောက်ထပ်သေရ တယ်။ ခု...နောက်တစ်ယောက်ထပ်သေပြန်ပြီ၊ ဘာလုပ်နေကြတာ တုန်း။ ဘယ်လိုတရားခံကို မောင်မင်းတို့ လိုက်ဖမ်းနေကြတာတုန်း"

ဟု...သူ့ထုံးစံအတိုင်း ဆူပူကြိမ်းမောင်းလေတော့သည်။

ကျွန်ုပ်တို့က မည်သို့မည်ပုံပြန်ပြောကြရမည်ကို မသိသော် လည်း စီးကရက်မီးခိုးများကို မှုတ်ထုတ်ကာ တစ်စုံတစ်ရာအပေါ် အလေးအနက်ထား စဉ်းစားနေပုံရသော ကိုရဲခေါင်က...

"စိတ်မပူပါနဲ့ မင်းကြီး"

ထိုစကားကြောင့် မင်းကြီးသည် ကိုရဲခေါင်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး...

"လူကလေး မောင်ရဲခေါင် ဘာပြောချင်သလဲ"

"တရားခံကို မိတော့မှာပါ"

"အို...ဒါဆို လူကလေး တရားခံ ဘယ်သူဖြစ်နိုင်တယ် ဆိုတာ မှန်းမိနေပြီပေါ့"

"ဆိုနိုင်ပါတယ်။ တရားခံကို မှန်းမိတယ်ဆိုတာထက် တရားခံကို ဖမ်းမိမယ်လို့ ဆိုနိုင်ပါတယ်"

"ဘယ်တော့လဲ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"အလွန်ဆုံးကြာရင် သုံးရက်ပေါ့"

"အို...ဒီသုံးရက်အတွင်းမှာ လူသတ်သမားက နောက်လူကို ထပ်သတ်ရင်ကော..."

"ဟင့်အင်း...မသတ်တော့ပါဘူး။ သူ့ကိစ္စဝိစ္စတွေ ပြီးသွားပုံရပါတယ်"

"ကောင်းပြီ လူကလေး။ မောင်မင်းရဲ့စကားကို အရင်ကလည်း ကျုပ်ယုံခဲ့တယ်၊ အခုလည်း ကျုပ် ယုံလိုက်မယ်။ ဒါနဲ့တင်ကျွန်ုပ် ဒီညအဖို့ စိတ်ချမ်းသာလိုက်မယ်"

ထိုသို့ပြောကာ မင်းကြီးသည် အခန်းတွင်းမှ ပြန်လည်၍ထွက်ခွာသွားရာ ကျွန်ုပ်တို့အားလုံးက ကိုရဲခေါင်အား လိုက်မမီနိုင်သော မျက်လုံးများနှင့် ကြည့်ရှုလိုက်သောအခါ ကိုရဲခေါင်သည် စီးကရက်ကိုသာ တွင်တွင်ရှိုက်ဖွာနေပြီး ကျွန်ုပ်တို့ကိုလည်း မကြည့်ဘဲ မည်သည့်စကားကိုမျှလည်းမဆိုဘဲ သူ့ဘာသာသူ စဉ်းစားမြဲဆက်စဉ်းစားလျက် ရှိနေလေတော့သည်။

❋ ❋ ❋





## အခန်း [၉]

တစ်ခါတုန်းက ကုက္ကိုလ်ပင်အမည်ရှိသော ရွာကလေးတစ်ရွာတွင် ဝင်းလှိုင်၊ တာတီး၊ ကြည်ညွန့်...ဟူသော လူငယ်ကလေးသုံးယောက်ရှိခဲ့ပြီး စိတ်တူကိုယ်တူ ဝါသနာတူစွာနှင့်လက်တွဲကြီးပြင်းခဲ့ကြသည့်အပြင် 'ဂန္ဓာရီပညာရပ်'ကိုလည်း ရွာကလေးနှင့်မလိုက်စွာ သူတို့ လိုက်စားဖြစ်မြောက်ခဲ့ကြဖူးလေသည်။

တစ်နေ့...

ထိုတစ်နေ့တွင်...သူတို့သုံးဦးသည် ဂန္ဓာရီပညာရပ်အတွက် တောထဲဝင်ကာ သူတို့လိုအပ်သော အရာများကို ရှာဖွေစုဆောင်းနေစဉ်တွင် ထူးဆန်းသောလိုဏ်ဂူတစ်ခုနှင့် ညည်းညူသံသဲ့သဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားကြရ၍ ဝင်ရောက်ကြည့်ရှုကြရာ လွန်စွာမှပင် အိုမင်းရင့်ရော်နွမ်းလျက် ရောဂါဝေဒနာခံစားနေရဟန်တူသော ရသေ့ကြီးတစ်ပါးကို တွေ့ကြရလေသည်။

သေလုမျောပါး ဝေဒနာခံစားနေရသော ရသေ့ကြီးက သူတို့သုံးဦးကိုကြည့်ကာ စကားကို ကြိုးစားပြောလေသည်။

"ငါက ဆေးဝိဇ္ဇာလမ်းကို လိုက်တဲ့ ရသေ့တစ်ပါးပါ"

"ဟုတ်...အဲ...မှန်ပါ့"

ဘုန်းကြီးကိုသာ ဆက်ဆံဖူးပြီး ရသေ့နှင့် မည်သို့ဆက်ဆံရမည် မသိ၍ ကြည်ညွန့်တို့ သုံးဦးသား အကြပ်ရိုက်ကြရလေသည်။

"ဒါ...ငါစီရင်ထားတဲ့ နှင်းဆီဆေးအိုးပဲ"

"ဟုတ်..."

"ဒီဆေးအိုးကို ငါ မင်းလက်ထဲ အပ်ခဲ့ပါတယ်"

"ဗျာ..."

ပြောပြောဆိုဆို ရသေ့ကြီးသည် သူတို့သုံးဦးအနက်မှ ကြည်ညွန့်၏လက်ကို လှမ်းဆွဲကာ နှင်းဆီဆေးအိုးကို အပ်လေ၏။ ပြီး...ငြိမ်သက်သွား၍ ကြည့်လိုက်ရာ ရသေ့ကြီးသည် သေဆုံးနှင့်ပြီဆိုသည်ကို သူတို့ သိလိုက်ကြရလေတော့၏။

သုံးဦးသား ရသေ့ကြီးကို ထိုလိုဏ်ဂူနားမှာပင် တွင်းတူး သင်္ဂြိုဟ်ပေးခဲ့ကာ ထိုနေရာလေးမှသည် သူတို့မူလဦးတည်ရာဆီသို့ ခြေဦးပြန်လှည့်ခဲ့ကြလေသည်။

"ကြည်ညွန့်"

"ဘာလဲ...တာတီး"





"မင်းကို ရသေ့ကြီးပေးခဲ့တဲ့ဆေးအိုးပေါ်မှာ ပေရွက်တွေ ပါတယ် မဟုတ်လား"

"မဟုတ်ပါဘူး...။ မပါပါဘူး"

"ငါ မြင်လိုက်ပါတယ်ကွာ"

"ဟုတ်တယ်။ ငါလည်း သတိထားမိသလိုပဲ"

ဝင်းလှိုင်က ဝင်ပြော၏။

"မဟုတ်ပါဘူးကွာ။ ဆေးအိုးကို အုပ်ထားတဲ့ အင်ဖက်တွေပါ"

"ဒါနဲ့..."

"အေး...ပြော"

"မင်း...ဆေးက ဘာစွမ်းတာလဲကွ"

"မသိပါဘူးကွာ..."

"မင်း သိမှာပါ"

"ဘယ်လိုလုပ် သိမလဲကွ"

"မင်းက ဆေးအိုးရတဲ့သူပဲ"

"ဘာဆိုင်လို့လဲ။ မသိဘူး"

"ပေရွက်တွေထဲမှာ ပါမှာပေါ့"

"လာပြန်ပြီ ဒီပေရွက်။ မရှိပါဘူးဆို"

တာတီးနှင့်ကြည်ညွန့် အချီအချပြောနေရာသို့ ဝင်းလှိုင်က တွေးတွေးဆဆ ဝင်ပြော၏။

"တကယ်တော့ကွာ..."

"ဘာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ကြီးက ကြည်ညွှန့်ကို ပေးချင်တာ ဖြစ်ချင်မှ ဖြစ်မယ်"

"အေးကွ"

"အနားရှိတဲ့လက် လှမ်းဆွဲတာနေမှာ"

"အေး...ဖြစ်နိုင်တယ်"

"သူ ပေးချင်ပေး သုံးယောက်လုံးကို ပေးရမှာပေါ့"

"အေး..."

ကြည်ညွှန့်ကမူ...

"ဘာ့ဆိုင်လဲကွ။ မင်းလက်ထဲ အပ်ခဲ့ပါတယ်ဆိုပြီး သေချာပေးခဲ့တာပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ..."

တာတီးနှင့်ဝင်းလှိုင်ကမူ မလျှော့သေးချေ။

"ဘာဖြစ်လဲ"

"ငါတို့သုံးယောက် အတူတူလာတာ"

"ဟုတ်တယ်"

"ပြီးတော့ ငါတို့ဟာ ငယ်ငယ်တည်းက ဒီပညာကို တူတူလေ့လာခဲ့တာ"

"ဟုတ်တယ်"

"ဒီတော့..."

"ဒီတော့ ဘာဖြစ်လဲ တာတီး"

"ငါတို့ကို အညီအမျှ ခွဲဝေပေးသင့်တယ်"

ကြည်ညွှန့်ကမူ ဘာမှမပြောချေ။ သူ့နှင်းဆီဆေးအိုးလေးကို





ကိုင်ကာ ဝင်းလှိုင်နှင့်တာတီးကို ထားရစ်ခဲ့ကာ ထွက်ခဲ့လေတော့၏။

ရွာသို့ ပြန်ရောက်၍ နောက်ထပ်သုံးလေးရက်ခန့် ကြာသောအခါ...

"ကြည်ညွှန့်"

"ကြည်ညွှန့်ရေ..."

"ဘာလဲကွ။ ဩော်...ဝင်းလှိုင်နဲ့တာတီး"

"အေး...။ မင်းဆီကို ကိစ္စနဲ့လာတာ"

"ဘာ့ကိစ္စလဲ"

"ငါတို့ကို မင်း ဆေးအိုးခွဲပေးဖို့ လာတောင်းတာ"

"ဆေးအိုးမရှိတော့ဘူး"

"ဘာကွ"

"ဘာပြောတယ်..."

ဝင်းလှိုင်နှင့်တာတီးတို့သည် ဒေါသကြောင့် မျက်နှာများ နီမြန်းသွားကြကာ အော်ဟစ်လေတော့၏။

"ဆေးအိုးက ထူးဆန်းစွာ ပျောက်ဆုံးသွားတယ်"

"မဖြစ်နိုင်တာ"

"မယုံဘူး"

"မင်းတို့မယုံလည်း မတတ်နိုင်ဘူး။ ပျောက်သွားတာက တော့ အမှန်ပဲ"

"တော်ပါ ကြည်ညွှန့်ရာ...။ ဒီလောက်နဲ့ ဒီလူချင်း သဘာညာလို့ မရဘူးကွ"

"ဟုတ်တယ်...။ ဘယ်မှာလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးဆို..."

"မင်း...ပေးမလား မပေးဘူးလား"

"မပေးဘူးကွာ"

"မပေးရင်..."

"ကဲ"

"အား..."

ကြည်ညွန့်နေထိုင်ရာအိမ်သည် ရွာအပြင်ကျသဖြင့် ကြည်ညွန့်၏ အသံနက်ကြီးကို မည်သူမှ မကြားခဲ့ကြချေ။ ဝင်းလှိုင်နှင့် တာတီးတို့သည် လောဘဇော၊ ရမ္မက်ဇော၊ ဒေါသဇောများနှင့် ကြည်ညွန့်အား သတ်ဖြတ်ခဲ့ကြပြီး ရွာမှ ပျောက်သွားကြလေတော့၏။ နောက်ရက်ကျမှ ကြည်ညွန့်ထံလာကာ ယတြာလာတောင်းသော ဒေါ်ကျေးယုံက ကြည်ညွန့်၏အလောင်းကို မြင်တွေ့သွားကာ သူတို့ပင် ကြည်ညွန့်ကို ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ကြလေသည်။

ထိုအဖြစ်အပျက်များဖြစ်ပွားပြီးနောက် ခြောက်လခန့်ကြာသောအခါ ကုက္ကိုလ်ပင်ရွာနှင့် အတော်အတန် အလှမ်းဝေးသော ညောင်ပင်တန်းရွာကလေးတွင် ဦးလှမောင်၏ဇနီး ဒေါ်မဖြူသည် အသက်အရွယ်ရမှ ကလေးဖွားမြင်လေရာ ထိုကလေးသည် သားယောက်ျားလေးဖြစ်ပြီး ဘာရယ်မဟုတ် 'ကြည်ညွန့်'ဟု အမည်မှည့်လိုက်ကြလေသည်။

ထိုကြည်ညွန့်ကလေးသည် ထူးဆန်းစွာပင် ငယ်စဉ်မှစ၍ လောကီပညာရပ်များတွင် ကျွမ်းကျင်လေ၏။ ကလေးဖြစ်၍ လူကြီးများက အံ့ဩနေကြသော်လည်း ကြည်ညွန့်ကလေးကမူ အရွယ်ရ





လာသည်နှင့်အမျှ သူသည် ဦးကြည်ညွန့်ဝင်စားသော လူတစ်ယောက်ဖြစ်ကြောင်း သူ့ဘာသာ အိပ်မက်များ၊ အာရုံများအရ သိနေလေသည်။

ထို့ကြောင့်ပင် သူ အရင်ဘဝက နေထိုင်ခဲ့ရာ ကုက္ကိုလ်ပင်ရွာကလေးသို့ သွားရောက်ကြည့်ရှုခဲ့ပြီး၊ သူ့ကို ရက်စက်စွာ သတ်ဖြတ်သွားခဲ့သော ဝင်းလှိုင်နှင့်တာတီးကိုလည်း ရှာဖွေကာ သက်ရှိထင်ရှားရှိနေသေးသည်ကို သိရ၍ ကလဲ့စားချေရန် ဆုံးဖြတ်ထားလိုက်၏။

ထိုအတောအတွင်းတွင် ကြည်ညွန့်သည် သူ အရင်ဘဝက မြှုပ်ထားခဲ့သော နှင်းဆီဆေးအိုးရှိရာသို့ သွားရောက် တူးဖော်ကြည့်ရာ ဆေးအိုးကို တွေ့ရသော်လည်း ပေရွက်များကမူ အနှစ်နှစ်ဆယ်နီးပါးခန့် ကြာမြင့်ခဲ့ပြီဖြစ်၍ ပျက်စီးပျောက်ပျက် နေခဲ့လေပြီကို တွေ့ရ၏။

သူလည်း ထိုနှင်းဆီဆေးအိုးကိုယူကာ ပြန်လာခဲ့ရသော်လည်း ထိုနှင်းဆီဆေးအိုးသည် မည်သည့်အတွက် မည်သို့အသုံးဝင်မှန်း မသိနိုင်သဖြင့် ဘာလုပ်ရမှန်းလည်းမသိဖြစ်ကာ ထိုအတိုင်းပင် သိမ်းဆည်းထားလိုက်လေ၏။

ထို့နောက် ကြည်ညွန့်သည် နာရရန်းဟူသော ကုလားတစ်ဦးနှင့် တရုတ်အဘိုးအိုတစ်ဦး၏ အကူအညီများကို ရယူကာ ဦးဝင်းလှိုင်နှင့် တာတီးကို ရှာဖွေသတ်ဖြတ်ခဲ့လေသည်။ ထိုသို့ သတ်ဖြတ်ရာတွင် နှင်းဆီဆေးအိုးကို အလွန်အင်မတန်မှပင် လောဘဇောတက်ကာ ဘာမှန်းမသိဘဲ ရယူချင်သူတို့အား အနည်း



www.burmeseclassic.com

www.burmeseclassic.com



ယေ်စီ ခွဲဝေပေးသောသဘောဖြင့် သူတို့၏ အလောင်းများ သွေးစက်များပေါ်တွင် ထိုဘာလုပ်ရမှန်းမသိသော နှင်းဆီဆေးအိုးကို ခွဲဝေလောင်းချပေးခဲ့ခြင်းဖြစ်လေသည်။

ကုက္ကိုလ်ပင်ရွာလေး၏ ရွာပြင်ဇရပ်တွင် ကြည်ညွှန့် တစ်ယောက်တည်းထိုင်ကာ သူ့ဘဝနှစ်ခုကို ပြန်တွေးတောနေမိလေသည်။ သူသည် တကယ်တော့ ငယ်စဉ်မှစ၍ သူ့ဘာသာ အလိုအလျောက် တတ်မြောက်ခဲ့သော လောကီပညာများနှင့် လူများကို အကျိုးပြုခဲ့၏။ မည်သူ့ကိုမဆို ကူညီချင်သောစိတ်ထားနှင့် လူငယ်ကလေးဖြစ်ပြီး သူ့မိဘ ဦးလှမောင်နှင့် ဒေါ်မဖြူတို့၏ အေးချမ်းလှသောမိသားစုနှင့် ညောင်ပင်တန်းရွာကလေးကိုလည်း ချစ်မြတ်နိုးလှ၏။

သို့သော် သူသည် ညောင်ပင်တန်းရွာမှာနေလျက်က ကုက္ကိုလ်ပင်ရွာကို သတိရနေသည့်အဖြစ်၊ ယခုဘဝမှ လူများကို ကူညီနေရာမှ ယခင်ဘဝက ရန်သူများကို လက်စားချေချင်နေသည့်အဖြစ်၊ အေးအေးချမ်းချမ်းနေလိုလှပါလျက် ပူလောင်နေရသည့် အဖြစ်တို့ကို သူ မခံစားနိုင်ပါချေ။

သို့သော်...

ယခုတော့ အရာရာသည် ပြီးဆုံးသွားခဲ့ပါချေပြီ။

သူသည် ဇရပ်တွင်ထိုင်နေရာမှထကာ ဦးကြည်ညွှန့်၏ အုတ်ဂူရှိရာသို့ သွားရောက်ရာ ဦးကြည်ညွှန့်၏ အုတ်ဂူတွင် သန့်ရှင်းရေးလုပ်နေသော သုဘရာဇာတစ်ဦးကို တွေ့ရလေသည်။

"ကျေးဇူးပဲဗျာ..."





"ဘာကိုလဲ..."

"ဒီအုတ်ဂူကို သန့်ရှင်းရေးလုပ်ပေးတဲ့အတွက်"

"ဒါ ကျုပ်အလုပ်ပါ၊ ဒါနဲ့ နေပါဦး"

"ဟုတ်ကဲ့"

"မင်းက ကျေးဇူးတင်ရအောင် ဒီအုတ်ဂူ မှန်းစမ်း၊ ဘယ်သူ ဦးကြည်ညွှန့်တဲ့၊ အဲဒီလူက မင်းနဲ့ဘာတော်လို့လဲ၊ မင်းအဖေလား၊ အာ...ဟုတ်သေးပါဘူး၊ ဒီလူက လူပျိုဘဝနဲ့ သေတာပါ"

သုဘရာဇာကြီးက တကုတ်ကုတ်လှဲကျင်းနေရာမှ လူငယ်ကို လှည့်မကြည့်ဘဲ ဆိုနေလေရာ လူငယ်က...

"သူက ကျွန်တော့်အဖေ မဟုတ်ပါဘူး၊ ကျွန်တော်ပါ"

"ဟေ...ဘာပြောတယ်"

"ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့နာမည်တူလို့ ပြောတာပါ"

"ဒါဆို မင်းနာမည်ကလည်း ကြည်ညွှန့်ပဲလား"

"ဟုတ်ပါတယ်"

လူရွယ်က ဟုတ်ပါတယ်ဟုဆိုကာ ဆေးရောင်ပင် လုံးဝမရှိတော့သော ဒေါ်ကျေးယုံ၏ ကောင်းမှုကြောင့်သာ အုတ်ဂူဘဝရောက်ခဲ့ရသော သူ့အရင်ဘဝက ဂူလေးကို ရီဝေစွာ ငြိမ်ငြိမ်ကလေး ကြည့်နေမိသည်။

"မင်းက ကြည်ညွှန့်ဆိုတော့ တာတီးနှင့်ဝင်းလှိုင်တို့ရဲ့ သူငယ်ချင်းပေါ့၊ ဟုတ်လား..."

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကြည်ညွန့်ဆိုရင်တော့ မင်းကို ငါတို့ဖမ်းရလိမ့်မယ်"

"ဗျာ...ဘာလို့လဲ"

"ဦးတာတီး၊ ဦးဝင်းလှိုင်နဲ့ကလေးတစ်ယောက်ကို သတ်မှုနဲ့လေ"

ထိုအခါ လူငယ်က သုဘရာဇာကိုကြည့်ကာ မဲ့နီးမခန့်ပြုံးလေ၏။

"ခင်ဗျားက ဘာမှုလို့ ကျုပ်ကို ဖမ်းမှာလဲဗျ"

"ကျုပ်လား..."

သုဘရာဇာသည် သူ ဆောင်းထားသော ဦးထုပ်စုတ်ကြီးကိုဖြုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိရှိုက်ဖွာ၏။ ပြီးမှ...

"ကျုပ်က ဆားပုလင်းရဲခေါင်လေ"

"ဟင်..."

ကြည်ညွန့်သည် ရုတ်တရက်တော့ မင်သက်သွားသေးသော်လည်း ဖျတ်ခနဲပင် လွယ်ထားသော အိတ်ထဲမှ သေနတ်တစ်လက်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်ရာ...

"ဒိုင်း..."

ဂူကြို့ဂူကြားများတွင် ပုန်းအောင်းစောင့်ဆိုင်းနေကြသော အင်းစိန်စီအိုင်ဒီမှ စုံထောက်များအနက်မှ အလွန်အင်မတန်မှပင် လျင်မြန်လက်ဖြောင့်လှသော စုံထောက်ကလေး ကိုမျိုးအောင်က စိုးရိမ်တကြီးပစ်ချလိုက်ရာ ကြည်ညွန့်ကို ထိမှန်သွားလေသည်။

ကြည်ညွန့်လဲကျသွားရာသို့ ကိုရဲခေါင်၊ ကိုမျိုးအောင် အပါအဝင် ကျွန်ုပ်တို့အားလုံး ရောက်ရှိသွားကြရာ ကြည်ညွန့်က





သွေးတသွင်သွင်ယိုစီးနေသော ရင်အုံကို လက်ဖြင့်ဖိကာ...

"ခင်ဗျားတို့က ကျွန်တော့်ကို အထင်မှားတာကိုး"

"ဘယ်လို..."

"ဩော်...ကျွန်တော်က ကိုရဲခေါင်လို လူမျိုးကို သတ်ပါ့မလားဗျာ။ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ရှားပါးတဲ့ စုံထောက်မျိုးကို ကျွန်တော် မသတ်ပါဘူး။ ကျွန်တော့်ဘာသာ ကျွန်တော် သတ်သေမလို့ပါဗျာ"

"ဘာလို့လဲဗျာ...။ တရားဥပဒေအရ အဖမ်းခံလိုက်ရင် ပြီးတာပဲ"

"မဟုတ်ဘူးဗျ။ ကျွန်တော့်ဘဝကို ကျွန်တော်လည်း မကျေနပ်ဘူး။ ကျွန်တော့်စိတ်က လူတွေကို ကူညီချင်တယ်၊ လူမသတ်ချင်ဘူး။ ဒါပေမဲ့ အရင်ဘဝက ပါလာတဲ့ အကျိုးဆက်တွေက ကျွန်တော့်အပေါ်မှာ အရိပ်မဲတွေလိုပဲ လိုက်လံစိုးမိုးဖိစီးနေတယ်"

"မြန်မြန်ပြောပါ ကိုကြည်ညွန့်။ မောနေပြီ"

"ကျွန်တော် ပြောပါရစေ။ ကိုယ်ပိုင်ဘဝမရဘဲ ဝင်ကစွပ်လို ဘဝမျိုးနဲ့ရပ်တည်နေရတာထက်စာရင် ကိုယ်မကျူးလွန်ချင်ဘဲ ကျူးလွန်ခဲ့ရတဲ့ ပြစ်ဒဏ်တွေကို ခံရတာထက်စာရင် ကျွန်တော် ခရီးဆက်ထွက်သွားတာ မကောင်းဘူးလားဗျာ။ ကျွန်တော် တခြားဘဝတစ်ခုမှာ ကိုယ်ပိုင်ဘဝလေးနဲ့ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် နေထိုင်သွားချင်ပါတယ်"

ကျွန်ုပ်တို့ အင်းစိန်စီအိုင်ဒီမှ လူများအားလုံး ကြည်ညွန့်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော လူငယ်ကို သနားသွားရကာ ဘာစကားမှပင် မဆိုနိုင်အောင် ရှိနေမိကြလေသည်။

"တစ်ခုပဲ ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ..."

"ကျွန်တော့်ကို ပစ်လိုက်တဲ့လူ"

"ကျွန်တော်ပါ။ မျိုးအောင်ပါ"

"ကျေးဇူးတင်တယ် ကိုမျိုးအောင်"

"ဗျာ...ဘာလို့ ကျေးဇူးတင်ရတာလဲဗျာ"

"ကျေးဇူးတင်သင့်လို့ပါ"

"ကျွန်တော်တော့ ဘာမှနားမလည်နိုင်တော့ဘူး"

"ဒီလိုပါ...။ ကျွန်တော့်ဘာသာ သတ်သေခဲ့တာဆိုရင် ကျွန်တော် သံသရာမှာ အဖန်ငါးရာငါးကမ္ဘာခံနေရဦးမှာလေ။ အဲဒီအတွက် ကျွန်တော့်ကို သံသရာဝဋ်မပါစေခဲ့တဲ့ ကိုမျိုးအောင်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"ဖြစ်ရလေဗျာ..."

ကိုမျိုးအောင်သည် မချိတင်ကဲဖြစ်ကာ မျက်စိကို စုံမှိတ်အံကြိတ်ထားလိုက်မိပြီး၊ သူ မျက်စိပြန်ဖွင့်လိုက်သောအခါ ကြည်ညွန့်သည် ကိုရဲခေါင်၏လက်ပေါ်တွင် ငြိမ်သက်စွာ သေဆုံးသွားနှင့်ပြီကို သူ တွေ့လိုက်ရလေတော့၏။

❋ ❋ ❋





## အခန်း [၁၀]

ထူးဆန်းလှသည့် နှင်းဆီရနံ့မွှေးသော အလောင်းကောင်များအမှုကို ကျွန်ုပ်တို့၏မိတ်ဆွေကြီး ကိုရဲခေါင်က အောင်မြင်စွာ ဖော်ထုတ်ပေးနိုင်လိုက်သည့်အတွက်ကြောင့် သတင်းစာများ၏ ရေးသားဖော်ပြချက်များတွင် ကျွန်ုပ်တို့ အင်းစိန်နစ်စီအိုင်ဒီသည် ဂုဏ်ဘက်ခဲ့ရသည်ဟုဆိုက မှားအံ့မထင်။

ယုံကြည်မျှော်လင့်ထားဖွယ်ရာမရှိသော လူဝင်စားဖြစ်သူက ဘဝဟောင်းအတွက် ပြန်လည်ဂလဲ့စားချေမှုသည် ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီအတွက် ထူးခြားရုံသာမက ပြည်သူလူထုအတွက်ပါ ထူးခြားကာ အမှုပေါ်အောင် ဉာဏ်စွမ်းပြဖော်ထုတ်လိုက်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာ မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



အမှုတစ်ခုပြီးဆုံးသွားပြီဆိုလျှင် စိတ်ပေါ့ပါးစွာ ဘုံဘေ စားသောက်ဆိုင်တွင် သွားရောက်၍ အောင်ပွဲခံလေ့ရှိတတ်သော ကျွန်ုပ်၏ အလေ့အထအရ ကိုရဲခေါင်အပါအဝင် ဤအမှုအတွက် သူ့အခန်းကဏ္ဍနှင့်သူ ပါဝင်စွမ်းဆောင်ခဲ့သူများအားလုံးကို ကျွန်ုပ် ကပင် တည်ခင်းဧည့်ခံခဲ့လေသည်။

ဦးထင်ကြီး၊ ဦးစန်းလွင်၊ ကိုလက်ျာ၊ ကိုမျိုးအောင် ပုလိပ်အရာရှိ ဦးရဲတင့်တို့နှင့်အတူ စားကြသောက်ကြ နောက်ပြောင် ပျော်ရွှင်ကြရင်း အားလုံးပေါ့ပါးလန်းဆန်းနေသည့် အခိုက်တွင် ကျွန်ုပ်ကပင်စ၍ ကိုရဲခေါင်အား...

BURMESE CLASSIC .com

"ကိုရဲခေါင်"

"ပြောပါ...အိုင်ပီ"

"ဒီအမှုကိုတယ်ဇိုဖော်ထုတ်နိုင်တယ်ဆိုတာလေး တစ်ချက် ပြောပြပါလားဗျာ"

"ပြောစရာ လိုသေးလို့လားဗျာ"

"အို...လိုပါပြီကောဗျာ"

"ဒါဖြင့်လည်း ဆိုလေ။ အိုင်ပီက ဘာကို သိချင်တာလဲ"

"တရားခံဖမ်းဖို့ ဘယ်လိုစပြီး သဲလွန်စ ရလိုက်တာလဲ ဆိုတာကိုပေါ့"

"ဪ...ဒါက ဒီလိုပါ"

"ပြောပါဦးဗျာ..."

ကိုရဲခေါင်က ကျွန်ုပ်ကို မည်သို့မျှ မပြောသေးခင် ဘူးတဲ့မှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိနေသေးသဖြင့် ကျွန်ုပ်အပါအဝင်





အင်းစိန်စီအိုင်ဒီမှ စုံထောက်ကြီးများသည် သူ၏မျက်နှာကို ငေး ကြည့်ပြီး ပြောလာမည့်စကားကိုလည်း စောင့်လင့်နားထောင်နေရ လေသည်။

"ဒီလို...အိုင်ပီရဲ့။ ဒီအမှုက ထူးဆန်းနေပြီး သတ်သူက အလွန်တော်သူလို့ဆိုဦးတော့ သေသူတွေကလည်း နှယ်နှယ်ရရတွေ မဟုတ်ဘူး"

"ဒါပေါ့ဗျာ..."

"သူတို့တွေက သူတို့ကို ကြည်ညွှန့်သတ်တာပါလို့ ပြော သွားတယ်။ ရင်းရင်းနှီးနှီးသိကျွမ်းထားတဲ့ သဘောပါတယ်။ သေ သေချာချာယုံကြည်ထားတဲ့ သဘောပါတယ်"

"ဟုတ်တယ်လေ။ အဲဒါကိုတော့ ကျုပ်တို့လည်းသိတယ်"

"ဒီနေရာမှာ စဉ်းစားစရာရှိလာတယ်။ သတ်တဲ့သူက ကြည်ညွှန့်ပါလို့ သေသူတွေက အပ်ချမတ်ချပြောသွားပေမယ့် ကြည်ညွှန့်က သေသွားပြီ။ သေသူဟာ အတုမဟုတ်ဘူး။ ကြည် ညွှန့်မှ ကြည်ညွှန့်အစစ်ဖြစ်တယ်။ အဲ့ဒီကြည်ညွှန့်ဟာ ဘယ်လိုမှ ပြန်လည်ရှင်သန်လာစရာ အကြောင်းမရှိဘူး"

"ဟုတ်ပြီ..."

"ဒါ့အပြင် ကြည်ညွှန့် အဲ...ဦးကြည်ညွှန့်ပေါ့လေ။ သူ့မှာ က တစ်ကောင်ကြွက်၊ ဆွေမျိုးသားချင်းလည်း မရှိဘူး။ တမည့် ဘပန်းလည်း မရှိဘူး။ သူ့အတွက် ဂလဲ့စားချေပေးမယ့်သူလည်း မရှိဘူး။ ဒါဆိုရင် အခုကြည်ညွှန့်ဆိုသူက ဘယ်က ဘယ်လို ပေါ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ…စဉ်းစားစရာပေါ့"

"အစစ်မဟုတ်ဘူး…။ ဒါပေမယ့် အစစ်လည်းဖြစ်တယ်။ အဲဒါဆိုရင် ပုံမှန်မဟုတ်တဲ့ကိစ္စပဲ"

"ဒါပေါ့ဗျာ…ဒါပေါ့"

"အဲဒါကြောင့် သေသူ ဦးကြည်ညွှန့်ဝင်စားသူ ဖြစ်နိုင်တယ်လို့ ကျွန်တော် စဉ်းစားမိတယ်"

"ခင်ဗျား ကောက်ယူပြပုံကျတော့လည်း ဟုတ်သားဗျ"

ကျွန်ုပ်က ထိုသို့ပြောကြားလိုက်သောအခါ ကျွန်သူများက ဝါးခနဲဝိုင်းရယ်ကြသဖြင့် ကျွန်ုပ်လည်း ရှက်အမ်းအမ်းသွားပြီးမှ သူတို့နှင့်အတူ လိုက်လံရယ်မောမိလေသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်အနေနှင့် မေးစရာရှိသည့် စကားများကို ပြီးဆုံးအောင် ဆက်မေးရဦးမည်ဖြစ်၍ ရှေ့မျက်နှာ နောက်ထားကာ ကိုရဲခေါင်အား…

"အဲ့ဒါကတော့ ဟုတ်ပါပြီ"

"ဘယ်ဟာက မဟုတ်သေးဘူးလဲ။ ဆိုပါဦးဗျ"

"ဒီ လူဝင်စားကြည်ညွှန့်ကို ဖမ်းဖို့ ဘယ်ကဘယ်လို လမ်းစဖွင့်သလဲဆိုတာကိုပါ"

"ဩော်…ဒါကတော့ ရှင်းပါတယ်ဗျာ"

"ပြောပါဦး"

"ဦးဝင်းလှိုင်သေဆုံးတာဟာ ကျွန်တော်တို့ အင်းစိန်စီအိုင်ဒီအခန်းမှာဗျ။ သေဆုံးတဲ့အချိန်ကလည်း ကျွန်တော်တို့ကို နာရရန်း ခေါ်ဆောင်သွားလို့ အဘွားအိုကြီး ဒေါ်ညိုတင်ရဲ့အိမ်ကို ရောက်





နေချိန်…"

"အင်း…ဟုတ်တယ်လေဗျာ"

"စဉ်းစားစရာရှိတယ်ဗျာ။ ကျွန်တော်တို့ကို တမင်မျှားထုတ်သွားတာလားလို့"

"အင်း…ဟုတ်သားဗျ"

"နောက်တစ်ခါ ဦးတာတီးသေဆုံးတဲ့နေရာဟာ ကျွန်တော်တို့ ဦးတည်သွားနေတဲ့ ကာကာဆိုင်အနားမှာ။ ဒါပေမဲ့ လမ်းခရီးမှာ ကျွန်တော်တို့ကို အဟန့်အတားလုပ်တဲ့အနေနဲ့ တရုတ်အဘိုးကြီးက ကျွန်တော့်ကို ပညာလာစမ်းတယ်။ အဲ့ဒီအချိန်မှာ လူသတ်သမားက အခွင့်အရေး ရသွားတယ်"

"ဒါ…ဒါဖြင့်…"

"ဟုတ်တယ်…။ နာရရန်းနဲ့ တရုတ်အဘိုးကြီးဟာ လူသတ်သမားရဲ့ အပေါင်းအဖော်ပဲ"

"ခင်ဗျားက သူတို့ကို ဖမ်းလိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော်တို့လည်း မသိလိုက်ပါလား"

"သက်ဆိုင်ရာပုလိပ်ဌာနကို ဖမ်းခိုင်းလိုက်တာပါ"

"သူတို့က ထွက်မပြေးကြဘူးလားဗျ"

"ဟင့်အင်း…မပြေးကြဘူး။ ပြေးလိုက်ရင် ကျွန်တော်တို့ ရိပ်မိသွားမှာစိုးလို့။ လွယ်လွယ်ကူကူဖမ်းမိပါတယ်။ သူတို့ကလည်း ရယ်ရယ်မောမောနဲ့ပဲ လိုက်လာတာပဲ"

"မေးတာတွေရော ကောင်းကောင်းမွန်မွန် ဖြေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



လားဗျ။ သူတို့လူ အဖမ်းခံရအောင်...''

''နည်းနည်းတော့ ဉာဏ်စမ်းပြိုင်ပွဲလေး လုပ်ရတာပေါ့ဗျာ။ ဥပမာ တရုတ်အဘိုးကြီးနဲ့ဆိုရင် စစ်တုရင်ပြိုင်ထိုးရတာပေါ့။ နာရရုန်းနဲ့ဆိုရင် အသက်အောင့်ပြိုင်ရတာပေါ့''

''ခင်ဗျား နိုင်လိုက်တာပေါ့''

''အင်း...''

''ဟာ...အဲ့ဒီပြိုင်ပွဲတွေကို မကြည့်လိုက်ရတာ နာတာပဲဗျာ''

ကိုရဲခေါင်က မည်သည့်စကားကိုမှ ဆက်မပြောတော့ဘဲ စီးကရက်မီးခိုးများကို မှုတ်ထုတ်ပြီး...

''သေသူ ဦးဝင်းလှိုင်ဟာ အုန်းသီးခိုးကောက်တဲ့ ကလေးကို လှမ်းအော်တယ်လို့ ကျွန်တော် ကောက်ချက်ဆွဲပြီတော့ ခင်ဗျားတို့ အံ့သြကြတယ် မဟုတ်လား''

''ဟုတ်တယ်လေ...ဘာဖြစ်လို့လဲ''

''ကလေးကို လှမ်းအော်ချိန်နဲ့ ဓါးထိုးခံရချိန်ဟာ တစ်ထပ်တည်းကျသွားလို့ သူ့အော်သံဟာ ဘေးလူ သတိမထားမိစရာ ဖြစ်သွားတာပေါ့။ နို့မို့ဆိုရင်...''

''သြော်...ဟုတ်ပါရဲ့ဗျာ''

ထိုအခါကျမှ ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မိမိတို့၏အတွေး မရှုးရှမှုကို စိတ်ပျက်လက်ပျက် ဖြစ်သွားကြရ၏။ ကိုရဲခေါင်ကပင် ဆက်လက်၍...

''ပြောချင်တာက ဒီလိုပါ။ အခုအမှုကလည်း ဦးကြည်ညွှန့်





နဲ့ သူသေပြီးမှ မွေးဖွားလာရတဲ့ ကလေးတစ်ယောက်နဲ့ ထပ်ရက်သွားကျလို့ ဖြစ်လာရတဲ့ မှုခင်းဆိုတာကိုပါ''

သံဝေဂဆန်ဆန်ပြောလိုက်သော ကိုရဲခေါင်၏စကားကြောင့် ကျွန်ုပ်တို့အားလုံး အဝေးသို့ ငေးမောကာ သက်ပြင်းကိုယ်စီချလိုက်ကြလေသည်။

**လတ်ဝံသ**

✻✻✻



www.burmeseclassic.com